


www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

၈၄၅-၈၃

မျက်နှာဖုံး
နံ့သာကြိုင်အလှဆင်/ပန်းချီ - ရန်ကုန်
အောင်မြင်စာပေ ၂၀၀၄
၂၃၄ - တား ၁၂၅၅၈၀၁၃ ဝင်ငံ
(၁) မျက်နှာဖုံး

ထုတ်ဝေသူ ဦးအောင်မြင့်၊ မြင့်မိုးအေး အောင်မြင်စာပေ
ထုတ်ဝေခွင့်အမှတ် ပုံနှိပ်ဆိုင်ရာ အောင်မြင်ပုံနှိပ်တိုက်၊ ...
(ဝက်ဘ်ဆိုက်ဘာသာ)၊ ဆိုင်ရေ(၅၀၀)၊



# ဒဿယနုလက်ခြောင်း

➢ မိမိလုပ်ဆောင်သောကိစ္စများက
မိမိဘဝကို အဆုံးအဖြတ်ပေးကြသည်။
ထိုအဆုံးအဖြတ်ပေးသောကိစ္စများကိုလည်း
မိမိမှလွဲပြီး....
အခြားသူက တာဝန်ယူကြမည် မဟုတ်ပေ။

➢ လူတိုင်း အမှားနှင့် ကြုံတွေ့ကြဖူးသည်။
ဒါက အရေးမကြီးလှပေ။
အရေးကြီးသောအချက်မှာ
ထိုအမှားကို တစ်သက်လုံး
အမှန်တရားဟု ထင်နေမိခြင်းပင်ဖြစ်၏။

➢ လူတစ်ယောက် ဆင်းရဲဒုက္ခရောက်နေသည်ကို
ကြည့်ပြီး ဝမ်းသာမနေပါနှင့်...
လောလောဆယ် အခြေအနေတွင်
မိမိကိုယ်တိုင် ဆင်းရဲဒုက္ခနှင့်
မကြုံတွေ့ရသေးသည်ကိုသာ ဝမ်းသာရပါမည်။

www.burmeseclassic.com

www.burmeseclassic.com

# ဘဝသုခလက်ဆောင်

- ဘာမှအသုံးမပြုဘဲထားသော ဦးနှောက်သည်
နံရံတံခါး အတားအဆီး မရှိသော
အိမ်တစ်အိမ်ကဲ့သို့
မကောင်းမှုများ မကြာခဏ
ဝင်ထွက်သွားလာလေ့ရှိကြသည်။

- ကောင်းကင်သည် အရောင်ပြောင်းတတ်သည်
အချစ်သည် အရောင်အဆင်း မရှိပေ။
အကယ်၍ အချစ် အရောင်ပြောင်းလာလျှင်
ကောင်းကင်ထက် ပြောင်းလဲမှု ပိုများသည်။

- အချစ်သည်...
တစ်ဦးနှင့်တစ်ဦး စိုက်ကြည့်နေရုံနှင့်
ပြီးသောကိစ္စမျိုး မဟုတ်ပေ။
ဘဝခရီးလမ်းကို ရွေးချယ်သောအခါ
အတူကြည့်ပြီး ရွေးချယ်ရခြင်းမျိုးဖြစ်သည်။

# ဘဝသုခလက်ဆောင်

- အိမ်ထောင်ပြုခြင်းသည်
ဘဝအစိတ်အပိုင်းတစ်ခု မဟုတ်ပေ။
ဘဝတစ်ခုလုံးနှင့်
သက်ဆိုင်သောကိစ္စမျိုးဖြစ်သည်။

- လက်ထပ်စာချုပ်ပေါ်မှာ
လက်မှတ်ရေးထိုးခြင်းသည်
ပဓာနကျသော ပိုင်ဆိုင်မှု မဟုတ်ပေ။
နှလုံးသားပေါ်မှာ ရေးထိုးနိုင်မှသာ
ထာဝရပိုင်ဆိုင်မှုမျိုးဖြစ်သည်။

- အောင်မြင်မှုဆိုတာ
အခြားလူတွေ ပိုင်ဆိုင်ထားမှုရော
သူတို့လက်ထဲမှ လွတ်ထွက်လာတာရော
အမျိုးမျိုး ရှိကြသည်။
အောင်မြင်မှုကို လိုလားသူအတွက်တော့
အများကြီး ရှိပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အာယနုလက်ဆောင်

- လေတိုးသံများထဲမှာ
  လှပသော သံစဉ်အချို့ပါလာတတ်သည်။
  နားထောင်နေကြသူချင်း
  အချို့က သတိပြုမိသည်
  အချို့ကတော့ ဥပေက္ခာပြုထားကြသည်။

- ကိုယ်တိုင်လမ်းဖောက်ရင် ပင်ပန်းပါတယ်...
  ဒါပေမယ့် အသီးအပွင့် ခံစားရပါတယ်။
  အခြားသူ ဖောက်ပြီးသားလမ်းကို လျှောက်လျှင်
  သက်သာပါတယ်...
  ဒါပေမယ့် ဘာမှမရနိုင်ပါဘူး။

- သတ္တိဆိုတာ ရည်မှန်းချက်ပန်းတိုင်ကို
  သွားတဲ့အခါမှာသော်လည်းကောင်း၊
  အချစ်ကို ပိုင်ဆိုင်ခွင့်ရအောင်
  ကြိုးစားတဲ့နေရာမျိုးမှာ သော်လည်းကောင်း
  သူ့အလိုလို ပေါ်ပေါက်တိုးပွားလာတာမျိုး
  ဖြစ်ပါတယ်။

BURMESE CLASSIC

# ကျွဲဝတ္ထုကြီး ပါဝင်သောအခန်းများ


အခန်း(၁) ထူးဆန်းသောနေရာနှင့် တားမြစ်ချက်များ
အခန်း(၂) မမျှော်လင့်ဘဲ တွေ့ရသည့်မိတ်ဆွေ
အခန်း(၃) အချစ်အတွက် အသက်စွန့်ဝံ့သောသူ
အခန်း(၄) ရေတံခွန်ပေါ်မှ အားမာန်များ
အခန်း(၅) ရင်ထဲမှ အာယာတဆူးတစ်ချောင်း
အခန်း(၆) အမှောင်ရိပ်ထဲမှ ကြောက်စရာပုံရိပ်များ
အခန်း(၇) အသက်ဘေးအန္တရာယ်မှ ကယ်တင်ပေးခဲ့သူ
အခန်း(၈) နေမြင်ညပျောက် ဂူပေါက်မိစ္ဆာ
အခန်း(၉) တောနက်ဘွင်းမှ လျှို့ဝှက်သော ကယ်တင်ရှင်
အခန်း(၁၀) ဒေါ်မင်းဇာနှင့် လျှို့ဝှက်သောအကြံအစည်
အခန်း(၁၁) အလင်းရောင်ကြောက်သည့် မိစ္ဆာများ
အခန်း(၁၂) မိစ္ဆာဂူပေါက်အနီးမှ အသက်လုပွဲ
အခန်း(၁၃) နေမြင်ညပျောက်ဂူမှ ထူးဆန်းသောလူ
အခန်း(၁၄) အချစ်ဖြင့် တွေ့ရသောချစ်သူ
အခန်း(၁၅) လောဘသားတို့၏နောက်ဆုံးလမ်းများ
အခန်း(၁၆) နံ့သာမြိုင်အလွမ်း


www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၁)

# ထူးဆန်းသောနေရာနှင့် တားမြစ်ချက်များ

တိဗက်ပြည်နယ် နယ်နိမိတ်အတွင်းမှာ ရှိသော 'အခုံခွန်ဇာလောင်း' မြစ်ဝှမ်းဒေသများမှာ နေထိုင်ခဲ့ကြသူများသည် ရှေးနှစ်ပေါင်းများစွာကတည်းက မြန်မာနိုင်ငံ မြောက်ဖျားဒေသများသို့ ဝင်ရောက်လာကြပြီး တောတောင်များအတွင်းမှာ အခြေချနေထိုင်ခဲ့ကြသည်။

ရှေးအခါက မြန်မာနိုင်ငံမြောက်ဖျား ဒေသများသို့ ပြည်မဘက်မှ မြန်မာတိုင်းရင်းသားများ အရောက်အပေါက်မရှိ



www.burmeseclassic.com

www.burmeseclassic.com

သလောက် နည်းကြလေသည်။

ထိုတောင်တန်းများပေါ်မှာ ချင်းနှင့် နာဂများသာ နေကြပြီး အခြားလူမျိုးများလည်း အနည်းငယ် နေထိုင်ကြသည်။

ရှေးအခါက တိဗက်ပြည် အခုံခွန်ဇာလောင်း မြစ်ဝှမ်းဘလွှာတ်တွင် နေထိုင်ခဲ့ကြသော အမျိုးအနွယ်များမှာ နမ်ဂါး အပြင် ရေနမ်(Ranam)နှင့် ဟိုင်ထ(Hai Hta) အမျိုးအနွယ်များ ဖြစ်ကြလေသည်။

၎င်းတို့၏ရှေးဆွေစဉ်မျိုးဆက် (၃)ဆက်ခန့်က ၎င်းတို့သည် နမ်နီလခါးတောင်ကြားလမ်းမှ တဇွန်ဒန်းရွာသို့ လာရောက်နေထိုင်ခဲ့ကြသည်။

နောက် ပိုနမ်ဂါးမျိုးနွယ်များမှ 'ထလု' တိုင်းရင်းသားများဖြစ်လာကြသည်။

'ရေနမ်'မှာ 'အနမ်ပိုင်' ခေါ် 'ဒရူး'ဖြစ်သွား၍ ဟိုင်ထမှာ တိဗက်တိုင်းရင်းသားများအဖြစ်နှင့်ပင် ဆက်လက်နေထိုင်ကြလေသည်။

၎င်းတို့မှာ အမျိုးအမည် အခေါ်အဝေါ်ကွာသော်လည်း သွေးရင်းသားချင်းများပင် ဖြစ်ကြလေသည်။

အားလုံး ဆွေမျိုးတော်စပ်ကြသူများချည်း ဖြစ်ကြသည်။ နောက်ပိုင်း နမ်ဂါးတို့က မလိခူးဘက်သို့ ပြောင်းရွှေ့နေထိုင်ကြပြီး ရေနမ်များက ဂပိုင်ရွာနှင့် ရေနမ်ရွာများသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။

နောက်ပိုင်းမှာတော့ တိဗက်အမျိုးအနွယ်မှ ကွဲလာသော ထလုမျိုးနွယ်များမှာ နေရာအနှံ့အပြားသို့ ပြန့်နှံ့နေထိုင်ခဲ့ကြလေသည်။

ထို့ပြင် ပင်မ ထလုမျိုးနွယ်များမှ ကွဲသွားသော အမျိုးအနွယ်များလည်း များစွာပေါ်ပေါက်လာကြသည်။

ရဝမ်တိုင်းရင်းသားများ မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများသို့ စတင်ဝင်ရောက်လာစဉ်က ထလုများမှာ ထလော့င်ဂေါင်ခေါ် အထက်နမ်တပိုင် မြစ်ဖျားဘက်သို့ ပြောင်းရွှေ့ကာ အဦးဆုံး ဝင်ရောက်နေထိုင်ခဲ့ကြသည်။

ထိုအချိန်က ထလုများတွင် မုဒုရှင်၊ စမွန်ကင်ဒိုင်၊ မာပါရှန်၊ စဝါနမ်ဂါး၊ ပစု၊ ခင်ဘလောင် အမျိုးအနွယ်စုများ ရှိကြသည်။

ရှေးအခါကတော့ ထလုမျိုးနွယ်စုများမှာလည်း ရှေးကနာဂများ ဝတ်ဆင်သည့်အတိုင်း တစ်ကိုယ်လုံးမှာ အရှက်လုံရုံလောက်သာဝတ်ပြီး အပေါ်ပိုင်းဗလာဖြင့်သာ နေထိုင်ကြလေသည်။ နောက်ပိုင်းမှာတော့ အဝတ်အစားများရရှိကြပြီး အရှက်လုံရုံသာမကဘဲ အနွေးဓာတ်ရအောင် ဝတ်ဆင်လာကြသည်။

ထလုများ နေထိုင်သောနေရာများမှာ အများအားဖြင့် ပြောင်းဖူးကို စိုက်ပျိုးစားသောက်ကြသော်လည်း ပြောင်းဖူးကတစ်နှစ်ပတ်လုံး မစားလောက်ပေ။ သို့ကြောင့် ပိန်းဥနှင့် အံထွက်ခေါ် ဥများကို စိုက်ပျိုးကာ စားသောက်ကြသည်။

ပြောင်းအပြင် ထလုဘာသာဖြင့် ခေါ်သော ရှာဟု ခေါ်သော လူး၊ ပန့်ဒါဟု ခေါ်သော ဆတ်၊ ဂွီ ခေါ် ပိန်းဥ၊ ဖဝါဟု




www.burmeseclassic.com

www.burmeseclassic.com



ခေါ်သော ဘဲဥစေ့သေး ဆယ်ပါဟု ခေါ်သော စားငယ်တစ်မျိုးနှင့် အခွန် ခေါ် ဂျုံနှင့်ကြက်သွန်မြိတ်များ စိုက်ပျိုးစားသောက်ကြသည်။

၎င်းတို့ နေ့စဉ်နှစ်သက်စွာစားသော အစားအသောက်များမှာ ပြောင်းဖူးစေ့များကို ထောင်းချက်၍သော်လည်းကောင်း၊ ပြောင်းဖူးပေါက်ပေါက် ဖောက်၍သော်လည်းကောင်း စားသောက်ကြသည်။

ထို့ပြင် ဂျုံမှုန့်များကို ကြိတ်၍ လက်ဖက်ရည်ကြမ်းထဲ ထည့်သောက်ကြသည်။

အသားများရလျှင် အသီးအရွက်များဖြင့် ရောနှောကာ ချက်ပြုတ်စားသောက်ကြသည်။

၎င်းတို့အနေဖြင့် ဝမ်းစာရစေရန် စိုက်ခင်းများ ပြီးပါက တောင်ပေါ်တက်ပြီး မချစ်ဥ၊ ခန်းတောက်မြစ် ရှာခြင်း၊ ကတိုး၊ သားမင်း၊ တောင်ဆိတ် စသော တန်ဖိုးရှိသည့် သတ္တဝါများ လိုက်လံရှာဖွေခြင်းအပြင် အသားအတွက်လည်း တောရိုင်းတိရစ္ဆာန်များကို ဖမ်းဆီးသတ်ဖြတ်ကြသည်။

နောက်ပိုင်းမှာတော့ တောတောင်များအတွင်း သွားလိုသော ဧည့်သည်များ ရောက်လာပါက လမ်းပြလိုက်ပေးခြင်း၊ ဧည့်သည်များ၏အထုပ်များကို ထမ်းပို့ပေးခြင်းဖြင့် အစားအသောက်၊ အဝတ်အထည်နှင့် ငွေများ ရလာကြသည်။

ထို့ထက်ပို၍ အခြားမည်သည့်နေရာမှ ဝင်ငွေမရကြပေ။





ထလုတို့မှာ တိဗက်အမျိုးအနွယ်များဖြစ်ကြသဖြင့် ၎င်းတို့နေထိုင်ရန် ဆောက်လုပ်သောအိမ်များမှာလည်း သစ်လုံး၊ ပျဉ်ချပ်များ အသုံးပြုပြီးဆောက်ထားသော အိမ်များသာ ဖြစ်သည်။

ရှေးအခါကတော့ ထလုများမှာ ယောကျ်ားတစ်ယောက်လျှင် မိန်းမလေးငါးယောက်ကို တစ်ပြိုင်နက် ယူကြလေသည်။ မြန်မာနိုင်ငံကို အင်္ဂလိပ်များ သိမ်းပိုက်အုပ်ချုပ်ခဲ့ကြပြီး တောင်ပေါ်ဒေသများကို ခရစ်ယာန်ဘာသာများ ပြန့်နှံ့ရောက်ရှိသွားသောအခါမှသာ ထိုကဲ့သို့ယူခြင်းမျိုး မလုပ်ကြတော့ခြင်းဖြစ်သည်။

အင်္ဂလိပ်တို့သည် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော မြန်မာနိုင်ငံကို သိမ်းပိုက်ခဲ့ပြီးနောက်တွင် ၎င်းတို့၏ ခရစ်ယာန်ဘာသာ ပြန့်နှံ့စေရန် အသိပညာနည်းသော တောင်တန်းဒေသများမှာ နေထိုင်ကြသော တိုင်းရင်းသားများကို အဓိက ပစ်မှတ်ထားခဲ့ကြလေသည်။

သို့ကြောင့်လည်း ပြည်မနှင့်ဝေးသော တောင်တန်းဒေသမှာနေထိုင်ကြသော တိုင်းရင်းသားအများအပြား ခရစ်ယာန်ဘာသာဝင်များ ဖြစ်သွားကြခြင်းဖြစ်ပေသည်။

၎င်းတို့၏စည်းရုံးရေးကောင်းမှု၊ အပင်ပန်းခံနိုင်မှုများကြောင့် နောက်ပိုင်းတွင် ထလုများအားလုံးလိုလို သာသနာပြုဆရာ မော့(စ်)ဂိုဏ်းဝင်များ ဖြစ်သွားခဲ့ကြလေသည်။

သို့သော်လည်း ၎င်းတို့မိရိုးဖလာ ယုံကြည်ခဲ့ကြသော



www.burmeseclassic.com

www.burmeseclassic.com



နတ်ကိုးကွယ်မှုများကတော့ ပပျောက်သွားခြင်း မရှိကြပေ။ ၎င်းတို့ ယုံကြည်ကိုးကွယ်သော အရေးအကြီးဆုံးဟု သတ်မှတ်ထားသည့် နတ်ကြီးများမှာ . . .

မလီဖလန်ဟု ခေါ်သော တောနတ်၊

လခါးဖလန်ဟု ခေါ်သော တောင်နတ်၊

မစန်ဖလန်ဟု ခေါ်သော နတ်ဘုရင်၊

အရှီဖလန်ဟု ခေါ်သော လူသေလျှင် မြင်သောနတ် အစရှိသည်တို့ ဖြစ်ကြလေသည်။

ထိုနတ်များကို မိမိတို့အိမ်၌သော်လည်းကောင်း၊ တောတွင်းမှာသော်လည်းကောင်း ဝါးစင်ကလေးများဆောက်ကာ ကိုးကွယ်ကြလေသည်။

မလီဖလန်ဟု ခေါ်သော တောနတ်ကို ပူဇော်ကြရာတွင် ထမင်းနှင့်အရက်ကိုသာ ပေးရသည်။

အခြားနတ်များကိုမူ ကြက်၊ ဝက်များ သတ်ကာ ပူဇော်ပသကြလေသည်။

ထလုများ၊ တိဗက်များ၊ ရဝမ်းများ အဓိက နေထိုင်ကြသောဒေသများမှာ အဒွန်းမြစ်ဝှမ်းနှင့် စိန်ခူးဝှမ်း မြစ်ဝှမ်းဒေသတို့ပင်ဖြစ်သည်၊

ထိုနေရာဒေသများမှာ ရှေးအခါက လူသူအရောက်အပေါက်နည်းပြီး အစဉ်သဖြင့် နှင်းများ မြူများ ဖုံးနေသောနေရာများပင်ဖြစ်သည်။

နှင်းများကျနေသော ရေခဲတောင်များပေါ်မှာ သွားလာ





ကြရလေသည်။

ထိုနေရာတစ်ဝိုက်မှာနေကြသော ရွာကလေးများမှာ ရေခဲပြင်များပေါ်မှာ ဆောက်ထားသောအိမ်များနှင့် မြူနှင်းများကြားမှာ စိုက်ပျိုးထားသော စိုက်ခင်းများ ရှိကြလေသည်။

ထိုနေရာတစ်ဝိုက်တွင် စိန်ခူးဝမ်မြစ်သည် အကြီးဆုံးနှင့် ရေစီးအကြမ်းဆုံးဖြစ်သည်။

တစ်ဖက်ကမ်းနှင့် တစ်ဖက်ကမ်း ကူးရန် ဝါးတံတားနှင့် ကြိမ်ဖြင့် ပြုလုပ်ထားသော ကြိုးတံတားများကို အသုံးပြုပြီး သွားသာကြရသည်။

မြစ်ထဲမှာတော့ ပေတစ်သောင်းကျော် အမြင့်ရှိသော တောင်မြင့်ကြီးများပေါ်မှ ဆင်းလာသော တောင်ကျရေများက အရှိန်ပြင်းစွာဖြင့် စီးဆင်းနေလေသည်။

မိုးရွာသောရက်များဆိုပါက ပိုပြီးကြောက်စရာကောင်းလှပေသည်။

စိန်ခူးဝမ် မြစ်ကမ်းနှင့် မနီးမဝေးတွင် ရွာငယ်ကလေးများ အများအပြား ရှိကြသည်။

အချို့ အတော်အသင့်ကြီးပြီး အချို့မှာ အိမ်ခြေအနည်းငယ်သာ စုဝေးနေထိုင်ကြခြင်းဖြစ်သည်။

ထိုရွာများမှာ ထလု၊ တိဗက်၊ ထရုံ၊ ရဝမ်တို့ စုဝေးနေထိုင်ကြသည်။

အခြားတိုင်းရင်းသားများလည်း လာရောက်နေထိုင်ကြသော်လည်း အနည်းငယ်သာ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုရွာများထဲတွင် 'မန်စေရွာ'လည်း တစ်ရွာအပါအဝင်ဖြစ်သည်။ မန်စေရွာမှာ စိတ်ခူးဝမ်မြစ်ကမ်းပါးတွင် ရှိပြီး ဂူးဘားရွာနှင့် မြစ်တစ်ဖက်ကမ်းစီ ရှိလေသည်။ စိန်ခူးဝမ်မြစ်သည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းနေခြင်းဖြစ်ပြီး ဂူးဘားက အနောက်ဘက်၌ရှိကာ မန်စေရွာက အရှေ့ဘက်တွင် ရှိလေသည်။

မန်စေရွာမှာ ကြီးမားသော ရွာကြီးတစ်ရွာ မဟုတ်ဘဲ အိမ်ခြေလေးဆယ်ကျော် ငါးဆယ်ခန့်သာ ရှိလေသည်။ ထိုရွာမှာ ရှေးဟောင်းရွာတစ်ရွာဖြစ်ပြီး ပြုလုပ်၍မရသော ကန့်သတ်ချက်အချို့လည်း ရှိကြပေသည်။

ထိုရွာရှိသော နယ်နိမိတ်အတွင်းမှာ တွင်းနက်နက်မတူးရခြင်း၊ မီးပုံကြီးများ အချိန်ကြာမြင့်စွာ မထားရခြင်း၊ အချို့နေရာများတွင် မြေကြီးကိုပင် သံချွန် စသောအချွန်များဖြင့် မထိုးရခြင်းများဖြစ်သည်။ ထိုရွာမှာ နေကြသူများမှာ သတ်မှတ်ထားသော စကားပုံတစ်ခုပင် ရှိသည်။

"မြေတွင်းကိုဖောက်လျှင် အမှောင်တွင်းသို့ ကျရောက်မည်၊ ဘေးအန္တရာယ်များ လာရောက်လိမ့်မည်" ဟူသော အရပ်စကားပင်ဖြစ်၏။

အရပ်စကားပင် ဖြစ်စေကာမူ နှစ်ကာလ ကြာမြင့်လာသောအခါ လိုက်နာရမည့် စည်းကမ်းတစ်ခုသဖွယ် ဖြစ်လာပြီး ထိုရွာမှာ နေသူများအားလုံးက လိုက်နာကြရလေသည်။

ထိုရွာမှာနေလျှင် မြေကျင်းနက်နက် မတူးရခြင်း၊ မြေ





ပေါ်မှာ မီးပုံကြီးများ အကြာကြီး အဆက်မပြတ် မထားရခြင်း၊ မြေကြီးကို သံချွန်များဖြင့် လျှောက်မထိုးရခြင်း စသော အချက်များကို လူတိုင်းက လိုက်နာကြရသည်။

သက်ဆိုင်ရာနတ်များကို မပျက်မကွက် တင်မြှောက်သကြရသလို ထိုကဲ့သို့သော အရပ်ဓလေ့ စည်းကမ်းများကိုလည်း လိုက်နာကြရလေသည်။ မလိုက်နာ၍လည်း မဖြစ်ပေ။

ထိုစည်းကမ်းကို မလိုက်နာသဖြင့် အန္တရာယ်များနှင့်တွေ့ရခြင်း၊ ထိတ်လန့်ဖွယ်ရာ အဖြစ်များနှင့် တွေ့ရသည့်အပြင် အချို့မှာ ရွာမှပင် နှင်ထုတ်ခံရသည်အထိ ရှိခဲ့ဖူးပေသည်။

ရွာသားတစ်ယောက်မှာ ပြောင်းစိုက်ခင်းသို့ ရေသွယ်ယူရန်အတွက် ၎င်းခြံစည်းအတွင်းမှာ ရေတွင်းတူးလေသည်။ သို့သော် ရေမထွက်ဘဲ ရေတွင်းထဲမှ သွေးများထွက်လာပြီး ခြံဝန်းတစ်ခုလုံး တုန်လှုပ်လာသောကြောင့် ထွက်ပြေးရလေသည်။

ထိုအကြောင်းကို ရွာသူရွာသားများ သိသွားသောအခါ ထိုမိသားစုကို ရွာမှနှင်ထုတ်လိုက်ကြသည်။ ပြီးလျှင် ရေမထွက်ဘဲ သွေးထွက်သောတွင်းကို ပြန်ပိတ်လိုက်ပြီး စားသောက်ဖွယ်ရာများနှင့် တင်မြှောက်ပသ တောင်းပန်တော့မှ ပြန်ငြိမ်ကျသွားသည်။

အခြားတစ်ယောက်မှာလည်း စိုက်ခင်းပြုလုပ်ရန် မြေပြင်ကို သံချွန်များဖြင့် ထိုးဆွမိရာ မြေအောက်မှ သွေးများ စိမ့်ထွက်လာသဖြင့် စိုက်ခင်းမလုပ်ဝံ့တော့ဘဲ ထိုနေရာမှ ထွက်ပြေးရလေသည်။


www.burmeseclassic.com

www.burmeseclassic.com



တစ်ခါက နှစ်သစ်ကူးပွဲ ပြုလုပ်ရန် မီးပုံကြီး ဖိုထားပြီး သားကောင်များကို ကင်ထားကြသည်။ ညဥ့်နက်ပိုင်း ရောက်သောအခါ လျှင်လျှပ်သကဲ့သို့ မြေကြီးများ သိမ့်သိမ့်တုန်လာပြီးနောက် အိမ်များပါ ပြိုကျကုန်သည်။

ထို့ပြင် ပြင်းထန်သော တုန်လှုပ်မှုကြောင့် ကျောက်တောင်နံရံမှ ကျောက်တုံးကျောက်ခဲများ ပြိုကျလာသဖြင့် လူအချို့ သေဆုံးခဲ့ရလေသည်။

နောက်မှ သတိရပြီး မီးပုံကြီးကို ရေဖြင့် ငြိမ်းသတ်ကြရလေသည်။

သို့တိုင်အောင် တုန်လှုပ်မှုများမှာ ချက်ချင်းရပ်တန့်မသွားဘဲ ဆက်ဖြစ်နေသေးသည်။

"ရွာစောင့်နတ်ကြီး စိတ်ဆိုးနေတာ မပြေသေးဘူးဟေ့၊ သူ ကျေနပ်အောင် တောင်းပန်ကြ"

ဟု ရွာလူကြီးက ပြောသဖြင့် ဝိုင်းဝန်းတောင်းပန်ကြရာ နောက်တစ်နေ့ မိုးလင်းတော့မှပင် တုန်လှုပ်မှုများ ရပ်သွားလေတော့သည်။

သူတို့ကတော့ ရွာစောင့်နတ်မကြိုက်သော အလုပ်မျိုးလုပ်မိသဖြင့် ထိုကဲ့သို့ ဖြစ်ရသည်ဟု ထင်ကြသဖြင့် နောက်ပိုင်းမှာတော့ မလုပ်ဝံ့ကြတော့ပေ။

ထိုကဲ့သို့ သတ်မှတ်ထားသောအချက်မှာလည်း ထိုရွာမှာနေကြသူတိုင်း လိုက်နာရသော စည်းကမ်းချက်များ ဖြစ်လာခဲ့လေတော့သည်။





အမှန်တော့ ရောမမှာနေလျှင် ရောမလိုပင် ကျင့်ကြံနေထိုင်ရမည်ဆိုသောစကားအတိုင်း ထိုနေရာမှာ သတ်မှတ်ထားသော စည်းကမ်းအတိုင်း လိုက်နာကြရပြီး ထိုသတ်မှတ်ချက်များကို ဖောက်ဖျက်၍မရပေ။

အချို့နေရာများမှာ ထိုကဲ့သို့ တားမြစ်ထားသော စည်းကမ်းချက်များ ရှိကြပေသည်။

ရှေးအခါက ပျဉ်ဒရယ်သစ်တောများ ကောင်းစားစဉ်အချိန်က မိန်းမလှကျွန်းပေါ်မှာ မပြုလုပ်ရန် တားမြစ်ထားသော အချက်များ ရှိသည်။

လင်စုံမယားဖက် အတူမအိပ်ရ၊ ဝက်သားမစားရ၊ ကုလားစကား မပြောရ၊ စောင်းမတီးရ၊ ဓါတ်ပုံမရိုက်ရနှင့် ညစ်ညမ်းသောစကားများ မပြောရ ဟူသောအချက်များ အဓိကပါဝင်လေသည်။ ထိုအချက်များထဲမှ တစ်ခုခု ဖောက်၍ ကျူးလွန်မိပါက တောပေါ်တက်လျှင် ကျားဆွဲခံရပြီး ရေထဲဆင်းပါက မိကျောင်းဆွဲခံကြရသည်။

မြန်မာနိုင်ငံ၏အထိကရ နေရာများ၌ ပါဝင်သော ပုပ္ပားတောင်ဝန်းကျင်တစ်ဝိုက်မှာလည်း ထိုကဲ့သို့ မပြုလုပ်ရသော အချက်များ ရှိလေသည်။

ပန်းဘဲအလုပ် မလုပ်ကြခြင်း၊ လုပ်လျှင်လည်း မထွန်းကားခြင်း၊ ပန်းတိမ်အလုပ် မလုပ်ကြခြင်း၊ လုပ်လျှင်လည်း မထွန်းကားခြင်း၊ မြေအိုးမြေခွက် ပြုလုပ်၍မရခြင်း၊ ဆိုင်း၊ ဇာတ်၊ ရုပ်သေး၊ ပွဲသဘင် တည်ထောင်၍မဖြစ်ခြင်း၊ ကျီးများ လာရောက်



www.burmeseclassic.com

www.burmeseclassic.com



မအိပ်ခြင်း စသော ကန့်သတ်ထားမှုများ ရှိပေသည်။

ရခိုင်ပြည်နယ်ဘက်မှာလည်း ထိုကဲ့သို့ ထူးခြားသော နေရာမျိုးရှိသည်။ ထင်ရှားသောနေရာမှာ ရခိုင်ပြည်နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ စမ်းပတိချောင်း ဒေသတွင်ရှိသည့် 'ဘဲငါးရာတောင်' ပင်ဖြစ်၏။

ဘဲငါးရာတောင်မှာ အထိကရ တောင်တစ်တောင်ပင်ဖြစ်သည်။ ဘဲငါးရာတောင်ထိပ်ပေါ်တွင် သက်ရှင်ဘုရင်၏ နန်းတော်ရာဟုဆိုသော နေရာတစ်ခု ရှိသည်။

ထိုနေရာမှ သစ်ပင်မြက်ပင် မပေါက်ဘဲ သံမံတလင်းကဲ့သို့ ပြောင်ချောနေလေသည်။ တစ်ဧကခန့် အကျယ်အဝန်း ရှိသည်။

ထိုမြေမျက်နှာပြင်ပေါ်မှာ ဘဲခြေရာများ ထင်ကျန်နေသည်ကိုလည်း တွေ့နိုင်ပေသည်။ သို့ကြောင့် ဘဲငါးရာတောင်ဟု အမည်တွင်ခြင်းလည်း ဖြစ်ပေလိမ့်မည်။

ဘဲငါးရာတောင်၏အရှေ့ဘက်မှ နေထွက်လာလျှင် အနောက်ဘက်ရှိ တောင်ရိပ်ထိုးသော မြို့ရာရွာ၊ သရက်ချောင်းရွာ၊ ဖောင်ဆိပ်ရွာ. .

အနောက်ဘက်သို့ နေဝင်ချိန်ရောက်သောအခါ အရှေ့ဘက်ရှိ တောင်ရိပ်ထိုးသော တောင်နားရွာ၊ ကျေးတောရွာ၊ မှိုဟင်းတောရွာတို့မှာ ဘဲမမွေးရ၊ ဘဲသား၊ ဘဲဥ မစားကြရပေ။

ထို့ကြောင့် ထိုနယ်တစ်ဝိုက်မှာ ရှိကြသူမှာ ဘဲမမြင်ဖူး၊ ဘဲသား၊ ဘဲဥကို မမြင်ဖူးသူများပင် ရှိနေကြလေသည်။ အကယ်





၍ ဘဲသား၊ ဘဲဥ စားပါက အန္တရာယ်နှင့် တွေ့ရသော အဖြစ်အပျက်များလည်း ရှိကြပေလိမ့်မည်။

နေရာအတော်များများမှာတော့ သတ်မှတ်ချက်နှင့် တားမြစ်ချက်များ ရှိကြလေသည်။ ထိုတားမြစ်ချက်များကို ထိုဒေသမှာ နေကြသူများက လိုက်နာကြရပေသည်။

အကယ်၍ မလိုက်နာပါက ဘေးအန္တရာယ်များနှင့် ကြုံတွေ့ရသော အဖြစ်အပျက်များလည်း ရှိကြလေသည်။

ယခု မန်စေရွာမှာလည်း ၎င်းတို့ရွာနှင့် ပတ်သက်သည့် စည်းကမ်းချက်များ ထုတ်ထားခြင်းဖြစ်ပေမည်။

မြေတွင်းကို ဖောက်လျှင် အမှောင်တွင်းသို့ ကျရောက်မည်၊ ဘေးအန္တရာယ်ဆိုးများ ရောက်လာလိမ့်မည်ဟူသော တားမြစ်ချက်များမှာ အကြောင်းမဲ့တော့ မဟုတ်ပေ။ သို့ကြောင့် တွင်းနက်တူးသူများ၊ ရွာမြေပေါ်မှာ မီးပုံအကြာကြီး ပြုလုပ်ထားသူများနှင့် သံစူးချွန်များဖြင့် မြေပြင်ကို ထိုးဆွသူများမှာ ဘေးအန္တရာယ်များနှင့် ကြုံတွေ့ကြရခြင်းမှာလည်း တိုက်ဆိုင်မှုများတော့ မဟုတ်ပေ။





www.burmeseclassic.com



www.burmeseclassic.com





# အခန်း (၂)

## မမျှော်လင့်ခဲ့ တွေ့ရသည့် မိတ်ဆွေ

အချို့ကလည်း ထိုအကြောင်းများကို မယုံကြည်ကြပေ။ အယူသီးမှုများပင် ဖြစ်သည်ဟု ထင်ကြလေသည်။ ထိုကဲ့သို့သော ဘားမြစ်ချက်များမှာ အခြားနေရာများ၌ ပြုလုပ်ပါက မထူးခြား ဘဲ မန်စေရွာမှာ ပြုလုပ်သောအခါမှသာ ထူးထူးခြားခြား ဖြစ်လာ ခြင်းကြောင့် အံ့သြစရာတော့ ကောင်းသည်။

မန်စေရွာမှာ စိန်ခူးဝမ်မြစ် အရှေ့ဘက်ကမ်းတွင် တည် ပြီး အနောက်ဘက်ကမ်း၌ ဂူးဘားရွာ ရှိလေသည်။ ဂူးဘားနှင့်

www.burmeseclassic.com



မန်စေရွာတို့မှာ မြစ်တစ်စင်းသာခြားပြီး ရှိသော်လည်း မန်စေရွာမှာသာ ထိုကဲ့သို့သော ကန့်သတ်ချက်မျိုးရှိပြီး ဂူးဘားရွာမှာတော့ မရှိပေ။ ဒါကတော့ နေရာဒေသလိုက်ပြီး အယူအဆ အမျိုးမျိုး ရှိနေကြခြင်းလည်း ဖြစ်ပေမည်။

အချို့နေရာများမှာ ဘဲသား၊ ဘဲဥ စားရသော်လည်း အချို့နေရာများမှာ မစားရပေ။ အချို့နေရာများမှာ ဝက်သား အမဲသား စားရသော်လည်း အချို့နေရာမှာ မရပေ။

တစ်ခါက ဝက်သား၊ အမဲသား ယူပြီး မလာရသော နေရာတစ်ခုသို့ သွားကြရာ ကားထဲမှာ ဝက်သားတင်းအိုး ပါလာသည်ကို သတိမပြုမိဘဲ ဆက်မောင်းသွားကြရာ . . ကား မှောက်ပြီး အသက်သေဆုံးကြရသော အဖြစ်အပျက်မျိုးကို တွေ့ဖူးပေသည်။

အချို့မှာ ဝက်သား၊ အမဲသား မစားရသောနေရာမှာ အမဲသားဟင်း ချက်မိသဖြင့် ဟင်းမကျက်သေးခင်မှာပင် သရဲ သဘက်များ ရောက်လာပြီး ဝိုင်းဝန်းလုစားသဖြင့် ထွက်ပြေး ကြရသည်မျိုးလည်း ရှိသည်။

မန်စေရွာမှာ အိမ်ခြေမများလှဘဲ တောတောင်များ အနီးတွင် ရှိသောကြောင့် နယ်မြေကြမ်းတာလည်း ဖြစ်နိုင်ပေ သည်။

ရွာနှင့် မနီးမဝေးမှာ စိန်ဒူးဝမ်မြစ်ရှိပြီး ရွာပတ်လည်တွင် တောအုပ်များနှင့် မြင့်မားသော တောင်ကြီးများက ဝန်းရံထား လေသည်။





ထိုတောင်နံရံများ၌ ဂူပေါက်များစွာတို့ ရှိကြလေသည်။ ထိုဂူပေါက်များမှာ မကောင်းဆိုးဝါးမိစ္ဆာများ ရှိသည်ဟု ထင် သောကြောင့် အကြောင်းမရှိဘဲနှင့် ထိုနေရာသို့ မသွားကြပေ။

အချို့လည်း ဂူပေါက်များအတွင်း ဝင်ရောက်သွားပြီးမှ ပြန်မထွက်လာနိုင်သည်မျိုးလည်း ရှိဖူးသည်။ ဆန်းကြယ်သော အဖြစ်မှာ ထိုဂူပေါက်ဝများကို နေ့ဘက် အလင်းရောင်ရှိသော အချိန်များ၌ မြင်ရသော်လည်း ညအချိန် အမှောင်ရိပ်များ လွှမ်း လာသောအချိန်တွင် ထိုဂူပေါက်ဝများကို မြင်ရသည့်အခါ မြင်ရ ပြီး၊ မမြင်ရသည့်အခါမှာ လုံးလုံးပိတ်နေတတ်လေသည်။

ဘယ်လိုကြောင့် ဂူပေါက်ဝများ ပိတ်နေခြင်းဖြစ်သည် ကိုလည်း ဘယ်သူကမှ အနားသို့ သွားမကြည့်ဝံ့ကြပေ။

ထိုကြောင့်အချို့က ထိုဂူပေါက်များကို နေ့မြင်ညပျောက် မိစ္ဆာဂူပေါက်ဟု ခေါ်ကြလေသည်။

မန်စေရွာမှာ ထိုကဲ့သို့ ဆန်းကြယ်မှုများနှင့် အံ့သြဖွယ် ရာကောင်းသော အဖြစ်အပျက်များ ရှိနေသော်လည်း ထိုရွာမှာ နေကြသူများကတော့ မိမိတို့ဝမ်းစာရေးအတွက်ကိုသာ အေး အေးချမ်းချမ်း လုပ်ကိုင်စားသောက်ကာ နေထိုင်ကြလေသည်။

နီမောင်မှာ မန်စေရွာသားတစ်ယောက်ဖြစ်သည်။

အသက်(၂၅)နှစ်ခန့်အရွယ်ရှိသော မြန်မာလူမျိုးတစ် ယောက်ဖြစ်ကာ မန်စေရွာသို့ ရောက်နေကြသည်မှာ အတော် ကြာခဲ့ပေပြီ။

၎င်းသည် ကြံခိုင်သန်စွမ်းပြီး တောကျွမ်းသူတစ်ဦးလည်း



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။

မန်စေရွာအစွန်ပိုင်းတွင် ပြောင်းနှင့် အခြားသီးနှံများ စိုက်သော စိုက်ခင်းတစ်ခုရှိပြီး ယက်နွားနှင့် ဆိတ်များကိုလည်း မွေးထားသေးသည်။

ရွာမှာနေသူများထဲမှာတော့ အတော်ကလေး ချောင်လည်သည်ဟု ဆိုရပေမည်။

နီမောင်က ထိုအလုပ်များအပြင် အချိန်အားသည်နှင့် တောင်ပေါ်တက်ပြီး ခန်းတောက်မြစ်၊ မချစ်ဉ၊ မရှော့ပင်နှင့် သစ်ခွပန်းများ ရှာဖွေစုဆောင်းထားပြီး ဝယ်သူများလာလျှင် ရောင်းချလေ့ရှိသည်။

ထို့ပြင် တောင်ပေါ်တက်သည့်အခါ လေးနှင့် အဆိပ်မြားတို့ကို ယူဆောင်သွားပြီး သာမင်း ခေါ် တာကင်နှင့် ကတိုးကောင်များ တွေ့ပါက ပစ်ခတ်ဖမ်းဆီးယူလေ့ရှိသည်။

ထိုသတ္တဝါနှစ်မျိုးစလုံး ဆေးဖက်ဝင်လှပြီး တန်ဖိုးရှိလှသော သတ္တဝါများပင် ဖြစ်ကြလေသည်။

ဂူးဘားမှတဆင့် လာရောက်ကြသော ပစ္စည်းဝယ်သူများက တာကင်နှင့် ကတိုးရလျှင် တွေ့မရှောင် ဈေးမဆစ်ကြဘဲ ပြောသည့်ဈေးနှင့် ဝယ်ယူသွားလေ့ရှိကြသည်။

နီမောင်အတွက် ထိုကဲ့သို့ ငွေများများရသောအခါတွင် ယက်နွားနှင့် ဆိတ်များဝယ်ယူကာ မွေးမြူထားနိုင်ခြင်းဖြစ်သည်။

သူသည် ပလောင်ဝမ်၊ အဒွန်းဝမ် စသော ဧရာဝတီမြစ်ဖျားခံရာ မြောက်ဘက်စွန်းဒေသများကိုပင် တစ်ခါတစ်ရံ အ





ရောက်သွားတတ်ပေသည်။

ထိုဒေသများမှာ ခရီးလမ်း မကျွမ်းပါက မရောက်နိုင်ကြသဖြင့် တော်ရုံနှင့်တော့ အရဲစွန့်ပြီး မသွားဝံ့ကြသောနေရာဖြစ်သောကြောင့် လိုချင်သော သားကောင်နှင့် ရှားပါးသော သစ်ခွပန်းမျိုးများလည်း ရနိုင်ပေသည်။

တစ်ခါတစ်ရံလည်း မြောက်ဖျားဒေသများဘက်သို့ သစ်ခွပန်းရှာဖွေရန် အဖွဲ့များ ရောက်လာလေ့ရှိကြသည်။ ၎င်းတို့သည် ရာသီဥတု သာယာသောအချိန်မျိုးတွင် လာရောက်လေ့ရှိကြပြီး လမ်းပြလိုသောအခါ နီမောင်က လမ်းပြအတွက် အခကြေးငွေယူကာ လိုက်ပေးလေ့ရှိသည်။

ထိုမှရသောငွေများကြောင့်ပင် နီမောင်တို့မိသားစုများမှာ ပြည်မနှင့် ဝေးလံသီခေါင်လှသောနေရာမျိုးတွင် မပူမပန်မကြောင့်ကျဘဲနှင့် နေနိုင်ကြခြင်းဖြစ်သည်။

တစ်ခါတစ်ရံလည်း ရှေးက ရှိခဲ့ဖူးသော မြို့ဟောင်းတစ်ခုကို လာရောက်ရှာဖွေကြသည်။

ရှေးနှစ်ပေါင်းများစွာက ထိုနေရာ ထိုဒေသများတွင် ခန္တီးရှမ်းလူမျိုးများ၊ စော်ဘွားများ ထီးနန်းများစိုက်သော နေရာများရှိခဲ့ပြီး ၎င်းတို့ သိုဝှက်ထားခဲ့သော ရွှေငွေရတနာပစ္စည်းများကို လာရောက်ရှာဖွေကြသည်လည်း ရှိကြသည်။

နီမောင်တို့လို ထိုနေရာမှာနေကြသော ရွာခံများကတော့ မည်သည့်နေရာတွင် မြို့ဟောင်းများရှိပြီး မည်သည့်နေရာမှာ ရတနာပစ္စည်းရှိသည်ကို မသိကြပေ။



www.burmeseclassic.com

www.burmeseclassic.com



စိတ်လည်း မဝင်စားကြပေ။

၎င်းတို့အတွက် တစ်နှစ်ပတ်လုံး စားသောက်ဖွယ်ရာများရနေလျှင် အခြားရွှေငွေရတနာများ မလိုသော ဘဝများလည်း ဖြစ်ကြလေသည်။

နီမောင်သည် ရွာမှာ အလုပ်အားသောအချိန်တွင် စိန့်ခူးမြစ် အနောက်ဘက်မှာရှိသော ဂူးဘားရွာသို့ သွားလေ့ရှိသည်။ ဂူးဘားရွာမှာ သူနှစ်သက်နေသော မိန်းကလေးတစ်ယောက်ရှိသည်။

ဟေမာဆိုသော မိန်းမာလေးဖြစ်သည်။

ဟေမာသည် တိဗက်သွေးနှောသူတစ်ဦးဖြစ်ပြီး ချောမောလှပသူတစ်ဦးဖြစ်သည်။

သူမ၏ဖခင် ဆာတေးမှာ ဂူးဘားရွာတွင် အချမ်းသာဆုံး စာရင်းဝင်တစ်ယောက်ဖြစ်သည်။

အချမ်းသာဆုံး ဆိုသဖြင့် ပြည်မဘက်မှ လူများကဲ့သို့ တိုက်တာ၊ ကား၊ ရွှေငွေ လက်ဝတ်လက်စားများ ပိုင်ဆိုင်ခြင်းမျိုး မဟုတ်ဘဲ ယက်နွား၊ သိုး၊ ဆိတ် အကောင်အရေများစွာ ပိုင်ဆိုင်ထားပြီး စိုက်ပျိုးစားသောက်ရန် မြေကွက်များစွာတို့ ရှိသောသူကို အရပ်မလေ့ သူဌေးဟု ခေါ်ကြခြင်းဖြစ်သည်။

ဆာတေး၏ဇနီးဖြစ်သူမှာ ဒရဲမားဖြစ်သည်။ ၎င်းတို့မှ မွေးဖွားထားသော သားသမီးများစွာ ရှိကြသည့်အနက်မှ ဟေမာမှာ သမီးလတ်ဖြစ်သည်။ သူမအထက်တွင် အစ်ကိုတွေ အစ်မတွေ ရှိကြသလို အောက်မှာလည်း ညီမတွေ မောင်တွေ ရှိကြ





သည်။

ဟေမာမှာ ယက္ခဂုမ္ဘာန်များ ဝန်ရံစောင့်ကြပ်လျက်ရှိသော နွယ်နီနတ်ပန်းနှင့် ပုံသဏ္ဍာန်တူလေသည်။

သို့သော် ဟေမာက နီမောင်ကိုတော့ ခင်မင်မှု ရှိသည်။ နီမောင် ရောက်သွားလျှင် ဖော်ဖော်ရွေရွေနှင့် လက်ခံတွေ့ဆုံသည်။

၎င်း၏ ဆွေမျိုးသားချင်းအချို့ကတော့ နီမောင်ကို တိဗက်လူမျိုးတစ်ယောက် မဟုတ်သောကြောင့် ယခုလို ဟေမာနှင့် လာရောက်ပတ်သက်နေသည်ကို သဘောကျဟန် မတူကြပေ။

ဘာမှမပြောသော်လည်း နှစ်သက်မှု မရှိကြပေ။

ဖခင်ဖြစ်သူနှင့် မိခင်ဖြစ်သူတို့ကတော့ သမီးဖြစ်သူ၏ အခြေအနေကို တစေ့တစောင်း ကြည့်နေကြသည်မှအပ ထွေထွေထူးထူးတော့ ဘာမှမပြောကြသေးပေ။ ထိုအခြေအနေကို ရိပ်မိသဖြင့် နီမောင်မှာ ထိုရွာသို့သွားလျှင် သတိနှင့် သွားလာရလေသည်။

ယခုလည်း ရိုးရာပွဲတော်ရက် နီးလာပြီဖြစ်သောကြောင့် သူရှာဖွေထားသော လက်ဆောင်ပစ္စည်းအချို့ကိုယူ၍ ဟေမာတို့ရွာသို့ သွားရန်ပြင်နေလေသည်။ သူသည် ထိုရွာသို့သွားတိုင်း အဖော်မရှာဘဲ တစ်ယောက်တည်း သွားလေသည်။

မန်စေနှင့်ဂူးဘားမှာ တစ်နာရီကျော်ကျော်ခန့် သွားမှရောက်နိုင်သောနေရာဖြစ်သည်။ ကြားတွင် ရေခဲတောင်နှင့် သစ်တောများအပြင် နာမည်ကျော် စိန့်ခူးဝမ်မြစ်ကို ဖြတ်ကျော်



www.burmeseclassic.com

www.burmeseclassic.com



သွားရသည်။ စိန်ခူးဝမ်မှာ မြစ်ငယ်တစ်ခုပင် ဖြစ်သော်လည်း ရေစီးအလွန်ကြမ်းသော နေရာတစ်ခုလည်း ဖြစ်သည်။

ဧရာဝတီမြစ်အကြောင်းကို ပြောမည်ဆိုလျှင် ၎င်း၏ မြစ်ဖျားခံရာ မေခနှင့်မေလိခ အကြောင်းကလည်း ပြောရမည် ဖြစ်သည်။

မေခဟု ခေါ်သော အင်မိုင်ခ အထက်ပိုင်းကို 'နမ်တမိုင်' ဟု ခေါ်ကြသည်။

နမ်တမိုင်၏အဖျားပိုင်းတွင် လူ၏လက်ငါးချောင်း ဖြန့်ခင်းထားသည်နှင့်တူသော မြစ်ငါးသွယ် ရှိသည်။

လက်မနှင့် တူသောနေရာမှာ စိန်ခူးဝမ်မြစ်ပင်ဖြစ်၏။

စိန်ခူးဝမ်သည် တိဗက်နှင့် မြန်မာပြည်တို့၏ ပေပေါင်းခြောက်သောင်းကျော် အမြင့်ရှိသော သဘာဝနယ်ခြားဖြစ်သော ရေဝေတောင်တန်းကြီးက မြစ်ဖျားခံထားလေသည်။

ထိုနယ်ခြားတံတိုင်းကြီးမှ အရှေ့တောင်ယွန်းယွန်းသို့ စိန်ခူးဝမ်းမြစ်နှင့် စီးဆင်းမသွားမီ ဇာလာဝမ်နှင့် ထွန်ဘာဝမ်ဆိုသော မြစ်လက်တက်နှစ်ခုတို့ ထပ်မံထွက်ရှိပြန်သည်။

ဇာလာဝမ်နှင့် ထွန်ဘာဝမ်မြစ်ဆုံမှ နမ်တမိုင်မြစ်သို့ ရောက်သည်အထိ (၁၈)မိုင်ခန့် ရှည်လျားသောခရီးကို ဖြတ်သန်းစီးဆင်းရလေသည်။

နမ်တမိုင်နှင့် စိန်ခူးဝမ်မြစ်ဆုံ၏ အမြင့်ပေမှာ ပေ (၇၀၀၀)ကျော်မြင့်၍ ဇာလဝမ်နှင့် ထွန်ဘာဝမ်တို့၏ မြစ်လက်တက် ဆုံသောနေရာမှာ ပေ(၁၀၀၀၀)ကျော်အထိ အမြင့်ရှိလေ





သည်။

ထိုမြစ်ဆုံမှ ဇာလာဝမ်မြစ်ဖျားခံရာ 'ဇာလာဖောင်တောင်ကြီး'မှာ ပေ(၁၆၀၀၀)ကျော် မြင့်ပြန်လေသည်။

ထို့ကြောင့် စိန်ခူးဝမ်မြစ်ဝှမ်းတလျှောက်မှာ အချို့နေရာများသည် လှေခါးထစ်များသဖွယ် မတ်စောက်မြင့်မားကြသည်။

သို့ကြောင့် အချို့နေရာများ၌ ရေစီးသာသော်လည်း အချို့နေရာများမှာ ရေတံခွန်မှာ ဆင်းလာသကဲ့သို့ ရေစီးကြမ်းလှလေသည်။

စိန်ခူးဝမ်မြစ်မှာ အချို့နေရာများမှာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ရေစီးကြမ်းသော်လည်း အချို့နေရာများမှာ ခြေလျင်ဖြတ်ကူး၍ရသော နေရာများလည်း ရှိသည်။

အမြင့်ပေ(၁၄,၂၉၉)ရှိသော ဒီဖူးလခါး ခေါ် တောင်ကြားလမ်းနေရာတွင် လူတစ်ကိုယ်စာ ခြေလျင်ဖြတ်ကူးနိုင်လေသည်။ တစ်ဖက်ရှိ တိဗက်နိုင်ငံနှင့် တရုပ်အုပ်ချုပ်ရေး ဌာနချုပ်ရှိရာ ရီးမား(Rima)သို့လည်းကောင်း၊ အိန္ဒိယပြည်ဘက်သို့သော်လည်းကောင်း ထိုတောင်ကြားလမ်းမှတဆင့် ဖြတ်ကျော်သွားနိုင်ကြသည်။ ဒီဖူးလခါးတောင်ကြားမှာ နမ်တမိုင် မြစ်ဆုံအထိ မိုင်ပေါင်း(၄၀)ကျော်မျှ ရှည်လျားလေရာ စိန်ခူးဝမ်မြစ်၏အရှည်ကို သိနိုင်ကြသည်။

စိန်ခူးဝမ်မြစ်မှာ အလျားရှည်သလောက် အချို့နေရာများတွင် ကျယ်ပြန့်သောနေရာများလည်း ရှိသည်။

ဆောင်းရာသီ ဝင်သည်နှင့် စိန်ခူးဝမ်မြစ်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



ရေခဲများ ဆီးနှင်းများ ဖုံးလွှမ်းလာလေတော့သည်။ အထူးသဖြင့် မိုင်(၂၀)ကျော် အထက်ပိုင်းနေရာများတွင် ဆီးနှင်းများ ထူထပ်စွာကျသဖြင့် အချို့နေရာများတွင် ရေခဲပြင်များ ဖြစ်နေတတ်သည်။

တောင်မြင့်ကြီးများပေါ်မှာလည်း ထုထည်ကြီးမားသော ရေခဲပြင်များ ဖုံးလွှမ်းနေကြသည်။

ထိုရေခဲပြင်များမှာ အချိန်မရွေး ရောက်လာနိုင်သည့် အန္တရာယ်များ ဖြစ်သည်။

အဖြူရောင် လူသတ်သမားများဖြစ်သည်။

ရေခဲပြင်များမှာ အချိန်မရွေး ပျော်ကျလာနိုင်ပြီး ရေခဲတုံး၊ ကျောက်တုံးများကလည်း အချိန်မရွေး ပြိုကျလာနိုင်သည်။

ရေခဲတုံးများ ပြိုကျလာမှုကြောင့် တောင်ခြေမှာနေသော ရွာနှင့်လူများ၊ တိရစ္ဆာန်များ အစအန ရှာမရအောင် ပျောက်ကွယ်သွားခဲ့ရသော အဖြစ်ဆိုးများ ရှိခဲ့ဖူးသည်။

ရေခဲတောင်ပေါ် တက်ပြီး ဆေးပင်ဆေးမြစ် ရှာဖွေသူများ၊ တာကင်နှင့် ကတိုးကောင်နောက်သို့ လိုက်သူများ ပြိုကျလာသော ရေခဲပြင်အောက်ရောက်ကာ အသက်ပျောက်ခဲ့သူတွေ အများအပြား ရှိသည်။

သို့သော်လည်း ထိုအရပ်မှာ နေထိုင်ကြသူများကတော့ သဘာဝအန္တရာယ်များကို ဂရုမပြုဘဲ နေမြဲနေကြလေသည်။

နီမောင်တို့နေသော မန်စေရွာမှ အနောက်ဘက် ဂူဘားရွာသို့ သွားမည်ဆိုလျှင် စိန်ခူးဝမ်မြစ်ကို ဖြတ်ဆောက်





ထားသော ကြိုးတံတားပေါ်မှ ဖြတ်ကျော်သွားကြရသည်။

ထိုကြိုးတံတားကို ကြိမ်ကြိုး၊ နွယ်ကြိုးများဖြင့် သွယ်တန်းဆောက်လုပ်ထားခြင်းဖြစ်ပြီး အလယ်မှာ လူတစ်ယောက်သွားသာရုံ လမ်းကျဉ်းကလေးတစ်ခုသာ ရှိသည်။ ထိုတံတားပျက်စီးသွားလျှင် မန်စေနှင့်ဂူဘား နှစ်ရွာစလုံးမှာ ရှိကြသောလူများက အတူတကွ ဝိုင်းဝန်းဆောက်လုပ်ကြခြင်းဖြစ်သည်။

ယခုအခါ နှစ်သစ်ကူးပွဲတော်များ ကျင်းပရန် အချိန်နီးလာချေပြီ။

ယခုလို ဆောင်းဦးပေါက်ရာသီ ရောက်လာလျှင် နှင်းများ ထူထပ်စွာကျလာသလို မိမိတို့ရိုးရာဓလေ့အတိုင်း နှစ်သစ်ကူးပွဲတော်၊ ကောက်သစ်စားပွဲတော်များ နေရာအနှံ့အပြား၌ ပြုလုပ်ကြလေသည်။

ယခုလည်း နီမောင်မှာ ရိုးရာပွဲတော်ရက် နီးလာပြီ ဖြစ်သောကြောင့် သူစိတ်ဝင်စားနေသော ဟေမာတို့ရွာသို့ တစ်ယောက်တည်းသွားရန် ရွာမှထွက်လာလေသည်။

သူ့ကိုယ်ပေါ်မှာ ဓါးတစ်လက်၊ လေးနှင့်မြားပူးအပြင် လက်ဆောင်ပစ္စည်းများ ထည့်ထားသော ပလိုင်းတစ်လုံးတို့သာ ပါလာလေသည်။

ရွာမှထွက်သည်နှင့် တောလမ်းများမှ ဖြတ်ကျော်သွားရသည်။ တစ်ယောက်တည်း အတွေးကောင်းစွာဖြင့် လျှောက်လာရာ တစ်နေရာရောက်တော့ တောထဲမှထွက်လာသော လူငယ်တစ်ယောက်နှင့် တွေ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှာ မည်သည့်လက်နက်မှ ပါမလာပေ။

နီမောင်က ကြည့်လိုက်တော့ သူ တစ်ခါမှမတွေ့ဖူးသော လူတစ်ယောက် ဖြစ်နေသည်။

"မင်းဘယ်သူလဲ"

"ငါ့နာမည် ဒီပကလို့ ခေါ်တယ်၊ ငါလည်း မင်းလို တောထဲမှာ အမဲလိုက်နေတဲ့ လူတစ်ယောက်ပဲ"

နီမောင်က အံ့ဩသွားသည်။

"ငါ့နာမည် နီမောင်လို့ ခေါ်တယ်၊ မန်စေရွာမှာနေတယ်၊ မင်းက ဘယ်ရွာမှာ နေတာလဲ"

"ငါက တောင်ပေါ်မှာ နေတာ"

"မင်းက အမဲလိုက်နေတယ်လည်း ဆိုသေးတယ်၊ လက်နက်လည်း မပါ,ပါလား"

"ငါအမဲလိုက်တဲ့အခါ လက်နက်မလိုဘူး"

"ဟင်. . . သားကောင်ကို လက်နက်နဲ့ မဖမ်းဘဲ ဘယ်လိုရမှာလဲ၊ ဒါဖြင့် လက်နဲ့ ဖမ်းတာလား"

ဒီပက,က သဘောကျစွာ ရယ်နေသည်။

"အခု ငါ ဘာအကူအညီပေးရမလဲ"

နီမောင်က မေးလိုက်သည်။

"ငါ ဟိုဘက်မှာ သားကောင်တစ်ကောင် တွေ့ခဲ့တယ်၊ အဲဒါ မင်းနဲ့အတူဖမ်းမှ ဖြစ်မယ်"

"ဘာကောင်လဲ"

"တောကျွဲ"





နီမောင် စိတ်ထဲမှာ နည်းနည်းတော့ လန့်သွားသည်။ တောကျွဲဆိုသောသတ္တဝါမှာ ကြောက်စရာကောင်းသော သတ္တဝါမျိုးဖြစ်သည်။

အကောင်အရွယ်အစား ကြီးသလောက် ဦးချိုကလည်း ချွန်ထက်နေသည်။ အချိန်ရှိသရွေ့ ချိုသွေးနေသော သတ္တဝါမျိုးလည်းဖြစ်သည်။

တောထဲမှာ ကြောက်စရာကောင်းလှသည့် လူဝံ၊ မျောက်ဝံ၊ ကျား၊ ကျားသစ် စသော သတ္တဝါများပင် တောကျွဲအနီးသို့ မကပ်ဝံ့ပေ။

ဒုင်းချိုနှင့် ထိလိုက်သည်နှင့် ချိုဖျားမှာ အသက်ပါသွားတတ်သောကြောင့် ဖြစ်သည်။

"မင်းမှာလည်း သေနတ်မပါဘူး၊ ငါ့ဆီမှာလည်း ထိသေအဆိပ်မြား မပါဘူး၊ တောကျွဲကို ဘယ်လိုဖမ်းမလဲ"

"ဒီလိုပဲ ရအောင်ဖမ်းရမှာပေ့ါ၊ မင်းက ဒီဘက်ကနေ တောခြောက်ပေးလိုက်၊ ငါက ဟိုဘက်က ဖမ်းမယ်"

နီမောင်မှာ ဒီပကဆိုသော လူရွယ်စကားကို မယုံသော်လည်း စိတ်ထဲမှာတော့ ဇဝေဇဝါ ဖြစ်သွားမိသည်။

"တောကျွဲရရင် မင်းနဲ့ငါ တစ်ဝက်စီ ယူကြတာပေ့ါ. . . ကောင်းဘူးလား"

"ကောင်းပါတယ်. . ဘယ်နေရာက ခြောက်ပေးရမလဲ"

"သူ ဟိုဘက်လျှိုနားမှာ ရှိနေတယ်၊ မင်းက ဒီဘက်ကနေ ခြောက်လှန့်ပေးလိုက်၊ ငါ ဟိုဘက်က စောင့်ဖမ်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ခေါင်းညိတ်ပြလိုက်သောအခါ ဒီပက တောထဲသို့ ပြန်ဝင်သွားလေသည်။

နီမောင်စိတ်ထဲမှာတော့ ဒီပကထံမှာ သေနတ်ပါလာပြီး လူသိမှာစိုးသောကြောင့် တစ်နေရာမှာထားခဲ့တာ ဖြစ်မည်ဟု ထင်လိုက်မိသည်။

ထို့နောက်မှာတော့ ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ သစ်ရွက်ခြောက်များကို မီးရှို့ပြီးနောက် ဝါးဆစ်ပိုင်းများကို မီးပုံထဲ ပစ်ထည့်လိုက်သည်။ ခဏချင်းမှာပင် 'ဖောင်း. . . ဒိုင်း' ဟူသောအသံများ ဆူဆူညံညံ ထွက်ပေါ်လာလေတော့သည်။

ဝါးလုံးကွဲသံများမှာ သေနတ်သံများကဲ့သို့ ပြင်းထန်လှပေသည်။

အတန်ကြာသောအခါ အသံများပျောက်သွားပြီး နီမောင်က မီးများကို ငြိမ်းသတ်နေစဉ် တစ်နေရာမှ အသံတစ်သံ ပေါ်လာသည်။

"ငါ တောကျွဲကို မိထားပြီဟေ့၊ မင်း ဒီဘက်ကိုသာ လာခဲ့ပေတော့"

ထိုအသံကြားတော့ ဇဝေဇဝါဖြစ်သွားသည်။

"တောကျွဲမိနေပြီတဲ့. . . ဟုတ်မှဟုတ်ပါ့မလား၊ သေနတ်သံလည်း မကြားလိုက်ရဘူး၊ ဝါးလုံးကွဲသံတွေနဲ့ ရောသွားလို့ မကြားလိုက်ရတာများလား"

ဟု ဇဝေဇဝါတွေးရင်း အသံကြားရာဘက်သို့ လျှောက်သွားလေသည်။





ဝါးတောများအလွန် လျှိုတစ်ခုသို့ ရောက်သောအခါ ဒီပက,ကို တွေ့ရသည်။

သူ့ရှေ့မှာလည်း မြေပေါ်မှာ လဲကျနေသော တောကျွဲတစ်ကောင်ကို တွေ့ရသဖြင့် များစွာအံ့ဩသွားမိလေသည်။

"မင်း ဒီတောကျွဲကြီးကို ဘယ်လိုဖမ်းလိုက်တာလဲ"

ဒီပက,က ရယ်နေပြီး. . .

"ဒီလိုပဲ ငါ့နည်းငါ့ဟန်နဲ့ ဖမ်းလိုက်တာပေါ့"

ဟုပြောသဖြင့် အနားသွားကြည့်လေသည်။

ဒီပက လက်ထဲမှာ သေနတ်မရှိသလို တောကျွဲကိုယ်ပေါ်မှာလည်း သေနတ်ဒဏ်ရာ မတွေ့ရပေ။

တစ်ခုတော့ ရှိသည်။

တောကျွဲသေဆုံးနေပုံကတော့ နည်းနည်းဆန်းသည်။ လည်ပင်းနေရာမှာ လှံဖြင့် ထိုးသွင်းထားသကဲ့သို့ အပေါက်ကြီး နှစ်ပေါက် ရှိနေပြီး ဇက်က ပြောင်းပြန်လည်နေသည်။

ဒီလောက်ကိုယ်ခန္ဓာကြီးသော တောကျွဲကြီးတစ်ကောင်ကို ဘယ်ကဲ့သို့ ဇက်ပြောင်းပြန်လည်နေအောင် မည်သူက ပြုလုပ်ထားသည် မသိပေ။

"မင်းကို ကျေးဇူးတင်ပါတယ်ကွာ၊ ဒီတောကျွဲက မင်းနဲ့ငါနဲ့ အတူဖမ်းတာဆိုတော့ မင်းလည်း လိုချင်သလောက် ယူသွားပါ"

"ရပါတယ်ကွာ. . . မယူတော့ပါဘူး"

"မင်း ဟိုဘက်ရွာသွားပြီး လက်ဆောင်ပေးမှာမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



လား၊ ဒီတောကြွက်ကျွဲအသားတွေ ယူသွားတော့ မင်းကို ကျေးဇူးတင်ကြမှာပေါ့"

ဟုပြောကာ နီမောင်ဆီမှ ခါးတောင်းပြီး ဒီပက,က တောကျွဲပေါင်တစ်ဖက်ကို လှီးဖြတ်နေသည်။

"ငါနဲ့မင်းနဲ့က သူငယ်ချင်းတွေ ဖြစ်သွားပြီကွ၊ နောက် မင်းမှာ အရေးအကြောင်းရှိလို့ပဲဖြစ်ဖြစ်၊ အကူအညီလိုရင်ပဲ ဖြစ်ဖြစ် ငါ့နာမည်ကိုသာခေါ်လိုက် ငါရောက်လာပြီး အကူအညီ ပေးမယ်"

ဟု ပြောသည်။

"ဟင်. . . မင်းက အဝေးကြီးမှာ နေတာ ဘယ်လိုကြားမလဲ. . . သိမလဲ"

"ငါက အဝေးကြီးကခေါ်သံကို ကြားနိုင်တယ်ကွ၊ ရော့ ဒီမှာ တောကျွဲပေါင်တစ်ဖက် ယူသွားပေတော့"

ဟုပြောပြီး ပေးရာ နီမောင်လည်း တွေတွေထူးထူး စဉ်းစားမနေတော့ဘဲ ဒီပကပေးသော တောကျွဲပေါင်တစ်ဖက်ကို ယူပြီး နှုတ်ဆက်ကာ ထိုနေရာမှ ထွက်လာခဲ့လေတော့သည်။







# အခန်း(၂)



# အချစ်အတွက် အသက်စွန့်ခဲ့သောသူ

ဂူးဘားရွာမှာ မြောက်ဖျားဒေသဘက် အစွန်ဆုံးမှာ ရှိသော တောရွာတစ်ရွာဖြစ်ပြီး အများအားဖြင့်တော့ တိဗက်များ အနေများသော တိဗက်ရွာတစ်ရွာပင် ဖြစ်ပေသည်။ တစ်နှစ်ပတ်လုံး ရေခဲများဖုံးလွှမ်းနေပြီး မေလမှ ဇူလိုင်လအတွင်း လောက်သာ ရေခဲများ ပျော်ကျသွားပြီးနောက် သာသာယာယာ ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒေသခံများက ထိုရာသီကို ရာသီဥတု သာယာသော နွေဦးပေါက်ရာသီအဖြစ် သတ်မှတ်ပေးကြသည်။ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများအဖို့မှာတော့ ထိုရာသီမှာ နွေနှောင်းကာလဖြစ်ပြီး မကြာမီ မိုးဦးကျတော့မည့် ရာသီမျိုးလည်းဖြစ်သည်။

မြန်မာနိုင်ငံအောက်ပိုင်း ဒေသများမှာ မုတ်သုန်ဝင်လာသောအချိန်တွင် မြောက်ပိုင်းဒေသများမှာ အအေးလျော့သွားပြီး နှင်းခဲ၊ ရေခဲများ အရည်ပျော်ကျသော အချိန်အခါလည်းဖြစ်သည်။

တောင်မြင့်ကြီးများပေါ်မှာ ဖုံးအုပ်နေသော ရေခဲထုများ အရည်ပျော်ကျသွားသောအခါ အောက်မှာရှိသော ဆေးပင်ဆေးမြစ်တို့ ပေါ်လာသည်။ တစ်နှစ်ပတ်လုံး ရေခဲပြင်အောက် ရောက်နေသော ရောင်စုံပန်းများ ပွင့်လာကြသည်။

အဝေးမှ လှမ်းမျှော်ကြည့်သောအခါ ရောင်စုံပန်းခင်းကြီး ဖြန့်ခင်းထားသကဲ့သို့သော်လည်းကောင်း၊ ပန်းကမ္ဘလာချပ်ကြီး ခင်းထားသကဲ့သို့လည်းကောင်း လှပစွာ ရှိနေကြသည်။

ထိုအချိန်ကာလမှာ ဒေသခံများအတွက် ပျော်စရာအကောင်းဆုံးနှင့် ဝင်ငွေအကောင်းဆုံး အချိန်မျိုးလည်းဖြစ်သည်။

နယ်ခြားဘက်မှ ဝင်လာသော ကုန်သည်များက ဒေသထွက်ဖြစ်သော ခန်းတောက်မြစ်၊ မချစ်ဥ၊ မရှော့ပင်၊ ကတိုးနှင့် တာကင်တို့ကို ထိုနေရာအရောက် လာဝယ်ယူကြရာ တစ်နှစ်လုံး ဝင်ငွေမရှိသူများအဖို့ ဝင်ငွေရသောအချိန်မျိုးလည်း ဖြစ်ပေ





သည်။

နယ်ခြားဘက်မှဝင်လာသော ကုန်သည်များ ဖြတ်ပေးသောဈေးမှာ ပစ္စည်းတကယ်တန်သောဈေးထက် များစွာနည်းသော်လည်း သူတို့မသိကြပေ။ တောင်ပေါ်မှာ အလကားရနိုင်သောပစ္စည်းများကို ရောင်းရသဖြင့် ငွေရသည်ကိုပင် ပျော်ရွှင်နေကြသည်။

ဂူးဘားရွာမှာ စည်ကားသောရွာတစ်ရွာဖြစ်သည်။ အိမ်ခြေများပြီး လူမျိုးပေါင်းစုံနေထိုင်သော ရွာတစ်ရွာဖြစ်သည်။

ရွာလမ်းတစ်လျှောက် ဝဲယာဘေး တစ်ဖက်တစ်ချက်တွင် အိမ်ကြီးအိမ်ငယ်များ တန်းစီဆောက်ထားပြီး ခြံစည်းရိုးများလည်း ခတ်ထားသည်။

အများအားဖြင့်တော့ သစ်ဝါးတို့ကို အသုံးပြုကာ ဆောက်ထားပြီး သက်ကယ်ပျစ်များ မိုးထားသည်။ အိမ်အတော်များများမှာ ခြေတံရှည်အိမ်များဖြစ်ပြီး အပေါ်မှာ လူနေသည်။ အောက်မှာတော့ တိရစ္ဆာန်နှင့်လူများ ရောနှောနေကြသည်။

ယက်နွား၊ သိုး၊ ဆိတ်များ မွေးထားသူများက အိမ်အနောက်ဘက်တွင် သီးခြားခြံများနှင့် မွေးထားပြီး ဝက်၊ ကြက်စသော တိရစ္ဆာန်များကို အိမ်အောက်မှာပင် ထားသည်။

ထိုရွာကို ရွာလူကြီးက အုပ်ချုပ်ပြီး အရေးကြီးသော အမှုအခင်းများကိုတော့ တောအုပ်ကြီးများက ဆုံးဖြတ်ပေးကြသည်။

ဂူးဘားရွာမှာ အချက်အချာကျပြီး စည်ကားသော ရွာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးထင်ရှားဖြစ်သလို အခြားအရပ်ဒေသများမှ ကုန်သည်များလည်း အဝင်အထွက် ရှိသည်။

သို့ကြောင့် စီးပွားရေး ကောင်းကြသဖြင့် အတော်အသင့် ချောင်လည်သူ များလေသည်။

ထိုအထဲတွင် ဆာတေးဆိုသူမှာ ထိပ်ဆုံးမှ ပါဝင်လေသည်။ ဆာတေးမှာ အသက်ငါးဆယ်ကျော်အရွယ်ခန့်ရှိပြီး ၎င်း၏မိန်းမ ဒရဲတားမှာ အသက်ငါးဆယ်အရွယ်ခန့် ရှိသည်။

၎င်းတို့မိသားစုမှာ သားသမီး(၁၀)ယောက်ခန့်ရှိပြီး အိမ်ထောင်ကျပြီးသော သားသမီးများကို သူပိုင်သောခြံဝန်းအတွင်းမှာပင် ရွာကြီးတစ်ရွာကဲ့သို့ ဖြစ်နေတော့သည်။ ဆာတေးမှာ မြေကွက်များ၊ တောင်ယာစိုက်ခင်းများ ရှိသည်။

ယတ်နွား(အချို့က တိဗက်နွားဟုလည်း ခေါ်သည်။) သိုး၊ ဆိတ်၊ အကောင်ရေများစွာတို့ကိုလည်း ပိုင်ဆိုင်ထားသောကြောင့် ထိုအရပ်ဒေသမှာတော့ သူဌေးဆာတေးဟု ခေါ်ကြသည်။

၎င်းတို့အရပ်ဒေသမှာ တိရစ္ဆာန်များကို မွေးထားသော်လည်း တကူးတက အစာရှာကျွေးရခြင်း မရှိပေ။ သဘာဝ စားကျက်များ ပေါများသောကြောင့် ထိုစားကျက်များအတွင်းသို့ လွှတ်ကျောင်းထားလိုက်ကြသည်။ အကယ်၍ ရာသီဥတု ဆိုးဝါးပြီး အပြင်မထွက်နိုင်သောအချိန်များတွင် တိရစ္ဆာန်များကိုကျွေးမွေးရန် အစာများကိုလည်း ကြိုတင်စုဆောင်းထားကြရသည်။

မြက်ခြောက်၊ ဂျုံရွက်၊ ပြောင်းဖူးရိုးများနှင့် ကျောက်ဆား





များကို ယတ်နွားများက ကြိုက်နှစ်သက်ကြသည်။

ထိုဒေသမှ မွေးထားသော တိရစ္ဆာန်များကို ပင်လယ်ဒေသ ဆားငန်ရေမှ ချက်၍ရသော ဆားများကို ကျွေး၍မရပေ။ ထိုဆားမျိုး ကျွေးမိပါက ဝမ်းပျက်ဝမ်းလျှောဖြစ်ကာ သေကြေပျက်စီးသောကြောင့် မကျွေးဝံ့ကြပေ။

ဗူး ခေါ် ယတ်(Yak)အနွယ်ဝင် တိဗက်နွားများ နှစ်သက်သောဆားမှာ ကျောက်တုံးမှ ထုခွဲချက်လုပ်၍ရသော ကျောက်ဆား(Rock saft)ပင်ဖြစ်၏။

ထို့ကြောင့် နွားမွေးသူများမှာ ကျောက်ဆားကိုလည်း မဖြစ်မနေ စုဆောင်းသိမ်းဆည်းထားကြရသည်။ ဆာတေးက သူပိုင်သောနွား၊ သိုး၊ ဆိတ်များကို အခြားသူများကို မကျောင်းခိုင်းဘဲ အိမ်ထောင်ကျပြီးသော သားသမီးများကို သင့်တော်သလောက် ပေးပြီး ထိန်းကျောင်းခိုင်းထားလေသည်။

သူ့မှာ သားသမီး(၁၀)ဦးရှိပြီး ငါးဦးခန့် အိမ်ထောင်ကျပြီးသွားသည့်နောက်တွင် လက်ရှိအိမ်မှာ အရွယ်ရောက်ပြီးသူရော အရွယ်မရောက်သေးသူပါ ငါးဦးခန့်.ကျန်နေသေးသည်။

ထိုအထဲတွင် ဟေမာလည်း အပါအဝင်ဖြစ်သည်။ ဟေမာသည် ဆာတေး၏သမီးအလတ်ဖြစ်ပြီး အသက်(၂၀)အရွယ်ခန့် ရှိသည်။

တိဗက်သွေး စပ်ထားသူဖြစ်သောကြောင့် မျက်နှာချေသည်၊ အသားအရေ လှသည်၊ ကိုယ်လုံးကိုယ်ပေါက် ကြံ့ခိုင်ဖွံ့ဖြိုးသည်။ ထိုနေရာတစ်ဝိုက်မှာတော့ အလှဆုံးစာရင်းဝင် အပျိုတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ဖြစ်သည်။

သူ့ကို ပွဲတော်တစ်ခုမှာ တွေ့မြင်လိုက်ရပြီးနောက် နီအောင်က သဘောကျသဖြင့် နောက်ပိုင်းမှာ မိတ်ဆွေအဆင့်ရအောင် ကြိုးစားလေသည်။

ဟေမာကလည်း နီမောင်ကို မိတ်ဆွေတစ်ယောက်အဖြစ် လက်ခံလေသည်။

"နင် ဘယ်ရွာမှာ နေတာလဲ"

"ဂူးဘားမှာ နေတယ်၊ နင်ကရော ဘယ်ရွာကလဲ"

"ငါက မန်စေရွာကပါ. . . မဝေးလှပါဘူး"

"နင်က တိဗက်တစ်ယောက်တော့ မဟုတ်ပါဘူး"

"ဟင့်အင်း. . . ငါက မြန်မာတစ်ယောက်ပါ"

"မြောက်ပိုင်းဒေသမှာ ရှားရှားပါးပါး မြန်မာလူမျိုးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်ရတာ ငါဝမ်းသာပါတယ်"

ဟု ဟေမာက အပြုံးလေးဖြင့် ပြောသည်။

"ငါလည်း နင်နဲ့ မိတ်ဆွေဖြစ်ရတာ ဝမ်းသာပါတယ်၊ အလုပ်အားတဲ့အခါ နင်နေတဲ့ရွာကို လာလည်လို့ရမလားဟင်"

"ရပါတယ်. . . ခင်လို့ လာလည်တာပဲ"

"ဒီလိုဆိုရင် ငါအလုပ်အားရင် လာခဲ့မယ်"

နောက်ပိုင်းရက်များမှာ အလုပ်အားသောအချိန်များတွင် တစ်လတစ်ခါနှစ်ခါဆိုသလို ဟေမာရှိရာသို့ သွားလည်လေသည်။

ဟေမာကလည်း သူလာလျှင် ကောင်းမွန်စွာ ဧည့်ခံ





သည်။ ထိုသို့ အဝင်အထွက် ရှိနေသည်ကို မိဘများက ဘာမှ မပြောကြသော်လည်း ဆွေမျိုးသားချင်းအချို့ကတော့ သဘောမကျပေ။

အဘယ်ကြောင့်ဆိုသော် နီမောင်ကို သာမန်လူတစ်ယောက်ဟု သတ်မှတ်ထားသောကြောင့်ဖြစ်သည်။

သူတို့အနေဖြင့် ချောမောလှပသော ဟေမာကို ထို့ထက် အဆင့်အတန်းပိုမြင့်သော အသိုင်းအဝိုင်းမှ လူတစ်ယောက်နှင့် ရစေချင်ကြသောကြောင့်ဖြစ်သည်။

ဟေမာကတော့ သဘောထား မပြောင်းပေ။ နီမောင်ရောက်သွားလျှင် ဖော်ဖော်ရွေရွေနှင့် လက်ခံတွေ့ဆုံလေသည်။

ယခုလည်း ရိုးရာပွဲတော်ရက် နီးလာပြီဖြစ်သောကြောင့် ဟေမာအတွက် ရည်စူးပြီး ရှာဖွေထားသောပစ္စည်းများအပြင် တောထဲမှာ ဒီပကဆိုသော လူတစ်ယောက်နှင့်တွေ့ပြီး တောကျွဲပေါင်တစ်ခြမ်း ရလာသောကြောင့် ပိုပြီးအဆင်ပြေသွားလေသည်။

"ဟင်. . . နီမောင်ပါလား၊ လက်ဆောင်ပစ္စည်းတွေက များလှချည်လား၊ ဒီအထဲ တောကျွဲပေါင်တစ်ဖက်တောင် ပါလာသေးတယ်"

"နင်တို့ နှစ်သစ်ကူးပွဲ ကျင်းပတော့မှာ မဟုတ်လား၊ ဒါကြောင့် လက်ဆောင်တွေ လာပို့ပေးတာပါ"

"အခုလို တကူးတက လာပို့ပေးတာ ကျေးဇူးတင်ပါတယ်ဟယ်၊ ပွဲတော်ရက်ကျရင် နင်လည်း လာခဲ့ပါလား၊ အတူတူ



www.burmeseclassic.com

www.burmeseclassic.com



ငှပျော်ရတာပေါ့"

"လာတော့ လာချင်တာပေါ့ ဟေမာရယ်၊ ဒါပေမယ့်"

"ဒါပေမယ့် ဘာဖြစ်လို့လဲ"

"နင်က ခေါ်ပေမယ့် နင့်မိဘတွေက ငါလာတာကို သဘောကျချင်မှ ကျမှာဆိုတော့. . ."

နီမောင်က စကားမဆက်တော့ပဲ ဟေမာမျက်နှာကို တစ်ချက်ကြည့်လိုက်သည်။

ဟေမာက မျက်နှာတစ်ချက် ပျက်သွားသော်လည်း ဘာမှတော့ ပြန်မပြောပေ။

ထိုအချိန်မှာ သူတို့ရှိရာသို့ ဟေမာ့ဖခင် ဆာတေး ရောက်လာသည်။

သူက နီမောင်ယူလာပြီး မနီးမဝေးမှ ချထားသော တောကျွဲပေါင်ကြီးကို ကြည့်ပြီး အံ့သြနေသည်။

"နီမောင်. . . ဒါ မင်းယူလာတဲ့ တောကျွဲပေါင်ကြီး လား"

"ဟုတ်ပါတယ်"

"ဘယ်က ယူလာတာလဲဟင်"

"တောထဲမှာတွေ့လို့ သတ်ပြီး ယူလာတာပါ"

"ဟင်. . . ဒီတောကျွဲကြီးကို မင်းတစ်ယောက်တည်း သတ်လာခဲ့တာ ဟုတ်လား"

"ဟုတ်ပါတယ်"

ဆာတေးက တအံ့တသြဖြင့် မယုံသလို ကြည့်နေသည်။





သူကြည့်လိုက်တော့ နီမောင့်ခါးမှာ သားရေအိတ်ဖြင့် ထည့်ထားသော ဓားအိမ်မှာလည်း လောလောဆယ် စွန်းပေနေသောသွေးများကို တွေ့ရလေသည်။

"ဒီလောက်ကြီးတဲ့ တောကျွဲရိုင်းတစ်ကောင်ကို မင်းတစ်ယောက်တည်း သတ်နိုင်ခဲ့တယ်ဆိုတာကတော့ အံ့သြစရာပဲ ဟေ့"

နီမောင်ကတော့ ဘာမှပြန်မပြောပေ။

"ဘာပဲဖြစ်ဖြစ် အခုလို ယူလာပေးတာကိုတော့ ကျေးဇူးတင်ပါတယ်၊ မင်းက ဆင်းရဲပေမယ့် သတ္တိတော့ အတော်ကောင်းတာပဲ၊ နှစ်သစ်ကူးပွဲတော်ရက်ကျရင် အဝေးမှာရှိတဲ့ လူကုံတန်တွေ၊ ပိုက်ဆံချမ်းသာတဲ့လူတွေ အများကြီး ငါဖိတ်ထားတယ်ကွ၊ သူတို့ကို အရက်ကောင်းကောင်းနဲ့ တောကျွဲသားတို ဧည့်ခံပေးရမှာပေါ့"

ဆာတေး ပြောသောစကားထဲမှာ နီမောင်ကို မသိမသာ နှိမ်ပြောသော စကားအချို့ ပါသွားသောကြောင့် ဟေမာခမျာ မျက်နှာထားရ ခက်သွားလေသည်။

ထိုအခါ နီမောင်က ပြောသည်။

"ဆလိုင်းတို့ နှစ်သစ်ကူးပွဲတော်ရက်ရောက်ရင် ကျွန်တော်လည်း လာခဲ့လို့ရမလား"

ထိုသို့မေးလိုက်သောအခါ ဆာတေးက နီမောင့်မျက်နှာကို တစ်ချက်ကြည့်လိုက်ပြီး အတန်ကြာအောင် မျက်မှောင်ကျုံ့ပြီး စဉ်းစားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နီမောင်နှင့်ဟေမာတို့ကတော့ သူ ဘယ်လိုပြန်ပြောမလဲ ဟု စောင့်နေကြသည်။

အတန်ကြာတော့မှ. . .

"မင်းလာမယ်ဆိုရင်လည်း လာလို့တော့ ရပါတယ်၊ ဒါပေမယ့် ငါ့အနေနဲ့ ဧည့်သည်တွေကို ထူးထူးဆန်းဆန်းလေး ပြချင်တာလေးတစ်ခု ရှိတယ်ကွ"

"ဘယ်လိုများလဲ"

"ဒီလိုကွာ. . . မင်းတို့ရွာဘက်က ဂူဘားကို လာမယ်ဆိုရင် ကြိုးတံတားက ဖြတ်လာတဲ့လမ်းနဲ့ အခြားက လာတဲ့လမ်း ရှိတယ်၊ ငါလာစေချင်တာက စိန်ဒူးဝမ်မြစ်ကို ဖြတ်ပြီး ရေတံခွန်တောင်ပေါ်က လာတဲ့လမ်းကနေ လာတာကို ပိုပြီးသဘောကျတယ်"

ထိုကဲ့သို့ ပြောနေသည်အထိ ၎င်း၏စကားဆိုလိုရင်းကို သဘောမပေါက်သေးပေ။

"မင်းသာ ရေတံခွန်တောင်ပေါ်က လာတဲ့လမ်းကနေ လာတယ်ဆိုရင် ငါက ဧည့်သည်တွေကိုပါခေါ်ပြီး အဲဒီနေရာက လာစောင့်ကြည့်နေကြမယ်၊ မင်းရဲ့အစွမ်း ဘယ်လောက်ရှိတယ်ဆိုတာလည်း သိရတာပေါ့၊ နောက်တစ်ချက်က တခြားကလာတဲ့ ဧည့်သည်တွေလည်း စိတ်ဝင်စားမှုတစ်ခု ဖြစ်တာပေါ့၊ ဘယ်လိုလဲ. . . လာမယ်ဆိုရင် အဲဒီလမ်းက မင်းလာနိုင်မလား"

ထိုသို့ပြောတော့မှ သဘောပေါက်သွားလေသည်။

ထိုကဲ့သို့သောစကားမျိုး ပြောလာသည့်အတွက်လည်း





ဆာတေးကိုကြည့်ပြီး အံ့ဩသွားမိလေသည်။

တကယ်ဆိုလျှင်တော့ ထွေထွေထူးထူး စဉ်းစားစရာ မလိုဘဲ တစ်ခါတည်း ငြင်းလိုက်ရမှာဖြစ်သည်။

ထိုအလုပ်မျိုးမှာ မိုက်ရူးရဲဆန်သော အလုပ်မျိုးသာ ဖြစ်ပေသည်။ သို့သော်လည်း နီမောင် စိတ်ထဲမှ မခံချင်စိတ်ကို နှိုးဆွပေးလိုက်သကဲ့သို့ ဖြစ်သွားသည်။

အကယ်၍ သူက ငြင်းလိုက်လျှင် သူ့အပေါ်မှာ အထင်သေးသွားမှာကို စိုးရိမ်မိသည်။

သူက ဟေမာကို တစ်ချက်ကြည့်လိုက်တော့ သူမမျက်နှာပေါ်မှာ စိုးရိမ်မှု အရိပ်အယောင်များ ယှက်သမ်းနေသည်။ နီမောင်က တစ်စုံတစ်ခုကို ဆုံးဖြတ်ချက် ချလိုက်ပြီး. . .

"ကျွန်တော် ခင်ဗျားပြောတဲ့လမ်းကပဲ လာခဲ့ပါ့မယ်၊ ပွဲတော်ရက်ရောက်တော့ ရေတံခွန်တောင်ကနေ ခင်ဗျားတို့ လာစောင့်နေကြပါ"

ဟု ပြောပြီး ပြန်ထွက်လာခဲ့လေသည်။

နီမောင့်အမူအရာကို ကြည့်ပြီး ဟေမာမှာ စိုးရိမ်စိတ် ဝင်သွားသော်လည်း သူမအနေဖြင့် ဘာမှမပြောသာပေ။ ထိုအကြောင်းကို ခဏချင်းမှာပင် ကျန်သောမိသားစုများက သိသွားကြတော့သည်။

"ဒီမြစ်ကို သူ ဘယ်လိုကူးနိုင်မှာလဲ၊ ရေစီးကြောင်းနဲ့ ပါသွားပြီး သေမှာပေါ့"

"ဒါထက် ပိုဆိုးတာပေါ့၊ အဖေပြောတဲ့ ရေတံခွန်တောင်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကလမ်းက ဒီအတိုင်းမှ လာလို့မရတာ၊ ဒါကိုမှ မိုက်မိုက်မဲမဲ ဖြတ်ကူးလာရင်တော့ သေရုံအပြင် ဘာမှမရှိတော့ဘူး၊ ဒီနယ်မှာ နေပြီး ဒီအကြောင်းတွေကိုမှ မသိဘူးဆိုရင် သူ့လောက်မိုက်မဲ တဲ့လူမျိုး ရှိတော့မှာမဟုတ်ဘူး”

“လာချင်လည်း လာမှာပေါ့၊ သူက ဟေမာကို လာပိုးနေ တာဆိုတော့ အစွမ်းပြချင်လို့ တမင်လာမယ်လို့ ပြောသွားတာ ဖြစ်မှာပေါ့”

“ဒီလို လာလို့ကတော့ ဟေမာကိုတော့ ရမှာမဟုတ်ဘူး၊ သေမင်းနဲ့ပဲ နှစ်ပါးသွားရမှာပဲ”

ဟုပြောဆိုကာ တဝါးဝါး တဟားတဟားနှင့် ပွဲကျနေ လေတော့သည်။ ထိုအကြောင်းကို သိသောအခါ ဟေမာခမျာ ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတော့သည်။









# အခန်း (၄)

# ရေတံခွန်ပေါ်မှ အားမာန်များ

နီမောင်အနေဖြင့် မိမိ၏ယောက်ျားသိက္ခာကို ထိပါးလာ သောကိစ္စပေမို့ ရေတံခွန်တောင်ပေါ်မှ ကျော်ဖြတ်ပြီး လာခဲ့ပါ မည်ဟု ကတိပေးခဲ့ပြီး ဖြစ်သော်လည်း အမှန်တော့ ထိုကိစ္စမှာ လွယ်ကူသောကိစ္စတစ်ခုတော့ မဟုတ်ပေ။

ရေစီးကြမ်းသော စိန်ခူးဝမ်မြစ်ကို ကျော်ဖြတ်နိုင်သည့် တိုင် ရေတံခွန်တောင်ကို ကျော်ဖြတ်ဖို့ကတော့ အတော်ကသေး ခက်ခဲပေလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာမှာ အရေးအကြောင်းမရှိဘဲ မည်သူမှ မသွားကြသောနေရာလည်းဖြစ်သည်။

တောင်မှာ မတ်စောက်ပြီး ကျောက်စွန်းကျောက်ချွန်များလည်း ပေါသည်။

တောင်ပေါ်မှ တဝုန်းဝုန်းနှင့် ကျနေသော တောင်ကျရေမှာလည်း ရေထုများသည်။ ရေစီးကြမ်းသည်။ မြင့်ရာမှ နိမ့်ရာသို့ တဟုန်ထိုး ဆင်းလာသောကြောင့်လည်း အိုးတစ်လုံးအတွင်းမှရေကို အောက်သို့ မှောက်သွန်ချလိုက်သကဲ့သို့ အရှိန်ပြင်းသည်။

ထိုနေရာမှ ဖြတ်ကျော်သည့်ကိစ္စမျိုးမှာ မည်သို့မှ မဖြစ်နိုင်သောကြောင့် ဘယ်သူမှလည်း မလုပ်ဝံ့သောကိစ္စမျိုးလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော်. . .

ထိုနေရာမှ ကျော်ဖြတ်လျှင် သေလမ်းနှင့်ရှင်လမ်းမှာ သေလမ်းက ပိုများနေသောကြောင့်ပင် ဖြစ်သည်။

ယခု ထိုလမ်းကိုပင် နီမောင်က ကျော်ဖြတ်လာခဲ့မည်ဟု ပေါမာ၏ဖခင် ဆာတေးကို ကတိပေးထားပြီး ဖြစ်ပေသည်။

ကြည့်လျှင်တော့ အကျိုးမရှိသော မိုက်ရူးရဲဆန်သည့်လုပ်ရပ်တစ်ခုပင် ဖြစ်သော်လည်း နီမောင့်အနေကတော့ ထိုသို့မဟုတ်ပေ။

အသက်သေရသည်က အရေးမကြီးပေ။ ယောကျ်ားတစ်ယောက်၏သိက္ခာကို ထိပါးခံရမည့်ကိစ္စကသာ ပိုပြီးအရေးကြီးသည်ဟု ခံယူထားလေသည်။ သူ့အနေဖြင့် သူနှစ်သက်နေ





သော အမျိုးသမီးတစ်ယောက်ရှေ့မှာ သူ့ရဲကောင်းလုပ်ပြနေခြင်းမျိုးလည်း မဟုတ်ပေ။

ထိုကိစ္စကို အခြားသူများကို မပြောသော်လည်း သူ့ဆရာဦးဗန်ကောင်းနှင့် သူ့မိတ်ဆွေနှစ်ယောက်ဖြစ်သည့် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကိုတော့ ပြောပြလိုက်သည်။

"မင်းကလည်းကွာ. . . လောကမှာ မိန်းမ,မရှားလှပါဘူး၊ ငါတို့ရွာမှာလည်း အပျိုချောတွေ အများကြီးရှိတာပဲ၊ မိန်းမတစ်ယောက်အတွက်နဲ့တော့ ဒီလို မိုက်ရူးရဲ မလုပ်သင့်ပါဘူး"

"မင်းလည်း ဒီနေရာမှာ နေလာခဲ့တာ အတော်ကြာပြီမဟုတ်လား၊ ရေတံခွန်တောင်ဆိုတာ ဘယ်လောက်ကြမ်းတဲ့နေရာဆိုတာ မသိဘူးလား၊ သွားတဲ့သူတိုင်း ပြန်လမ်းမရှိတာရော မကြားမိဘူးလား၊ ဘာကြောင့် ဒီလိုပြောခဲ့ရတာလဲ၊ ဒီမိန်းမနောက်ရင် မင်းသေသွားမှာမို့လား"

ဟု ဂရုဏာဒေါသဖြင့် ပြောကြသည်။

"ငါ ဒီလိုပြောခဲ့တာ ပေါမာ့ရှေ့မှာ သူ့ အထင်ကြီးအောင် သူ့ရဲကောင်း လုပ်ပြချင်လို့ မဟုတ်ပါဘူး၊ ငါ့ရဲ့စိတ်ဓါတ်သတ္တိကို စိန်ခေါ်တယ်ထင်လို့ တမင်လက်ခံခဲ့တာပဲ၊ ငါ ဒီလိုလုပ်ပြီးလို့ အောင်မြင်ခဲ့ရင်တောင် နောက်ထပ် သူ့ဆီကို သွားချင်မှ သွားတော့မှာပါ"

ဟုပြောရာ စောထီးနှင့်ငမဲအောင်တို့မှာ သူတို့အထင်နှင့်အမြင် ကွာနေသောကြောင့် အံ့ဩသွားလေသည်။ ထိုအခါ အနီးမှာ ရှိနေသော ဦးဗန်ကောင်းက ကွမ်းတမြုံ့မြုံ့ ဝါးနေရင်းမှ



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပြောသည်။

“နီမောင် ရွေးချယ်တာ မှန်ပါတယ်၊ မိန်းမတစ်ယောက်ဟာ သူ့ရဲ့အလုပ်ထက် ဂုဏ်သိက္ခာက ပိုပြီးအရေးကြီးသလို ယောက်ျားတစ်ယောက်အတွက်လည်း အသက်ထက် သိက္ခာက ပိုပြီးအရေးကြီးတယ်၊ သူများမလုပ်နိုင်တဲ့အလုပ်ကို သူမလုပ်နိုင်ဘူးဆိုရင် ဟိုလူတွေက အထင်သေးသွားမှာပေါ့”

“သူကြိုက်နေတဲ့ မိန်းမအတွက်ကြောင့်မို့ ကျွန်တော်တို့က ကြားထဲက မခံချင်လို့ ပြောနေတာပါ အဘ”

“မိန်းမတစ်ယောက်အတွက်ပဲလုပ်လုပ်၊ ကိုယ့်ရဲ့ဂုဏ်သိက္ခာအတွက်ပဲလုပ်လုပ်၊ လုပ်နိုင်ဖို့သာ အရေးကြီးတယ်၊ သူ လုပ်နိုင်ရင် ချီးကျူးမယ့်သူ ရှိချင်မှရှိမယ်၊ ဒါပေမယ့် မလုပ်နိုင်လို့ တစ်ခုခုဖြစ်သွားခဲ့ရင်တော့ လက်ညှိုးထိုးပြီး အပြစ်ပြောမယ့်သူတွေ အများကြီး ရှိလာလိမ့်မယ်”

“ကျွန်တော် အောင်မြင်အောင် လုပ်မှာပါ အဘ”

“မင်းစိတ်ဓါတ်ကို ငါအသိဆုံးပါ၊ တခြားသူတွေ မလုပ်နိုင်တာထက် မင်းကတော့ လုပ်နိုင်မှာပါ”

ဟု ဦးဗန်ကောင်းက အားပေးလေသည်။

နောက်တစ်ရက်မှာတော့ ဂူဘားရွာမှ လူတစ်ယောက် ရောက်လာပြီး နီမောင်ကို လိုက်ရှာလေသည်။ တွေ့သောအခါ စာတစ်စောင် ပေးသည်။

“ဂူဘားရွာက ဟေမာလွှတ်လိုက်တာပါ”

နီမောင်က သူ ယူလာသော စာရွက်ကို ဖတ်ကြည့်လိုက်





သည်။

“နီမောင် . .

ပွဲတော်ရက်နေ့ရောက်ရင် ရေတံခွန်တောင်လမ်းက မလာခဲ့ပါနဲ့၊ နင်တစ်ခုခုဖြစ်သွားရင် ငါတစ်သက်လုံး စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး၊ နင် မလာရင်လည်း ငါကတော့ အခင်အမင် မပျက်ပါဘူး။

ဟေမာ”

ဟု ရေးထားလေသည်။

နီမောင်က စာရွက်ကို ပြန်ခေါက်လိုက်ပြီး ပြောလိုက်သည်။

“သူ့ကိုသာ ပြောလိုက်ပါ၊ အဲဒီနေ့ကျရင် ကျွန်တော် ရေတံခွန် တောင်ပေါ်လမ်းကပဲ ရောက်အောင်လာခဲ့ပါမယ်လို့သာ ပြောဖြစ်အောင် ပြောလိုက်ပါ”

ဟု မှာလိုက်သောအခါ ထိုသူလည်း ပြန်သွားလေသည်။

ပွဲတော်ရက်က သိပ်မဝေးတော့သဖြင့် နီမောင်မှာ ရေတံခွန်တောင်ကို ကျော်ဖြတ်ဖို့ ပြင်ဆင်စရာရှိသည်များကို ကြိုတင်ပြင်ဆင်ရလေသည်။ သူတို့လို တောထဲတောင်ပေါ်သို့ အမြဲသွားလာနေသူများအဖို့ ဘယ်နေရာသွားလျှင် ဘယ်လို ဓါးရိယာမျိုး ယူဆောင်ရမည်ကို သိကြလေသည်။

ရေတံခွန်ကိုကျော်ဖြတ်သည့်အခါ ခိုင်ခန့်သော ကြိုးရှည်တစ်ချောင်း ကျောက်တုံးကြားမှာ ထိုးစိုက်နိုင်သည့် သံချွန်များ သစ်ပင်တက်ရာမှာ (အများအားဖြင့်တော့ မြင့်မားလှသော



www.burmeseclassic.com

www.burmeseclassic.com



သစ်ပင်မြင့်ကြီးများ၊ တောင်နံရံများပေါ်မှာရှိသော သစ်ခွပန်းများ တက်ယူခြင်း၊ ပျားဖွပ်ခြင်းများတွင် အသုံးပြုသော)အသုံးပြုသော သံချိတ်များကို ပြင်ဆင်ရသည်။

အထူးသဖြင့် လက်ကိုင်ကွင်းပါသော သံစူးချွန်များကို ဦးစားပေး ယူရလေသည်။

ပွဲတော်ရက်ရောက်သောအခါ စိန်ခူးဝမ်ချောင်းသို့ အရင်သွားလေသည်။ နီမောင်က ဆံပင်ရှည်များကို သားရေကြိုးဖြင့် နဖူးမှ သိမ်းစည်းထားသည်။ ကိုယ်ပေါ်မှာ ကိုယ်ကြပ်အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ထားလေသည်။

ထိုအဝတ်အစားများမှာ တောတက်ရာမှာ ဝတ်ဆင်သည့် အဝတ်အစားများဖြစ်ရာ ဟောင်းနွမ်းနေလေပြီ။ ခါးတွင် သားရေခါးပတ်ကို ပတ်ထားပြီး သံစူး၊ သံချိတ်၊ သံကွင်းများကို ချိတ်ထားသည်။ သားရေအိတ်ဖြင့် ထည့်ထားသော အမဲလိုက်ဓါးမြှောင်တစ်ချောင်းလည်း ပါသည်။ ကျောမှာ မနီလာကြိုးတစ်ချောင်းကို ခွေပြီးလွယ်ထားသည်။

သူ့အမူအရာမှာ ရေတံခွန်တောင်ကို ဖြတ်ကျော်မည့်သူနှင့် သိပ်မတူဘဲ အမဲလိုက် ထွက်မည့်သူ၊ တိုက်ပွဲဝင်မည့်သူတစ်ယောက်နှင့် တူနေသည်။

မနက်ပိုင်း စိန်ခူးဝမ်မြစ်သို့ သွားသောအခါ စောထီးငမဲအောင်နှင့် ဦးဇန်ကောင်းတို့ မြစ်ကမ်းဆိပ်ရောက်အောင် လိုက်ပို့ပေးကြသည်။

ကမ်းဆိပ်ရောက်တော့ စိတ်မချသောကြောင့် တဖွဖွ





မှာနေကြသည်။

"နီမောင်. . . သတိထားပြီး ကူးနော်"

"အေးပါ"

"ဒီအချိန်က တောင်ပေါ်မှာ ရေခဲတွေ အရည်ပျော်ကျနေတဲ့ အချိန်ဆိုတော့ တောင်ပေါ်က ရေခဲရေတွေ ဆင်းလာတာ သိပ်များတယ်"

"ငါသိပါတယ်. . . ဘာမှမဖြစ်ပါဘူး"

မြစ်ကမ်းမှ ဖြတ်ကူးရန် ပြင်တော့ ဦးဇန်ကောင်းက ထပ်မှာသည်။

"မင်း အခုလုပ်ပြမှာ သူရဲကောင်းရွေးပွဲ ဝင်ပြိုင်နေတာ မဟုတ်ဘူး၊ ယောကျ်ားတစ်ယောက်ရဲ့အစွမ်းသတ္တိကို ပြရမယ့် ပွဲပဲ၊ ကိုယ့်ဘက်က ရှုံးသွားရင် အသက်သေရတာထက် ပိုဆိုးလိမ့်မယ်"

"စိတ်ချပါ အဘ၊ တစ်သက်လုံး လူအထင်အမြင်သေးတာမျိုးတော့ အဖြစ်မခံပါဘူး၊ ကျွန်တော် အောင်မြင်အောင် ကြိုးစားခဲ့မှာပါ"

ဟု ပြောပြီး ဦးဇန်ကောင်းကို ကန်တော့သည်။ ပြီးလျှင် မိမိအဖော်များကို နှုတ်ဆက်ပြီးနောက် မြစ်ကမ်းသို့ ဆင်းကာ စိန်ခူးဝမ်မြစ်ကို စတင်ဖြတ်ကူးသည်။ ရေစီးသန်သောကြောင့် သတိဖြင့် ကူးရသည်။ တောင်ကျရေနှင့် ပါလာသော သစ်တုံးအပိုင်းအစများကို မထိမိစေရန် သတိထားပြီး ကူးရသည်။

နီမောင်မှာ ရေကူးကျွမ်းကျင်သူဖြစ်သော်လည်း ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်မှာ ချိတ်ထားသော ကိရိယာများကြောင့် ကူးရတာ လေးနေသည်။ သို့သော်လည်း ကိုယ်ကိုဖော့ကူးသွားသောကြောင့် အချိန်အတော်ကြာသောအခါ စိန်ခူးဝမ်မြစ်တစ်ဖက်ကမ်းသို့ ရောက်သွားသည်။

သူ တစ်ဖက်ကမ်း ရောက်သွားတော့ တစ်ဖက်ကမ်းမှာ ကျန်ခဲ့သော မိတ်ဆွေသုံးယောက်က လက်ပြနှုတ်ဆက်ပြီးနောက် ရွာဘက်သို့ ပြန်လှည့်သွားကြတော့သည်။

နီမောင်က ကမ်းစပ်မှာ အမောဖြေပြီးနောက် အတန်ကြာတော့ နေရာမှထကာ တောလမ်းအတိုင်း ရေတံခွန်တောင်ရှိရာဘက်သို့ သွားလေသည်။ ရေတံခွန်တောင်မှာ အတော်မြင့်ပြီး မတ်စောက်လှသော ကျောက်တောင်အမျိုးအစားဖြစ်သည်။

အောက်ဖက်တွင် ရေအောက်မှ ထိုးထွက်နေသည့် ကျောက်စွန်းကျောက်ချွန် အများအပြား ရှိသည်။

ရေတံခွန်ပေါ်မှ စီးကျလာသောရေတို့သည် အောက်ခြေသို့ရောက်သောအခါ အရှေ့အနောက်ဘက်မှာရှိသော အခြားမြစ်များအတွင်းသို့ နှစ်မွှာကွဲကာ စီးဆင်းသွားလေသည်။ အချို့လည်း စိန်ခူးဝမ်မြစ်ရောက်အောင် စီးဆင်းသွားသည်၊ ကျောက်ဆောင်ထိပ်ပေါ်တွင် ကျောက်ဂမူစွန်းတစ်ခု ရှိနေသည်။

ထိုကျောက်ဂမူစွန်းမှာ ရေတံခွန်အလယ်နေရာလောက်တွင်ရှိပြီး ရေစီးကြောင်းကို နှစ်မွှာဖြစ်အောင် ခွဲထွက်ပေးနေသကဲ့သို့ ရှိသည်။

ရေတံခွန်ပေါ်မှကျလာသော ရေစီးကြောင်းများမှာ ထို





ကျောက်ဂမူစွန်းကိုတော့ မကျော်နိုင်ပေ။ ထိုကျောက်ဂမူစွန်းဖြင့် ထိပြီးသောအခါမှ ရေစီးကြောင်းက နှစ်မွှာကွဲထွက်သွားခြင်းဖြစ်သည်။ နီမောင် ပထမဆုံး ကြိုးစားရမည်မှာ ထိုအလယ်မှာရှိသော ကျောက်ဂမူစွန်း ရှိရာသို့ အရောက်သွားနိုင်ရန်ပင်ဖြစ်သည်။

အလယ်နေရာမှာရှိသော ထိုကျောက်ဂမူစွန်း ရှိရာသို့ ပထမအဆင့်အနေဖြင့် ရောက်အောင်သွားနိုင်ပါက ဟိုဘက်ရောက်အောင် သွားနိုင်ရန် ခက်ခဲမည် မဟုတ်ပေ။

ရေတံခွန်တောင်ပေါ်မှာ ဖြာကျလာသောရေများကတော့ အောက်ဘက်၌ ကျောက်စွန်းကျောက်ချွန်များအပေါ်သို့ တဝုန်းဝုန်း ကျဆင်းနေသည်။ အလယ်နေရာလောက်တွင် အပြင်သို့ထိုးထွက်နေသော ကျောက်စွန်းတစ်ခုကို လှမ်းမြင်ရသည်။ ထိုနေရာရောက်ပြီး တစ်ဖက်သို့ သွားရမည့်ကိစ္စမှာလည်း လွယ်ကူသည့်အရာတော့ မဟုတ်လှပေ။ သို့သော် သူ့အနေဖြင့် မဖြစ်မနေ ဖြတ်ကျော်ရလိမ့်မည်ဟုတော့ စိတ်ထဲမှ ဆုံးဖြတ်လိုက်သည်။

သူသည် ရေတံခွန်ပေါ်မှ မဖြတ်ကျော်ခင် အခြေအနေကို အသေအချာ ကြည့်နေသည်။

ရေစီးအရှိန်နှင့် အကွာအဝေးများကိုလည်း တွက်ဆကြည့်နေသည်။ ရေတံခွန်တောင်၏ အခြားတစ်ဖက်မှာတော့ ရွာလူကြီး ဦးရယ်တန်၊ ဆာတေးတို့ မိသားစုများအပါအဝင် ဂူးဘားရွာမှ လူအတော်များများက ရေတံခွန်ပေါ်မှ လူတစ်



www.burmeseclassic.com

www.burmeseclassic.com



... ဖြစ်ပေါ်လာမည်ကို လာရောက်ကြည့်နေကြလေသည်။

ထိုသို့ ကြည့်နေသူများထဲမှာ ဟေမာလည်း ပါလာသည်။ သူမမျက်နှာပေါ်မှာ စိုးရိမ်မှု အရိပ်အယောင်ကလေးများ ပေါ်နေသည်။

ထိုအချိန်မှာပင် မနီးမဝေးမှ ပြောလိုက်သော စကားသံ အချို့ ပေါ်လာလေသည်။ အသံကျယ်ကျယ်ဖြင့် ပြောလိုက်သောကြောင့် အားလုံးကြားလိုက်ရသည်။

“လူတစ်ယောက်ကို ဒီလိုအလုပ်မျိုး လုပ်ဖို့ ဘယ်သူကများ တိုက်တွန်းပေးလိုက်တာလဲ မသိဘူး၊ တကယ်လို့ မိုက်မိုက်မဲမဲလုပ်တဲ့ကောင်လေး သေသွားခဲ့ရင် ခိုင်းတဲ့လူသာ အမိကတရားခံလို့ ပြောရမှာပဲ”

ထိုစကားကြောင့် အသံကြားရာဘက် လှည့်ကြည့်လိုက်သည်။ တောစပ်မှာ လူတစ်ယောက် ရပ်နေသည်။ တစ်ကိုယ်လုံး အဝတ်မည်းကြီး ဝတ်ထားရုံမက ဦးခေါင်းပေါ်မှာပင် ပုဝါအနက်တစ်ထည် ခြုံထားသော ဒေါ်မင်းဇာပင်ဖြစ်သည်။

အခြားလူက ထိုစကားမျိုး ပြောလာပါက ဆာတေးနှင့် သူ့သားသမီးများက ရန်ရှာကြမှာ သေချာသော်လည်း ဒေါ်မင်းဇာ ဖြစ်နေသောကြောင့် မျက်နှာပျက်သွားသော်လည်း ဘာမှတော့ ပြန်မပြောခဲ့ကြပေ။ အဘယ်ကြောင့်ဆိုသော်. . .

ဒေါ်မင်းဇာမှာ ကဝေပညာ တတ်ကျွမ်းသည်ဟု ထင်ထားကြသောကြောင့်ဖြစ်သည်။ ဒေါ်မင်းဇာအပြင် အနားမှာ





တစ်ယောက်ပါသေးသည်။

သူ့မြေးဖြစ်သူ သရဖီဆိုသော အမျိုးသမီးဖြစ်သည်။ သရဖီမှာ အသက်(၂၀)ကျော်အရွယ်ခန့်ရှိပြီး ရုပ်ရည်ချောမောသော်လည်း မာနကြီးသည့် ရုပ်ရည်မျိုးဖြစ်သည်။ ဒေါ်မင်းဇာ အရှိန်ကြောင့် တစ်ရွာလုံးက သူမကို မထိဝံ့ မစဝံ့ကြပေ။

ထို့နောက်မှာ မည်သူမှ စကားမပြောတော့။ ရေတံခွန်ပေါ်မှ ဖြတ်ကူးလာမည့် နီမောင်ရှိရာသို့ လှမ်းကြည့်နေကြလေသည်။

နီမောင်ကတော့ ဖြတ်ကူးရန် အဆင်သင့် ဖြစ်နေသောကြောင့် ယူလာသော သံချွန်တစ်ချောင်းနှင့် ကြိုးခွေကို ယူကာ ရေထဲသို့ စဆင်းလေပြီ။

ရေနက်ပိုင်းသို့ ရောက်သောအခါ အရှိန်ပြင်းသော ရေစီးအားက သူ့ကို ဆွဲချသွားတော့သည်။ အောက်မှာ ရပ်ထားသောခြေထောက် လွတ်သွားသည်နှင့် စတင်ကူးလေသည်။

သူ့အနေဖြင့် မည်မျှပင် ကြိုးစားကူးစေကာမူ ရေဆွဲအားကြောင့် အောက်ဖက်သို့သာ မျောပါနေသည်။ သူသည် အလယ်မှာရှိသော ကျောက်ဂမူစွန်းရှိရာသို့ ရောက်အောင် ကြိုးစားနေခြင်း ဖြစ်သည်။ ရေစီးကြမ်းလှသည့်အပြင် အေးလှသော ရေခဲရေများကြောင့် တစ်ကိုယ်လုံး ထုံကျင်တက်လာသည်။

အဆိုးဆုံးက အပေါ်မှ ရေစီးနှင့် မျောပါလာသော သစ်တုံးများဖြင့် မတိုက်မိစေရန် ရှောင်ပေးနေရခြင်းဖြစ်သည်။

နောက်ဆုံးမှာတော့ သူ၏ကြိုးစားမှုကြောင့် အလယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနေသည့် ကျောက်ဂမူစွန်းရှိရာသို့ ရောက်သွားလေတော့သည်။

လက်တစ်ဖက်က ကျောက်စွန်းကို ဖမ်းဆွဲထားသော်လည်း ခန္ဓာကိုယ်က ကြိုးပြတ်နေသော စွန်တစ်ကောင်ကဲ့သို့ ရေထဲမှာ လူးလွန့်နေသည်။ ထို့နောက်မှာ အလယ်ကျောက်ဂမူအပေါ်သို့တက်ပြီး မတ်တတ်ရပ်ပြလိုက်သည်။ တစ်ဖက်မှ လှမ်းကြည့်နေသူများက လှမ်းပြီး လက်ပြနေကြလေသည်။

ထို့နောက်မှာတော့ ရေတိုက်စားမှုကြောင့် ပြောင်ချောနေသော ကျောက်တုံးပေါ်မှ အောက်သို့ လျှောဆင်းရပြန်လေသည်။ သူရောက်နေသောနေရာနှင့် မနီးမဝေးမှာ ကျောက်တုံးမှ ခွဲထွက်သွားသော ရေကြောင်းနှစ်ခု ပေါင်းဆုံသွားသော နေရာတစ်နေရာ ရှိသည်။ ထိုနေရာနှင့် မနီးမဝေးမှာ ရေပေါ်သို့ တစွန်းတစ ပေါ်နေသည့် ကျောက်စွန်းတစ်ခု ရှိနေသည်။

ထိုကျောက်စွန်းသို့ ရောက်အောင်သွားနိုင်ပါက တစ်ဘက်ကမ်းသို့ ရောက်နိုင်ဖို့ ခက်ခဲတော့မည် မဟုတ်ပေ။ နီမောင်က သူယူလာသောကြိုးကို ရပ်နေသော ကျောက်စွန်းနေရာမှာ ခိုင်အောင် ချည်လိုက်သည်။ ကျန်တစ်စကို သူ့ခါးမှ သားရေခါးပတ်မှာ တွဲချည်လိုက်သည်။ ထိုသို့ချည်ပြီး ခိုင်မခိုင် စမ်းကြည့်ရသေးသည်။ စိတ်ချရတော့မှ ရေကြောင်းနှစ်ခု ပေါင်းဆုံနေသောနေရာရောက်အောင် မှန်းပြီးလှမ်းခုန်ချလိုက်တော့သည်။

ရေထဲရောက်သွားသောအခါ ပြင်းထန်လှသော ရေစီးကြောင်းအားကြောင့် သူ့ခန္ဓာကိုယ်မှာ ရေအောက် မြုပ်လိုက်ပေါ်လိုက် ဖြစ်နေတော့သည်။ ဒီတစ်ကြိမ်မှာတော့ စွန်ကြိုးပြတ်





သလို မဟုတ်တော့ဘဲ ငါးမြားကြိုးမှာ ငါးမိနေသကဲ့သို့ တန်းလန်းဖြစ်ကာ မြုပ်ချည်ပေါ်ချည် ဖြစ်နေတော့သည်။

သူသည် ထိုအခြေအနေမှာပင် တစ်ဖက်မှာ ရှိသော ကျောက်စွန်းရှိရာသို့ရောက်အောင် ကူးခတ်သွားနိုင်သည်။ ထိုကျောက်တုံးရှိရာရောက်တော့မှ ခါးမှာချည်ထားသော ကြိုးစကို ဖြုတ်ချပစ်လိုက်သည်။ ထိုနေရာမှာ အတန်ကြာအောင် အမောဖြေပြီးတော့မှ နေရာမှ ထရပ်လိုက်သည်။ ထိုအခါမှ အောက်ခြေမှာ ရပ်နေသူများက သူ့ကိုမြင်သွားပြီး လက်ပြနှုတ်ဆက်ကြပြန်လေသည်။

ထို့နောက်မှာတော့ အောက်ဘက်မှာရှိသော ရေအိုင်ထဲသို့ ခုန်ချလိုက်သည်။

အောက်မှကြည့်နေသူများက ရေတံခွန်အပေါ်မှ လှပစွာခုန်ဆင်းလာသော နီမောင်ကို တအံ့တသြ ကြည့်နေကြသည်။

ရေတံခွန်က မြင့်သောကြောင့် ရေအောက်ကြမ်းပြင်အထဲ မြုပ်သွားပြီးမှ ခြေကန်ပြီး ပြန်တက်လာသည်။ ကမ်းစပ်မှ ကြည့်နေသူများကတော့ တော်တော်နှင့် ပြန်မပေါ်လာသောကြောင့် စိုးရိမ်နေကြသည်။ အတန်ကြာတော့ ရေပြင်ပေါ်သို့ ပြန်ပေါ်လာသော နီမောင်ကို မြင်ကြရသဖြင့် 'ဟေး'ခနဲ ဝိုင်းအော်ကြသည်။

နီမောင်က တစ်ဖက်ကမ်းခြေသို့ရောက်အောင် ကူးခတ်လာသည်။ ကမ်းခြေရောက်တော့ မနီးမဝေးမှာ ရပ်နေသော သာတေးကို လှမ်းကြည့်ပြီး. . .



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတဲ့အတိုင်း ရေတံခွန်ကို ကျော်ဖြတ်ပြီး လာခဲ့တာပဲ၊ ဒါပေမယ့် ခင်ဗျားတို့ ကျင်းပမယ့် ပွဲတော်ကိုတော့ မလာတော့ပါဘူး"

ထိုစကားကြားသောအခါ ဆာတေးက မျက်နှာပျက်သွားလေသည်။ အနားမှာရပ်နေသည့် ဟေမာကလည်း ပါးစပ်အဟောင်းသားဖြစ်သည်။

"ခဏဖယ်ပေးကြဦး. . . သူ့မှာ ဒဏ်ရာရလာတယ်၊ ဒီဒဏ်ရာကို အရင်ကုပေးရမယ်"

ထိုသို့ပြောပြီး အနားကပ်လာသူမှာ ဒေါ်မင်းဇာတို့ မြေးအဖွားပင်ဖြစ်သည်။

ထိုအခါမှပင် နီမောင်မှာ သူ့နဖူးမှ စီးကျနေသော သွေးများကို သတိပြုမိလေသည်။

ဒေါ်မင်းဇာက သူ့မှာအသင့်ပါလာသောဆေးဖြင့် ပတ်တီးစည်းပေးခိုင်းရာ မြေးဖြစ်သူ သရဖီက လုပ်ပေးလေသည်။

"ကျေးဇူးတင်ပါတယ်"

"နင် ပွဲတော်မသွားရင် ငါတို့အိမ်ကိုတော့ ခဏလိုက်ခဲ့ပါ"

နီမောင်က အံ့သြသွားသည်။

"နင့်မှာ ဒဏ်ရာရထားတဲ့အပြင် တစ်ကိုယ်လုံး ရေစိုနေတော့ ဒီအတိုင်း ပြန်သွားရင် သွေးခဲပြီး သေသွားမှာပေါ့"

ဟု ပြောသည်။

နီမောင်အနေဖြင့်လည်း ဇွတ်မငြင်းသာတော့သဖြင့်





သရဖီတို့ မြေးအဖွားနှင့် လိုက်သွားလေရာ ဟေမာက စိုးရိမ်သော အမူအရာဖြင့် လှမ်းကြည့်နေလေသည်။ သူမအနေဖြင့် ဘာမှ ပြောပိုင်ခွင့် မရှိပါချေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)



## ရင်ထဲမှ အာဃာတ ဆူးတစ်ချောင်း

ဂူးဘားရွာမှာ အိမ်ခြေများသော ရွာကြီးတစ်ရွာဖြစ်ပြီး လူစည်ကားသောနေရာလည်း ဖြစ်ပေသည်။ အခြားမှ ကုန်သည်များ ရောက်လာလျှင်လည်း ထိုရွာမှာပင် စခန်းထောက် လုပ်ကြတော့သည်။ ယခုလို နှစ်သစ်ကူးပွဲတော်၊ ကောက်သစ်စားပွဲတော်ရက်များ ရှိပါက ပိုပြီးလူများလေသည်။

အခြားအနီးပတ်ဝန်းကျင် ရွာကလေးများမှ လူများပင် လာရောက်ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုရွာမှာ အုပ်ချုပ်နေသော ရွာလူကြီးရှိသည်။ ဦးရဝ်တန်ဖြစ်ပြီး အေးအေးနေတတ်သူတစ်ဦးပင်ဖြစ်သည်။

ထို့ကြောင့် ရွာနှင့်ပတ်သက်သည့် အရေးကိစ္စများ ရှိလာဝါက ဆာတေးကပင် ဦးဆောင်ပြီး ပြုလုပ်ပေးရလေသည်။ ဆာတေးမှာ ထိုရွာမှာသာမက ထိုနယ်တစ်ဝိုက်မှာပင် ပစ္စည်းဥစ္စာ အချမ်းသာဆုံးဖြစ်သဖြင့် တစ်နယ်လုံးက သူ့ကို "သူဌေးဆာတေး" ဟု ခေါ်ကြလေသည်။

ဦးရယ်တန်ကလည်း ရွာလူကြီးသာဆိုသော်လည်း ထိုကိစ္စမျိုးဆိုလျှင် သူဌေးဆာတေးကိုသာ အားကိုးကြရလေသည်။

ဂူးဘားမှာ တိဗက်လူမျိုးအများစု နေထိုင်မှုများသောနေရာဖြစ်သောကြောင့် ရိုးရာပွဲတော်များ ကျင်းပကြရာမှာလည်း တိဗက်တို့၏ဓလေ့များအတိုင်း ခပ်ဆင်ဆင် တူလေသည်။

သူဌေးဆာတေးမှာ တိဗက်လူမျိုးတစ်ဦး ဖြစ်သဖြင့် ၎င်းဦးဆောင်ပြီး ပြုလုပ်သော ရိုးရာပွဲများမှာလည်း တိဗက်ဓလေ့အတိုင်းပင် ဖြစ်သည်။

တိဗက်တိုင်းရင်းသားတို့သည်လည်း မြန်မာများကဲ့သို့ပင် လဆန်း,လဆုတ်နှင့်တွက်ယူသော (Lunnar Month)လများကို အသုံးပြုကြ၏။

နှစ်များကိုမူ တရုတ်လူမျိုးများ အသုံးပြုသော (၁၂)နှစ်တစ်ကြိမ် ပြန်၍စယူရမည့် တိရစ္ဆာန်နှစ်များ (Duodecennary Cycle of Animal Years)နှင့် မှတ်သားကြလေသည်။

၎င်းတိရစ္ဆာန်နှစ်များမှာ ကြွက်နှစ်၊ ကျွဲနှစ်၊ ကျားနှစ်၊





ယုန်နှစ်၊ နဂါးနှစ်၊ မြွေနှစ်၊ မြင်းနှစ်၊ ဆိတ်နှစ်၊ မျောက်နှစ်၊ ကြက်နှစ်၊ ခွေးနှစ်၊ ဝက်နှစ်များဖြစ်ကြရာ ကလေးကို နာမည်မှည့်ခေါ်ရာတွင် မွေးဖွားသောနှစ်၏ တိရစ္ဆာန်အကောင်အမည်ကိုလိုက်၍ မှည့်ခေါ်တတ်ကြလေသည်။

တိဗက်တို့သည် တစ်နှစ်လျှင် နှစ်ကြိမ်ကျ ဘာသာရေးပွဲတော်ကြီးများ ကျင်းပကြရာ တစ်ခုမှာ နှစ်သစ်ကူးပွဲတော် ဖြစ်၍ကျန်တစ်ခုမှာ ဝါကျွတ်ပွဲတော်ကဲ့သို့ ပွဲများဖြစ်လေသည်။

နှစ်သစ်ကူးပွဲတော်မှာ တိဗက်များအဖို့ ကြီးကျယ်ခမ်းနားဆုံးပွဲတော်ဖြစ်၍ လာဆာမြို့တော်၌ဆိုလျှင် ၎င်းပွဲတော်ကိုရက်သတ္တ(၃)ပတ်မျှကြာအောင် ကျင်းပလေ့ရှိကြသည်။

တိဗက်နှစ်သစ်ကူးပွဲတော်မှာ မြတ်စွာဘုရားသခင် ဖွားသန့်စင်တော်မူသောနေ့နှင့် ပရိနိဗ္ဗာန် ခံယူတော်မူသောနေ့များတွင် ကျရောက်လေသည်။

မြန်မာဝါဆိုလပြည့်နေ့များနှင့် သွား၍ညီပါမည်။

ထိုအချိန်အခါတွင် ဘာသာရေးအရ ဘုရားတရား ရှိခိုးပူဇော်ရွတ်ဖတ်ခြင်းများ၊ စီတန်းလှည့်လည် ကခုန်မြူးတူးကြခြင်းများနှင့် ပျော်ပွဲပြိုင်ပွဲ အမျိုးမျိုးကို အကြီးအကျယ် ကျင်းပလေ့ရှိကြ၏။

ပျော်ပွဲရွှင်ပွဲများကို ကြိုက်နှစ်သက်ကြသော တိဗက်များသည် ပွဲတော်ချိန်များတွင် ဝိုရှည်ကြီးများနှင့် လင်းကွင်းကြီးများတို့ တီးမှုတ်ကာ မိန်းမယောကျ်ား ရိုးရာအကများဖြင့် ကခုန်မြူးတူးကြလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သေဆုံးသူများကို သဂြိုဟ်ခြင်းနှင့် ပတ်သက်၍ တိဗက်တို့တွင် ဆန်းကြယ်သော ထုံးစံတစ်ခု ရှိသည်ဟု ကြားသိရလေသည်။

အသုဘချသောနေ့တွင် အလောင်းကောင်အား အဝတ်ဖြူများနှင့်ပတ်ကာ ရွာအနီးအနားရှိ သင်္ချိုင်းနေရာအဖြစ် သတ်မှတ်ထားသော တောင်ကုန်းတစ်ခုပေါ်သို့ သုဘရာဇာများက ယူဆောင်သွားကြရ၏။

သင်္ချိုင်းသို့ ရောက်သောအခါ သုဘရာဇာယောက်ျားတစ်ယောက်က အလောင်းကောင်အား အပိုင်းပိုင်းဖြစ်အောင် ပုဆိန်ဖြင့် ခုတ်ထစ်လေသည်။

တစ်ယောက်က အနားတွင် ပုံရှည်ကလေးကို တီးနေရင်း ဘုရားစာများကို ရွတ်ဆိုသရဇ္ဈာယ်နေရ၏။

ကျန်လူများက ထိုနေရာတွင် ဝိုင်း၍နေသော လင်းတကောင်များကို ခြောက်လှန့်နေကြရသည်။

အလောင်းကောင်၏အရိုးများကိုလည်း လင်းတများ မစားနိုင်အောင် အပိုင်းပိုင်း ဖြတ်ပစ်ခြင်းဖြင့် ခန္ဓာကိုယ်ကြီးအား အစအန ပျောက်သွားအောင် ပြုလုပ်ကြလေသည်။

ဤထုံးစံမှာ ရက်စက်ကြမ်းကြုတ်ပုံရသော်လည်း ဗုဒ္ဓတရားတော်အရ သင်္ခါရသဘောတရားကို လေးနက်စွာ ယုံကြည်သက်ဝင်ကြသော တိဗက်များအဖို့ ဝိညာဉ်မရှိတော့သော မိမိတို့၏ခန္ဓာကိုယ်များကို တန်ဖိုးထားနေရန် မလိုတော့ဟု ယုံကြည်ကြသောကြောင့်ပင်ဖြစ်ပေသည်။





ဤသဂြိုဟ်ခြင်းထုံးစံမှာ သာမန်လူတန်းစားများအဖို့သာဖြစ်၍ လားမားဘုန်းတော်ကြီးများနှင့် ဆွေကြီးမျိုးကြီးများကိုမူ မီးသဂြိုဟ်လေ့ ရှိကြ၏။

လွန်စွာဆင်းရဲ၍ ခုတ်ထစ်သဂြိုဟ်ရန်အတွက် သုဘရာဇာ မငှားနိုင်သူများ၏အလောင်းကို မြစ်ချောင်းများထဲသို့ မျှောချတတ်ကြလေသည်။

ရိုးရာပွဲတော်ရက်များ ရောက်လာပါက မိမိတို့ချည်းသီးခြားမလုပ်ဘဲ ရွာလူကြီးများ သို့မဟုတ် သူဌေးများက ဦးဆောင်ပြီး ပြုလုပ်ကြရာ ထိုပွဲမှာပင် ပါဝင်ကြလေသည်။ နှစ်စဉ်နှစ်တိုင်း ပွဲတော်ရက်များ ရောက်လာသည်ဖြစ်စေ၊ အခြားအကြောင်းကိစ္စများ ရှိသည်ဖြစ်စေ သူဌေးဆာတေးကပင် ကမကထလုပ်ပြီး ဆောင်ရွက်လေ့ရှိသည်။

နှစ်စဉ်လိုလိုပင် ရိုးရာပွဲတော်များ ရောက်လာလျှင် သူ့ခြံဝန်းထဲမှာပင် ဒိုင်ခံကျင်းပလေသည်။ သူက အနီးဝန်းကျင်မှ မိတ်ဆွေများသာမက ရပ်ဝေးမှ မိတ်ဆွေများကိုပင် ဖိတ်ကြားပြီး ကျင်းပလေသည်။ သူကျင်းပသော ပွဲတော်အချိန်ရောက်လျှင် အရပ်ဝေးရပ်နီးမှ လူကုံတန်များ၊ ပိုက်ဆံချမ်းသာသူများ လာရောက်လေ့ရှိကြသည်။ ထိုသို့လာရောက်ရင်းနှင့် သားသမီးကိစ္စများ ပြောဆိုဆွေးနွေး ကြသည်။

စီးပွားရေးကိစ္စများ ပြောဆိုဆွေးနွေးကြသည်။ ယတ်နွား၊ သိုး၊ ဆိတ် အရောင်းအဝယ်များအပြင် အခြားကုန်များ၊ အသီးအနှံများကိုပါ တစ်ခါတည်း အရောင်းအဝယ် ပြုလုပ်ကြ



www.burmeseclassic.com

www.burmeseclassic.com

သည်။

အသေသမီးအရေးကိစ္စများ ရှိလျှင်လည်း ထိုပွဲတော်သို့ လာရောက်နှင့် အချင်းချင်းတွေ့ဆုံကာ ပြောဆိုဆွေးနွေးကြသည်။

ထိုနယ်တစ်ဝိုက်တွင် နေကြသူများမှာ တစ်နေရာနှင့်တစ်နေရာ ဝေးလှသည်ကတစ်ကြောင်း၊ သွားလာရသည်မှာ လမ်းပန်းဆက်သွယ်ရေး ခက်ခဲမှုများကြောင့် အလွယ်တကူ မတွေ့နိုင်ကြပေ။

တစ်ဦးရှိသောနေရာသို့ ကျန်တစ်ဦးက မသွားလာနိုင်သောကြောင့် ပွဲတော်ရှိသောနေရာများကို တကူးတက လာရောက်ခြင်းဖြစ်သည်။

သူဌေးဆာတေးက သူကျင်းပသောပွဲရက်မှာ လာရောက်သူများ ပိုမိုပျော်ရွှင်မှုရှိစေရန် ပြိုင်ပွဲများပါ ထည့်သွင်းကျင်းပလေသည်။

မြင်းစီးပြိုင်ပွဲ၊ ယတ်န္တားစီးပြိုင်ပွဲ၊ နပန်းသတ်ပွဲ၊ လက်ဝှေ့ပွဲ၊ မြားပစ်ပြိုင်ပွဲ စသောစွမ်းရည်ပြိုင်ပွဲများ ထည့်သွင်းကျင်းပပြီး အနိုင်ရသူကို ဆုများချီးမြှင့်ပေးသည်။

ထိုပြိုင်ပွဲများသို့ အနယ်နယ်အရပ်ရပ်မှ လူရွယ်လူငယ်များ လာရောက်ယှဉ်ပြိုင်ကြသည်။

ပြိုင်ပွဲတွင် ဆုရသည်မရသည်ထက် အပျိုချောများရှေ့တွင် မိမိတို့စွမ်းရည်ကို ပြသခွင့်ရသည်ကတစ်ကြောင်း၊ မိမိတို့ တတ်ကျွမ်းသောပညာများ ဘယ်အခြေအနေလောက်အထိ ခရီးရောက်နေသည်ကို သိလိုသဖြင့် အကူးတက လာရောက်





ယှဉ်ပြိုင်ကြသူများ ရှိသည်။

ထိုပြိုင်ပွဲမှာ အစွမ်းအစ ပြနိုင်ကြသဖြင့် မိမိနှစ်သက်သော အပျိုချောများနှင့် အဆင်ပြေသွားကြသူများလည်း ရှိကြသည်။

သို့ကြောင့် တစ်နှစ်တစ်ခါ ကျင်းပသော ထိုပွဲတော်သို့ တကူးတက လာရောက်ကြခြင်းဖြစ်သည်။

ယခုလည်း ပွဲတော်ရက်ရောက်ပြီဖြစ်သောကြောင့် ရပ်ဝေးရပ်နီးမှာ ရှိကြသူများ တဖွဲဖွဲနှင့် လာရောက်ကြလေသည်။

၎င်းတို့အရပ်မှာ ရိုးရာပွဲတော် ကျင်းပကြခြင်းမှာ မြန်မာနိုင်ငံနေရာအနှံ့အပြားတွင် ဘုရားပွဲတော်ကြီးများ ကျင်းပသကဲ့သို့ပင် လူပေါင်းစုံလှသည်။

အချို့ကတော့ သူဌေးဆာတေးမှာ ရှိသော သမီးချောဟေမာကို လာရောက်ပိုးပန်းကြသူများလည်း ပါကြသည်။ ထိုအထဲတွင် ဆန်ဂေါင်ရွာမှ သက္ကလည်း ထိပ်ဆုံးမှ ပါဝင်သူတစ်ဦးဖြစ်သည်။

သူသည် ရဝမ်မျိုးနွယ်ဝင်တစ်ဦးဖြစ်သည်။ မိဘများမှာ ထိုအရပ်ဒေသတွင် ဩဇာရှိသော တောရွာလူကြီးများ ဖြစ်သည်သာမက မြေကွက်နှင့် တိရစ္ဆာန်များစွာတို့ကို ပိုင်ဆိုင်ထားသည်။

ထိုဒေသမှ ထွက်သော ကုန်ပစ္စည်းများကို ဝယ်ယူကာ အရောင်းအဝယ်ပြုနေသောကြောင့်လည်း ကုန်သည်များနှင့် အဆက်အသွယ်ရှိသည်။

သက္ကသည် အသက်(၃၀)အရွယ်ခန့်ရှိပြီး နောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



နောက်ပါ တပည့်များသောကြောင့် တစ်နယ်လုံး မော့ကြည့်ဝံ့သူ မရှိအောင် မိုက်သွေးပြတတ်သူလည်းဖြစ်သည်။

ရင်းတို့မိသားစုများမှာ အခြားလက်နက်များအပြင် အမဲလိုက်သေနတ်များပါရှိသောကြောင့် အားလုံးက ကြောက်ရွံ့ကြရလေသည်။

သက္ကသည် သေနတ်ပစ် ဖြောင့်သလို လေးမြားပစ်ခတ်မှုမှာလည်း အတော်ကလေး ကျွမ်းကျင်သူဖြစ်လေသည်။

ယခုလည်း နောက်ပါတပည့်အချို့နှင့် ဂူးဘားရွာသို့ ရောက်လာလေသည်။

သူသည် ဟေမာကို သဘောကျနေသဖြင့် နှစ်စဉ်လာရောက်ကာ ချစ်ရေးဆိုနေသူလည်းဖြစ်သည်။ ယခုလည်း လက်ဆောင်ပစ္စည်းများ ယူလာပြီး ဟေမာကို ပေးသည်။

ဟေမာကတော့ သူ့ကို သဘောကျဟန် မရှိပေ။

"ဟေမာ. . . နင့်အတွက် လက်ဆောင်တွေအများကြီး ယူလာတယ်. . . ဒီမှာ"

"ကျေးဇူးတင်ပါတယ်"

"နင်ကတော့ တစ်နှစ်ထက်တစ်နှစ် ပိုလှလာသလိုပဲ၊ ဒါထက် ငါပြောထားတဲ့ကိစ္စကိုရော နင် ဘယ်လိုစဉ်းစားထားသလဲ"

"ကျွန်မ အဲဒါတွေ ဘာမှမစဉ်းစားချင်သေးပါဘူး"

"ငါ့မှာ ဘာအပြစ်ရှိလို့ လက်မခံနိုင်ရတာလဲ"

"အို. . . အိမ်ထောင်ရေးကိစ္စဆိုတာ လွယ်လွယ်မှ





မဟုတ်တာ၊ ဘဝနဲ့ရင်းရတာဆိုတော့ လွယ်လွယ်ဆုံးဖြတ်လို့ ဘယ်ဖြစ်ပါ့မလဲ၊ လူတစ်ယောက်မှာ အပြစ်မရှိတိုင်းတော့ ဘဝလက်တွဲဖော်အဖြစ် ရွေးသင့်မှရွေးမှာပေါ့"

ဟေမာ၏ချက်ကျလက်ကျ ပြောလိုက်သည့်စကားကြောင့် သက္ကမှာ မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားလေသည်။ သို့သော် ချက်ချင်းပြင်လိုက်ပြီး. . .

"အေးလေ. . . ငါကတော့ နင့်ကို တကယ်ချစ်နေတာပါ။ မရရအောင်လည်း ယူဖို့ဆုံးဖြတ်ထားတယ်၊ ငါ့အစွမ်းအစနဲ့ မရရင် မိဘတွေအားကိုးနဲ့ပဲ နင့်ကို ရအောင်ယူရမှာပဲ"

ဟု ပြောလေသည်။

ထိုအခိုက်မှာပင် သူဌေးဆာတေးက အနားရောက်လာပြီး လာရောက်နှုတ်ဆက်လေသည်။

"သက္ကတို့တောင် ရောက်လာကြပြီလား၊ အခုလို ငါ စီစဉ်တဲ့ပွဲမှာ နှစ်စဉ်နှစ်တိုင်း လာပြီးအားပေးတာ ကျေးဇူးတင်ပါတယ်"

"ရပါတယ် ဆလိုင်းရယ်၊ ကျွန်တော်တို့က တစ်နှစ်တစ်ခါ လာရတာကိုတောင်မှ ရက်နည်းနေတယ်လို့ ထင်နေမိတယ်. . . အမြဲလာချင်နေတာဗျ"

သက္ကက ဟေမာကို ကြည့်ပြီးပြောလိုက်ရာ သူဌေးဆာတေးမှာလည်း ငယ်ရာက ကြီးလာရသူမို့ သူပြောသော စကားအဓိပ္ပါယ်ကို သဘောပေါက်လေသည်။

"လာပေါ့ကွယ်. . . ငါတို့က မင်းတို့လို အဆင့်အတန်း



www.burmeseclassic.com

www.burmeseclassic.com



ထူထဲ့ ခိုင်ခန့်တဲ့အတွက် အမြဲတံခါးဖွင့်ထားတာပဲ၊ ဒါထက် ခင်ဗျားတို့ရွာရော စီးပွားရေး ကောင်းကြရဲ့လား"

"ဟုတ်ကဲ့. . . ကောင်းကြပါတယ်"

"ဒါထက် ဒီနှစ်မှာရော ဘာတွေပြိုင်ဦးမှာလဲ"

"ကျွန်တော်က ဘာပဲပြိုင်ပြိုင် ရပါတယ်၊ ကျွန်တော့်ကို ပြိုင်နိုင်တဲ့ ပြိုင်ဘက်ကောင်းကောင်း မရှိလို့သာ ခက်နေတာ"

ဟုပြောရင်း သက္ကက သဘောကျစွာ ရယ်လိုက်လေသည်။

"နောက်တော့ တွေ့မှာပေါ့ကွာ၊ ဒီမှာ မင်းတို့ကို ဧည့်ခံဖို့ ကျွဲပေါင်နဲ့ အရက်ကောင်းကောင်းတွေ စီစဉ်ပေးထားတယ် ဟေ့"

"ကောင်းတာပေါ့ ဆလိုင်းရာ၊ ဒါထက် ကျွန်တော်တို့ ရောက်မလာခင်က ဒီမှာ ပြိုင်ပွဲတစ်ခု ပြီးသွားတယ်လို့ ပြောသံ ကြားတယ်"

"ပြိုင်ပွဲမဟုတ်ပါဘူးကွာ၊ ဟိုဘက်ရွာက လူငယ်တစ် ယောက်ကို ရေတံခွန်တောင်ပေါ်က ဖြတ်ပြီး ဒီဘက်ရွာကို ရောက်အောင် လာခိုင်းခဲ့တာပါ"

"သူ မလာဝံ့ဘူးလား"

"လာတယ်"

"ဒီကောင် မိုက်ရသလား၊ ရေတံခွန်ပေါ်က လာမှတော့ သေသွားသလား"

"မသေဘူး. . . သူ ဒီဘက်ရောက်အောင် လာနိုင်ခဲ့





တယ်"

သက္ကမှာ အံ့ဩသွားဟန်ရှိသည်။

"သူ ဘယ်သူလဲ"

"သူ့နာမည်က နီမောင်တဲ့. . . မန်စေရွာကပဲ"


သက္ကက ဘာမှဆက်မမေးတော့သဖြင့် သူဌေးဆာ တေးလည်း ထိုနေရာမှ ထွက်သွားလေသည်။

ထိုနေ့က သက္ကစိတ်ထဲမှာ တစ်စုံတစ်ခု ဝင်ရောက်နေ သံကဲ့သို့ ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၆)



## အမှောင်ရိပ်ထဲမှ ကြောက်စရာမှုံရိပ်များ

သရဖီနှင့် ဒေါ်မင်းဇာတို့နေသောအိမ်မှာ ကူးဘားရွာ အစွန်ဘက်လောက်တွင် ရှိသည်။

သီးခြားဆောက်ထားသော အိမ်ကြီးတစ်လုံးဖြစ်ပြီး ခြံဝန်းအတွင်းမှာလည်း အခြားအဆောက်အဦးများ ရှိလေသည်။ ထိုအိမ်ကြီးပေါ်မှာ အသက်အရွယ်ကြီးလှပြီဖြစ်သော လူအချို့ ရှိနေကြပြီး ဒေါ်မင်းဇာတို့ ပြန်ရောက်လာသောအခါ လိုလေး



www.burmeseclassic.com

www.burmeseclassic.com



သေးမရှိအောင် လုပ်ကိုင်ပေးကြလေသည်။

အတော်များများမှာ ထူထဲသောအဝတ်များ ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်မှာ အဝတ်များ ခြုံထားသောကြောင့် မျက်နှာများကိုတော့ သေသေချာချာ မမြင်ရပေ။

ထိုအိမ်ရောက်တော့ ညနေပိုင်းအချိန် ရောက်နေပေပြီ။

သရဖီကိုယ်တိုင် နီမောင်ဦးခေါင်းမှာ ရလာသောဒဏ်ရာကို ဆေးထည့်ပြီး ပတ်တီးစည်းပေးလေသည်။

ထို့နောက်. . .

ကြက်သွန်၊ ပန်းဂေါ်ဖီတို့ဖြင့် ကျိုထားသော စွပ်ပြုတ်ရည်နှင့် ထောပတ်ဖြင့် ပြုလုပ်ထားသော မုန့်တစ်မျိုးကိုကျွေးသည်။

နီမောင်မှာ တစ်နေ့လုံး ပင်ပန်းနေပြီး ဘာမှမစားရသေးသဖြင့် ဝမ်းဟာနေရာ ချကျွေးသော အစားအသောက်များကို ကုန်အောင်စားလိုက်သည်။

ထို့ပြင် ထောပတ်ဆီဖြင့် ရောထားသော လက်ဖက်ရည်ပေးပြန်ရာ အရသာခံပြီး သောက်ရပြန်လေသည်။ ထောပတ်သည် တိဗက်တို့ နှစ်သက်စွာ စားသောက်ကြသည့် အစားအသောက်များထဲမှာ မပါမပြီးသော အာဟာရတစ်မျိုး ဖြစ်သည်။

အိမ်တိုင်းခြံတိုင်းမှာ ယတ်နွားများ မွေးထားကြကာ ထိုနွားများမှရသော နို့ကို ဒိန်ခဲ၊ ထောပတ်များ ပြုလုပ်ထားကြသည်။

ထိုအစားအသောက်များကို ကြာရှည်အထားခံအောင်





စီမံပြုလုပ်ထားကာ တစ်နှစ်ပတ်လုံး စားကြသည်။

၎င်းတို့အနေဖြင့် ထောပတ်ကို ပင်မ,ထားပြီး ထောပတ်နှင့်ဂျုံကို ကျို၍သော်လည်းကောင်း၊ ဆမ်ပါ(Tsampa)ခေါ် ဘာလီ(Barlay)ဆန်စေ့များကို ထောပတ်ဖြင့် ကျိုချက်၍သော်လည်းကောင်း၊ အခြားစားသောက်ဖွယ်ရာများ ပြုလုပ်ရာမှာလည်း ထောပတ်ကို မပါမဖြစ်ထည့်ကာ ပြုလုပ်စားသောက်လေ့ရှိကြသည်။

ထို့ပြင် ထိုဒေသမှာ နေကြသူများမှာ လက်ဖက်ရည်ကြမ်းကို လွန်စွာကြိုက်နှစ်သက်ကြသောကြောင့် အိမ်တိုင်းအိမ်တိုင်းရှိ မီးဖိုကြီးများပေါ်မှာ လက်ဖက်ရည်အိုးများ မပြတ်တည်ထားကြသည်။

အချို့က လက်ဖက်ရည်တစ်မျိုးတည်းကိုသာ ရိုးရိုးသောက်ကြပြီး အချို့ကတော့ လက်ဖက်ရည်ထဲမှာ ထောပတ်ဆီဖြင့် ရောသောက်ကြသည်။

၎င်းတို့အိမ်များသို့ ရောက်လာကြသည့် ဧည့်သည်များကို ထောပတ်လက်ဖက်ရည်(Butter Tea)ဖြင့် ဧည့်ခံတတ်ကြလေသည်။

ထိုလက်ဖက်ရည်မှာ သောက်လေ့မရှိသူ၊ မသောက်ဖူးသူများအတွက် မြိုမချနိုင်အောင် အနံ့အရသာမှာ တစ်မျိုးဖြစ်နေတတ်သည်။

သောက်နေကျသူများအတွက်မှာတော့ နတ်သုဒ္ဓါအမျှ အရသာ ရှိကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



တိဗက်တိုင်းရင်းသားများအဖို့ ထိုထောပတ်လက်ဖက်ရည်မှာ နှစ်သက်ဖွယ်အရသာဖြစ်သဖြင့် တစ်နေ့လျှင် ခွက်ပေါင်း (၃၀)ကျော် (၆၀)အထိ သောက်နိုင်ကြသူများပင် ရှိကြလေသည်။

ထောပတ်ဆီရအောင်တော့ နွားကျောင်းထွက်ရင်းတောင်ပေါ်မှာ ယာယီထိုးထားသော တဲများမှာပင် ချက်ကြလေသည်။

နီမောင်မှာ မြန်မာတစ်ဦးပင်ဖြစ်သော်လည်း ထိုအရပ်ဒေသသို့ ရောက်ခဲ့သည်မှာ နှစ်အတန်ကြာခဲ့ပြီဖြစ်သဖြင့် မြန်မာတစ်ပိုင်း၊ တိဗက်တစ်ပိုင်းနီးပါး ဖြစ်နေလေရာ ၎င်းတို့ဓလေ့စရိုက်များနှင့် အတော်ပင် ကျွမ်းဝင်မှု ရှိနေခဲ့ပေပြီ။

ထို့ကြောင့် သရဖီ ချပေးသော ထောပတ်လက်ဖက်ရည်ကို နှစ်သက်စွာ သောက်နိုင်ခြင်းဖြစ်သည်။

ဒေါ်မင်းဇာနှင့်သရဖီတို့ ပြန်ရောက်လာသောအခါ စောစောက အိမ်ပေါ်မှာ ရှိနေကြသူများမှာ အလျှိုအလျှို အိမ်အောက်သို့ ဆင်းသွားကြလေသည်။

သူတို့ အိမ်ပေါ်တက်လာစဉ်က ဒေါ်မင်းဇာ ပြောလိုက်သောစကားကိုလည်း နီမောင်က မသဲမကွဲ ကြားလိုက်ရသည်။

သူက ခပ်တိုးတိုး ပြောလိုက်သော်လည်း အမှတ်မထင် တစ်စွန်းတစ်စ ကြားလိုက်ရခြင်းဖြစ်သည်။

"ဒီမှာ လူစိမ်းဧည့်သည် ပါတယ်၊ ဝေးဝေးမှာ သွားနေကြ၊ ငါမခေါ်ဘဲနဲ့ မလာခဲ့ကြနဲ့"

ထိုသို့ပြောလိုက်ပြီးနောက်မှာတော့ စောစောက အိမ်ကြီးပေါ်သို့ တစ်ယောက်မှ မကျန်တော့အောင် ပျောက်သွားကြလေသည်။





ခြံဝန်းမှာ အတော်ကျယ်ပြီး ခြံဝန်းအတွင်းမှာ ဆောက်ထားသော အိမ်ငယ်ကလေးများ ရှိနေသောကြောင့် ထိုနေရာသို့ ပြန်သွားကြသည်ဟု ထင်မိလေသည်။

နီမောင်မှာ သရဖီ ယူလာပေးသော အစားအသောက်များကို စားသောက်လိုက်ပြီးမှ အားများပြန်ပြည့်လာကာ လန်းလန်းဆန်းဆန်း ပြန်ဖြစ်လာလေသည်။

ထို့ပြင် သူမ ယူလာပေးသောအဝတ်များဖြင့် ရေစိုအဝတ်များကိုလဲပြီး မီးပုံအနီးမှာ နေရသောကြောင့်လည်း နေသာထိုင်သာဖြစ်လာသည်။

ညနေပိုင်းအချိန်ပင်ဖြစ်သော်လည်း အပြင်ဘက်မှာ နှင်းများကျနေချေပြီ။

ပတ်ဝန်းကျင်တစ်ခုလုံး ဝေ့ဝေ့ဝါးဝါး ဖြစ်နေသည်။

"ငါ့ကို အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူးကို ဘယ်တော့မှ မမေ့ပါဘူး"

"ရပါတယ်ဟာ"

"ငါက မန်စေရွာကပါ၊ ငါ့နာမည်က နီမောင်လို့ ခေါ်ပါတယ်"

"ငါ့နာမည်က သရဖီလို့ ခေါ်တယ်၊ ငါ့အဖွားနာမည်က ဒေါ်မင်းဇာတဲ့"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါထက် ငါမေးဦးမယ်၊ ရေတံခွန်တောင်က ရေတံခွန်
ကို သယ်သူမှ မကူးဝံ့ဘူး၊ ကူးရင်လည်း သေကြတာပဲမို့
သည် နင်က ဘာဖြစ်လို့ ဖြတ်ကူးတာလဲဟင်"

"ငါက ဒီရွာမှာ ကျင်းပတဲ့ ရိုးရာပွဲကို နှစ်စဉ်လာနေတာ
သူဌေးဆာတေးကို လက်ဆောင်ပစ္စည်း လာပို့ပေးနေကြပါ"

သရဖီက ခေါင်းညိတ်ပြသည်။

"ဒီနှစ်တော့ သူ့ဆီကို လက်ဆောင်လာပေးရင်းနဲ့ သူက
ပြောတယ်၊ သူလုပ်တဲ့ ရိုးရာပွဲကို လာချင်ရင် ရိုးရိုးလမ်းကမလာ
ဘဲ ရေတံခွန်တောင်က ကျော်ဖြတ်လာရမယ်လို့ ပြောတယ်"

သူမက မျက်လုံးပြူးသွားသည်။

"သူက ဘာကြောင့် လူတစ်ယောက် အသက်သေနိုင်တဲ့
ကိစ္စမျိုး ပြောရတာလဲ"

"ငါ့ကို မလာစေချင်လို့ ဖြစ်မှာပေါ့"

"ဒါဖြင့် နင်က ဘာကြောင့်လာတာလဲ"

"သူပြောတာကို မလုပ်နိုင်ရင် ငါ့ကို အထင်သေးသွား
မှာစိုးလို့ တမင်ဖြတ်ကူးလာပြတာ"

"နင်က သတ္တိတော့ ရှိတဲ့ပုံမျိုးပါပဲ၊ ဒါပေမယ့် စဉ်းစား
ဉာဏ်တော့ အတော်နည်းသေးတာပဲ"

ထိုစကားကြောင့် နီမောင်မှာ အောင့်သက်သက် ဖြစ်
သွားမိသော်လည်း ဘာမှတော့ ပြန်မပြောပေ။

"သတ္တိရှိပြီး စွန့်စားဝံ့တယ်ဆိုတာ ကိုယ့်အတွက်ပဲဖြစ်
ဖြစ် အခြားလူအတွက်ပဲဖြစ်ဖြစ် အကျိုးရှိမှ လုပ်ရတယ်၊ ဒါမှ





သွားရင်တောင် လူပြောလွတ်တယ်၊ မနေ့က အဖြစ်မျိုးက
င်သေသွားခဲ့ရင်တောင် ဘယ်သူကမှ ဝမ်းနည်းမှာ မဟုတ်ဘူး၊
မ်းသာမယ့်သူတောင် ရှိချင်ရှိနေဦးမှာ"

ထိုစကားသည် အမှန်တရားပင်ဖြစ်သောကြောင့်
ောင့်အနေနှင့် ဘာမှပြန်မပြောသာပေ။

"ဒါထက် နင်က သူဌေးဆာတေးရှေ့မှာ စွန့်စားပြတယ်
တော့ သူ့သမီးနဲ့များ မေတ္တာရှိနေကြလို့လား"

သရဖီကတော့ ရိုးရိုးမေးလိုက်ခြင်းဖြစ်သည်။ သို့စေကာ
ူ နီမောင်မှ မည်သို့ပြန်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

"မဟုတ်ပါဘူး"

"မသိပါဘူး . ယောကျ်ားလေးတွေဟာ သူတို့သဘော
တဲ့ မိန်းကလေးတွေရှေ့မှာဆိုရင် ဘာမဆို လုပ်ပြဝံ့ကြတယ်
ကြားဖူးလို့ပါ"

"ငါက အဲဒီသဘောမျိုးနဲ့ လုပ်ခဲ့တာ မဟုတ်ပါဘူး၊ သူ
တွေ အထင်ကြီးဖို့ထက် ငါမလုပ်နိုင်ရင် သူများတွေ အထင်
မှာစိုးလို့ပါ"

သရဖီက ပြုံးလိုက်လေသည်။

"နင် ပွဲတော်ကျင်းပနေတဲ့ဆီ သွားဦးမှာလား"

"ဟင့်အင်း . . မသွားတော့ပါဘူး"

"သူဌေးဆာတေးရဲ့သမီး ဟေမာက နင့်ကို မျှော်နေမှာ
တို့တစ်နေ့က သူ့မျက်နှာ အကဲခတ်ကြည့်ရတာ နင် တစ်ခု
သွားမှာကို စိုးရိမ်နေသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



ထိုစကားကြားသောအခါ ရင်ထဲမှာ နည်းနည်းကျေနပ်သွားသလို ရှိလေသည်။

"ဒါထက် နင်တို့ခြံဝန်းထဲမှာ နေကြတဲ့လူတွေ အများကြီးပဲနော်"

"ဒီအိမ်ပေါ်မှာတော့ ငါတို့မြေးအဖွားနှစ်ယောက်ထဲ နေကြတာပါ။ နင် လွတ်လွတ်လပ်လပ်သာနေပါ။ နောက်တစ်ရက်ရောက်တော့ ရွာပြန်ချင်လည်းပြန်၊ ဒါမှမဟုတ် ပွဲတော်ကျင်းပနေတဲ့ဘက် သွားချင်လည်း သွားပေါ့"

ဟု ပြောကာ သရဖီက သူ့အနီးမှ ထသွားလေသည်။

ထိုနေ့ညက နီမောင်မှာ မီးပုံအနီးမှာ တစ်ယောက်တည်းထိုင်နေရင်း တော်တော်နှင့် အိပ်မပျော်နိုင်ဘဲ ရှိနေသည်။

အိမ်ကြီးတစ်ခုလုံးမှာလည်း တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။

ဒေါ်မင်းဇာနှင့် သရဖီတို့ကိုလည်း မတွေ့ရသဖြင့် နေ့လယ်က တွေ့လိုက်ရသော ခေါင်းမြီးခြုံထားသည့်လူများကိုလည်း တစ်ယောက်မှ မမြင်ရပေ။

"ဒီအိမ်ကြီးပေါ်မှာ ဘယ်သူမှ မရှိကြဘူး ထင်တယ် ငါ ဒီမှာရှိနေလို့များ တစ်နေရာ သွားနေကြတာများလား"

ဟုတွေးပြီး ခြံဝန်းထဲ လှမ်းကြည့်တော့လည်း နှင်းမှုန်များ ကျနေသည်မှလွဲပြီး အခြားတစ်စုံတစ်ယောက်ကိုမှ မတွေ့မြင်ရပေ။

"အိမ်ကြီးပေါ်မှာရော ခြံဝန်းတစ်ခုလုံးလည်း တိတ်ဆိတ်





ငြိမ်သက်နေတာပဲ၊ ဘယ်များသွားနေကြတာလဲ မသိဘူး"

ဟု တွေးမိသော်လည်း သူအနေဖြင့် ထွေထွေထူးထူးတော့ မရှိလှပေ။

ထို့ကြောင့် စောင်ကို ခေါင်းမြီးခြုံပြီး အိပ်လေရာ မီးပုံမှ အပူငွေ့ကြောင့် ချက်ချင်းအိပ်ပျော်သွားလေတော့သည်။

ပင်ပန်းလာခြင်းကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားရာ နောက်တစ်နေ့ နေအတော်မြင့်တော့မှ အိပ်ပျော်ရာမှ ပြန်နိုးလာသည်။

သူနိုးလာတော့ သရဖီကိုရော ဒေါ်မင်းဇာကိုပါ အိမ်ကြီးပေါ်မှာ ပြန်တွေ့ရသည်။

ထို့ပြင် ခြံဝန်းထဲမှာ သွားလာနေကြသော လူအချို့ကိုလည်း တွေ့မြင်ရသည်။

သရဖီက သူ့အတွက် အစားအသောက်များ လာပို့ပေးသဖြင့် စားသောက်ရပြန်သည်။

"ညက နင်အိပ်ပျော်နေတုန်း လူတစ်ယောက် ရောက်လာပြီး ဒီစာတစ်စောင် လာပေးသွားတယ်"

သရဖီက အင်္ကျီအိတ်ထဲမှ စာရွက်ခေါက်တစ်ခုကို ထုတ်ပေးသဖြင့် ယူကြည့်လိုက်သည်။

"နီမောင် . . .

ငါ နင့်ကိုပြောစရာတွေ ရှိတယ်။

ဒီကနေ့ည အဆင်ပြေရင် အိမ်ဘက်ကို လာခဲ့ပါလား။

ငါစောင့်နေမယ်။



www.burmeseclassic.com

www.burmeseclassic.com



ဟေမာ”

ဟု ရေးထားလေသည်။

“ညက ငါ့ကို ဘာဖြစ်လို့ မပြောတာလဲ”

“ငါဝင်ကြည့်တော့ နင်အိပ်ပျော်နေပြီ၊ ဒါကြောင့် မနှိုးတော့တာ၊ နင့်အတွက် သိပ်အရေးကြီးလို့လား”

“မ. . မကြီးပါဘူး”

“ငါပြောတာ မှန်တယ်မဟုတ်လား၊ သူဌေးဆာတေးရဲ့သမီး ဟေမာက နင့်ကို စိတ်ဝင်စားနေပုံ ရပါတယ်လို့”

နီမောင်က ဘာမှမပြောဘဲ စာရွက်ကို ပြန်ခေါက်ပြီး အိတ်အတွင်းသို့ ထည့်ထားလိုက်သည်။

ထိုသို့ပြောဆိုနေကြစဉ် ခြံဝန်းအပေါက်ဝသို့ လူသုံးယောက်တို့ ရောက်လာကြသည်။ အခြားသူများတော့ မဟုတ်ပေ။

ဦးဗန်ကောင်း၊ စောထီးနှင့် ငမဲအောင်တို့သုံးယောက်ပင် ဖြစ်သည်။

“မင်းကို အခုလို မသေမပျောက်နဲ့ ပြန်တွေ့ရတာ ဝမ်းသာပါတယ်ကွာ”

“ဟုတ်ပါရဲ့ နီမောင်ရာ၊ ငါတို့က မင်းအတွက် အတော်ကလေး စိတ်ပူနေကြတာကွ”

“ဒီမှာ မင်းရဲ့လေးနဲ့မြားဗူးတွေလည်း တပါတည်း ယူလာခဲ့တယ်”

သူတို့သုံးယောက် ရောက်လာသဖြင့် နီမောင်လည်း ပြန်ရန်ပြင်လေသည်။





ထိုအခါ ဒေါ်မင်းဇာနှင့် သရဖီတို့ကို နှုတ်ဆက်ရသည်။

“ကျွန်တော် ပြန်ပါဦးမယ်၊ ကျွန်တော့်ရဲ့အသက်ကို အခုလို ကယ်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်”

“ရပါတယ်. . . ငါတို့က ကြုံကြိုက်လို့ ကယ်ပေးလိုက်တာပါ”

ဒေါ်မင်းဇာက ဒါပဲပြောသည်။

“သရဖီ. . ငါသွားတော့မယ်၊ နင့်ကျေးဇူးကို ငါ မမေ့ပါဘူး၊ ငါ တစ်ခေါက်တော့ ထပ်လာပါဦးမယ်”

သရဖီက ခေါင်းညိတ်ပြသည်။

ထို့နောက်မှာတော့ နီမောင်က သူ့အဝတ်အစားများကို ပြန်လဲပြီးနောက် အဖော်များနှင့် အပြင်သို့ ထွက်လာကြလေသည်။

“သူတို့က ဘယ်သူတွေလဲ၊ မင်းနဲ့ ဘယ်လိုတွေ့တာလဲ”

နီမောင်က ဖြစ်ကြောင်းကုန်စင် ပြန်ပြောပြလိုက်သည်။

“အမှန်တော့ ဒီရွာမှာ ရှိတဲ့ သူဌေးဆာတေးက မင်းသူ့သမီးနဲ့ နောက်ထပ် ပတ်သက်နေမှာစိုးလို့ ဥပါယ်တမျဉ်နဲ့ အသက်သေအောင် လုပ်ခဲ့တာပဲ”

“ကံကောင်းလို့သာ ကယ်မယ့်သူတွေနဲ့ တွေ့ရတာပဲ”

ဦးဗန်ကောင်းက ပြောသည်။

“ဒီလိုစိတ်မျိုး ရှိတဲ့လူမျိုးကိုတော့ ဝေးဝေးက ရှောင်သင့်တယ် နီမောင်ရေ”



www.burmeseclassic.com

www.burmeseclassic.com



"နီမောင်တို့များ ကံကောင်းချင်တော့ ဟိုတစ်ယောက်က သေကြောင်းကြံတာကို နောက်ထပ်ကယ်လိုက်တဲ့သူကလည်း ချောချောလှလှ ဖြစ်နေသေးတယ်"

"တော်ပါပြီကွာ. . . ဒီအကြောင်းတွေကို မတွေးတော့တာပဲ ကောင်းပါတယ်"

ဟုပြောရင်း သုံးယောက်သား ရွာလမ်းအတိုင်း ထွက်လာကြလေသည်။

တစ်နှစ်တစ်ခါ ကျင်းပသော ပွဲတော်ရက် ဖြစ်သောကြောင့်လည်း ရွာလမ်းတလျှောက်မှာ လူသွားလူလာတို့ ရှုပ်ထွေးလျက်ရှိသည်။

တစ်နှစ်တစ်ခါမှသာ ဝတ်ဆင်ရသောပွဲမို့ ရှိသမျှ သိမ်းထားသော ရိုးရာအဝတ်အစားများဖြင့် လှပနေကြလေသည်။

ရွာနှင့် မနီးမဝေးမှာရှိသော ကွင်းပြင်ကျယ်ကြီးများအတွင်းမှာ ရိုးရာပြိုင်ပွဲများ ကျင်းပနေသည်။ ယတ်နွား အပြေးပြိုင်ပွဲ၊ နပမ်းလုံးပွဲများ ရှိရာဘက်မှ အော်ဟစ်အားပေးနေသည့် အသံများမှာ ဆူညံနေသည်။

တစ်နေရာရောက်တော့ လူအုပ်ကြားထဲမှ ထွက်လာသော ဟေမာကို တွေ့ရသည်။

သူမနောက်မှာ အဖော်မပါဘဲ မျက်နှာပေါ်မှာလည်း စိုးရိမ်မှုကလေးများ ပေါ်နေသည်။

"နီမောင်. . ."

နီမောင်က ရပ်လိုက်တော့ ကျန်သုံးယောက်က ရှေ့သို့





ဆက်လျှောက်သွားကြလေသည်။

"နီမောင်. . . ငါ နင့်ကို ပြောစရာရှိလို့ လာစောင့်နေတာ"

"ပြောလေ"

"မနေ့က ကိစ္စကို ငါဘာမှ မသိပါဘူး၊ နင် မလာခဲ့ဖို့ နင်တို့ရွာကို စာရေးပေးလိုက်သေးတယ်၊ နင် ဘာကြောင့် လာတာလဲဟင်"

နီမောင်က ဘာမှရှင်းပြမနေတော့ဘဲ ဟေမာကိုသာ ကြည့်နေသည်။

"ညကလည်း ငါစာရေးပေးလိုက်သေးတယ်၊ နောက်ပြီး ငါစောင့်နေသေးတယ်၊ နင် ဘာကြောင့် မလာတာလဲဟင်"

"ငါအိပ်ပျော်နေလို့ မသိလိုက်ဘူး"

"နင် ညက သူတို့အိမ်မှာ အိပ်တာလားဟင်"

ခေါင်းညိတ်ပြလိုက်သည်။

"ညက အဲဒီအကြောင်းတွေကို ပြောချင်လို့ နင့်ကို မှာတာပါ။ နင့်ကို ခေါ်သွားတဲ့ ဒေါ်မင်းဇာတို့ မြေးအဖွားက စုန်းကဝေပညာ တတ်ကြတယ်၊ သူတို့ခြံထဲမှာလည်း တစ္ဆေသရဲတွေ မွေးထားတယ်"

ထိုစကားကြောင့် အံ့သြသွားလေသည်။

အံ့သြခြင်းနှင့်အတူ ညက အိမ်ပတ်ဝန်းကျင်တစ်ဝိုက်မှာ အဝတ်နက်ကြီးမှာ ဦးခေါင်းပေါ်မှာ ခြုံထားပြီး သွားလာနေသူများကို ပြန်သတိရမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပေါ်မှာရော အိမ်အောက်မှာပါ အဝတ်နက်ကြီးများ ခေါင်းမြီးခြုံလျက် သွားလာနေကြသည်မှာ စိတ်ဝင်စားဖို့ကောင်းလှသည်။

"နင် အဲဒီမှာ ညအိပ်တော့ မတွေ့ခဲ့ဘူးလားဟင်"

"ခေါင်းမြီးခြုံထားတဲ့လူတွေတော့ တွေ့ခဲ့တယ်"

"သူတို့က နင့်ကို ဘာမှမလုပ်ကြဘူးလားဟင်"

နီမောင်က ခေါင်းခါပြသည်။

"မလုပ်ပါဘူး"

"အဲဒီမှာရှိတာ လူတွေမဟုတ်ဘူး"

"ငါတွေ့ခဲ့တာတော့ သူတို့က လူလိုပါပဲ"

"အဲဒါ ဟန်ဆောင်နေကြတာ၊ အားလုံး သေပြီးသားလူတွေချည်းပဲ ဒေါ်မင်းဇာဆိုတဲ့ အဖွားကြီး ကဝေပညာတတ်တော့ သေပြီးသားလူတွေကို ဖုတ်သွင်းပြီး သူ့အိမ်မှာ ခိုင်းဖို့ခေါ်ထားတာ"

"နင်ပြောတဲ့စကား ကြားရတာ အံ့သြစရာပဲ"

"နင် ဘာမှမဖြစ်တာပဲ တော်လှပြီ၊ နီမောင် . . . နင့်ကို ငါမေးချင်တာ ရှိတယ်"

"မေးလေ"

"အဖေနဲ့ ပတ်သက်ပြီး နင် ငါ့ကို စိတ်ဆိုးသွားပြီလားဟင်"

"ငါ နင့်အပေါ်မှာ စိတ်မဆိုးပါဘူး"

"နင် တကယ်ပြောတာလားဟင်"





"တကယ်ပြောတာပါ . . ငါ ဘယ်သူ့ပေါ်ကိုမှ အာဃာတ မထားတတ်ပါဘူး၊ ဒါပေမယ့် နင့်အဖေနဲ့ ညီကိုမောင်နှမတွေကို ငါလာတာကို မကြိုက်ကြဘူး"

"အို . . . သူတို့မကြိုက်တော့လည်း ဘာဖြစ်သလဲ၊ နင်က သူတို့ဆီ လာနေတာမှ မဟုတ်တာ"

ထိုစကားကြောင့် နီမောင့်စိတ်ထဲမှာ လှပ်ခနဲ ဖြစ်သွားလေသည်။

ထို့ကြောင့် ထိုစကားစကို နင်းပြီး မေးလိုက်သည်။

"တခြားဆွေမျိုးတွေက မကြိုက်ပေမယ့် ငါလာတာကိုတော့ နင်က လက်ခံမယ် မဟုတ်လား"

ခေါင်းညိတ်ပြသည်။

"ခုထိ_မသိသေးဘူးလား"

"အင်း . . . နည်းနည်းတော့ ရိပ်မိသလို ရှိပါတယ်၊ ဒါကြောင့်လည်း အရဲစွန့်ပြီး လာနေတာပေါ့၊ ငါ ဘာကြောင့် နင့်ဆီကို လာနေတယ်ဆိုတာရော နင်သိတယ်မဟုတ်လား"

ဟေမာက ဘာမှပြန်မပြောဘဲ ခေါင်းငုံ့ထားသည်။ ထိုအခိုက်မှာပင် သူတို့နှစ်ယောက် အနီးသို့ လူသုံးယောက်ရောက်လာကြသည်။

သတ္တာနှင့် အဖော်နှစ်ယောက်တို့ဖြစ်သည်။

သတ္တာက နီမောင်လိုပင် လေးနှင့်မြားဘူးကို ကျောမှာလွယ်ထားလေသည်။

"ငါက နင်ပျောက်လို့ လိုက်ရှာနေတာ၊ နင်က ဒီရောက်



www.burmeseclassic.com

www.burmeseclassic.com

နေတာကိုး"

သက္ကက ပြောသော်လည်း ဟေမာက ဘာမှပြန်မပြောပေ။ ထို့ကြောင့် နံဘေးမှာ ရပ်နေသည့် နီမောင်ကို တစ်ချက်ကြည့်သည်။

"သူက ဘယ်သူလဲ"

"ကျွန်မမိတ်ဆွေပါ. . . ဟိုဘက်ရွာက လာတာ"

"ဪ. . သိပြီ. . သိပြီ၊ ရေတံခွန်တောင်ကို စွန့်စွန့်စားစား ဖြတ်ကူးလာတယ်ဆိုတာ သူများလား"

ထိုသို့မေးသော်လည်း ဟေမာက ဘာမှပြန်မပြောပေ။

"ဟုတ်ပါတယ်"

နီမောင်က ပြောလိုက်တော့ သက္ကက တစ်ချက်ရယ်သည်။

"ကြည့်ရတာတော့ လုပ်ချင်တာကို မိုက်မိုက်ကန်းကန်း လုပ်ဝံ့တဲ့ပုံမျိုးပါပဲ"

"မှန်တယ်ထင်ရင်တော့ ဘာမဆို လုပ်ဝံ့ပါတယ်"

"ငါကလည်း ဒီလိုလူမျိုးမှ သဘောကျတာ၊ ဒါထက် မင်းလွယ်ထားတဲ့လေးက တယ်ကောင်းပါလား၊ လေးညှို့ခတ်အားလည်း အတော်ကောင်းပုံရတယ်"

"မင်း လေးပစ်ကျွမ်းတယ် မဟုတ်လား၊ ကြုံကြိုက်တုန်း ငါနဲ့တစ်ပွဲလောက် စမ်းကြည့်ရအောင်"

ဟု ဖိတ်ခေါ်လေသည်။

ထိုစကားကြောင့် ဟေမာမှာ မျက်နှာတစ်ချက် ပျက်





သွားလေသည်။

ဟေမာ့အမူအရာကို ကြည့်ပြီး ပထမတော့ ငြင်းလိုက်မည်ဟု စိတ်ကူးမိလိုက်သေးသည်။

သို့သော်လည်း သူ၏ပင်ကိုယ်စရိုက်အရ ယခုလို စိန်ခေါ်လာလျှင် မငြင်းချင်သောကြောင့် ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုမှပေါ့. . . ငါ့မှာ ပြိုင်ဘက်ကောင်းကောင်း မရှိလို့ စိတ်ပျက်နေတာ၊ မင်းနဲ့တွေ့ရတော့ အတော်ပဲ ဖြစ်သွားတော့တယ်၊ ငါ လေးပစ်ကွင်းက စောင့်နေမယ်. . . မင်းလာခဲ့ပေတော့"

ဟုပြောကာ သက္ကက ဟေမာကိုပါခေါ်ပြီး ထိုနေရာမှ ထွက်သွားလေရာ နီမောင်မှာ နေရာမှာ ရပ်လျက်သား ကျန်နေခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၇)



# အသက်ဆေးအန္တရာယ်မှ ကယ်တင်ပေးခဲ့သူ

မြားပစ်ကွင်းမှာ ရွာနှင့်မနီးမဝေး တောစပ်တစ်နေရာ၌ ရှိသည်။ ထိုနေရာတစ်ဝိုက်မှာလည်း လေး၊ ဒူးလေး ပစ်မည့်သူများ၊ ကြည့်ရှုသူများဖြင့် စည်ကားနေသည်။

ထိုဒေသတစ်ဝိုက်မှာ နေကြသူများမှာ မိန်းကလေးများ လွဲပြီး ယောက်ျားတိုင်းလိုလို လေးမြားပစ်တတ်ကြသည်။

မတတ်၍လည်း မဖြစ်ပေ။

ထိုနေရာမှာ အမဲလိုက်ရာမှာသော်လည်းကောင်း၊



www.burmeseclassic.com

www.burmeseclassic.com



အဝေးပစ်လက်နက်အဖြစ် အသုံးချရာမှာသော်လည်းကောင်း လေးနှင့်မြားကိုသာ အားကိုးကြရသည်။

အချို့က လေးကိုင်ပြီး (လင်းလေးဟုလည်း ခေါ်သည်) အချို့ကတော့ ဒူးလေးကိုင်ကြသည်။ မြားတံများက အတိုအရှည် ကွာသည်မှလွဲပြီး အတူတူပင်ဖြစ်သည်။

လေးဖြင့်ပစ်မည့် မြားတံကရှည်ပြီး ဒူးလေးဖြင့် ပစ်သောမြားတံက တုတ်ပြီး တိုသည်။

မြားတံမှာ အသုံးပြုသောအဆိပ်များကတော့ မိမိတို့ ကျွမ်းကျင်မှု ရှိသလောက် ဖော်စပ်အသုံးပြုကြလေသည်။ အချို့ က တောထဲမှာ သဘာဝအတိုင်း ပေါက်နေသော အဆိပ်ပင်မှ အဆိပ်ရေကိုယူ၍ အသုံးပြုသည်။ အချို့ကတော့ မိမိဘာသာ အဆိပ်ဖော်စပ်ကြသည်။ ထိသေအဆိပ်၊ တောကျော်အဆိပ်၊ တုံးကျော်အဆိပ်၊ တောင်လုံးကျော်အဆိပ်၊ တစ်ဆွေ့ခုန်၊ နှစ်ဆွေ့ခုန်၊ လည်ပြန်တစ်ကြည့်အဆိပ် စသည်ဖြင့် အမည်အမျိုးမျိုး ပေးကာ အသုံးပြုကြလေသည်။

ထိုအရပ်ဒေသမှာ နေကြသူများမှာ လေးနှင့်မြားတို့ သွားလေရာ ယူဆောင်သွားကြပြီး သဘာဝကပေးသော လက် နက်သဖွယ် အသုံးပြုကြသည်။ အမြတ်တနိုး ထားကြသည်။

အတော်များများမှာလည်း မြားပစ်တည့်အောင် လေ့ ကျင့်ထားကြသောကြောင့် လက်ဖြောင့်ကြသည်။

တော်ရုံသင့်ရုံ ပစ်မှတ်များအား မလွဲအောင် ပစ်ခတ်နိုင် ကြလေသည်။





တစ်နှစ်တစ်ခါ ကျင်းပသော ယခုလိုပွဲမျိုးရှိပါက မိမိတို့ သက်စွဲတော် လေးမြားတို့ကို ယူဆောင်လျက် လာရောက်ပြိုင်ကြ သည်။

ထိုသို့ပြိုင်ခြင်းမှာ အများရှေ့မှာ မိမိတို့၏အစွမ်းကို ပြလို သည်က တစ်ကြောင်း၊

မိမိတို့ လေ့ကျင့်ထားသည်မှာ မည်မျှလောက် ခရီး ပေါက်နေသည်ကို သိလိုသည်ကတစ်ကြောင်းကြောင့် တကူး သာ လာရောက်ပြိုင်ဆိုင်ကြခြင်းဖြစ်သည်။

အချို့မှာ သာမန်အဆင့်သာ ရှိသော်လည်း အချို့က တော့ အတော်ကလေး ကျွမ်းကျင်ကြသည်။

မြားပစ်ပြိုင်ပွဲ ကျင်းပသည့်အခါမှာလည်း သာမန်အ ဆင့်အတန်းရှိသူများက သပ်သပ်၊ ထူးချွန်သူများက သပ်သပ်ခွဲပြီး ဆုပြိုင်ပွဲလုပ်ပေးသည်။

နီမောင်ကို မြားချင်းယှဉ်ပြိုင်ရန် ဖိတ်ခေါ်သွားသော သူမှာ သာမန်အဆင့်အတန်းမျိုးတော့ မဟုတ်ပေ၊ လေးညှို့ အတမ်း၊ မြားတစ်တန်း၌ ရှိသောပစ်မှတ်ကို မလွဲအောင် ပစ် နိုင်စွမ်း ရှိသူပင်ဖြစ်သည်။ သို့ကြောင့် သူနှင့် ယှဉ်ပြိုင်နိုင်သူ သိပ်မရှိလောက်ပင်။

ယခု သက္ကနှင့် တစ်ဦးချင်း မြားချင်းယှဉ်ပစ်မည်သူ ပေါ် ပေါက်လာလေရာ သတင်းကြားသူတိုင်းက စိတ်ဝင်စားကြသော ကြောင့် မြားပစ်မည့်နေရာသို့ သွားရောက်ကြလေသည်။

ထိုပွဲသို့ ရွာလူကြီး ဦးရယ်တန်အပါအဝင် တောအုပ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



များနှင့် ရပ်ရွာအုပ်ချုပ်သော ဒေသခံလူကြီးများပါ လာရောက် ကြည့်ရှုကြသည်။

ထို့ပြင် သူဌေးဆာတေးတို့ မိသားစုများလည်း ပါသည်။ သက္ကကတော့ တပည့်များ၊ လူကြီးများနှင့် သူပိုးပန်းနေသော ဟေမာရှေ့မှာ သူ၏မြားအစွမ်းကို ပြခွင့်ရတော့မည်ဟု ဟ တပြုပြု ဖြစ်နေသည်။ ပြိုင်ပွဲကျင်းပတော့မည့်အခါ ဦးဗန်ကောင်း က သတိပေးသည်။

“အခုအချိန်မှာ မင်းအတွက် အရေးကြီးတဲ့အချိန် ဖြစ်လာပြီ၊ ရေတံခွန်တောင် ဖြတ်ကျော်ရသလိုပဲ၊ အဆင်မသင့် ရင် အသက်သေသွားနိုင်တယ်”

နီမောင်က ခေါင်းညိတ်ပြသည်။

“စိတ်ထဲမှာ ဘာကိုမှ မတွေးမိစေနဲ့၊ မျက်စိထဲမှာ ကို ပစ်မယ့်ပစ်မှတ်ကိုပဲ အာရုံပြုထား၊ ရတနာသုံးပါးကို မမေ့နဲ့”

“စိတ်ချပါ အဘ”

ထိုသို့ပြောနေစဉ် သူတို့အနီးသို့ သရဖီ ရောက်လာ သည်။

“နင် မြားမပစ်ခင် ဒီပုဝါကို နဖူးမှာ စည်းထားလိုက် ဘယ်လိုအန္တရာယ်မှ မဖြစ်အောင် အကာအကွယ် ပေးပါ မယ်”

ဦးဗန်ကောင်းကို တစ်ချက်ကြည့်တော့ ခေါင်းညိတ် သဖြင့် လှမ်းယူပြီး နဖူးမှာ စည်းလိုက်လေသည်။

လူကြီးများက ယှဉ်ပြိုင်ရန် အချိန်ကျပြီဖြစ်ကြောင်း





မောင်းထုအချက်ပေးလိုက်သောအခါ နီမောင်နှင့်သက္ကတို့နှစ် ယောက် ကွင်းထဲသို့ ဝင်သွားကြသည်။

ပရိသတ်များက လက်ခုပ်လက်ဝါးတီးကာ အော်ဟစ် အားပေးကြလေသည်။

ဦးစွာ အဝေးမှာထောင်ထားသော စက်ကွင်းကို မြား သုံးချောင်းစီ ပစ်ကြရသည်။ သက္ကက အရင်ပစ်ရာ သုံးချောင်း စလုံး ဗဟိုချက်ကို ထိမှန်သည်။ နီမောင်အလှည့်ရောက်တော့ တစ်ချောင်းက ဗဟိုချက်အလယ် မရောက်ဘဲ အစပ်နားကို ထိသဖြင့် ပထမ ယှဉ်ပြိုင်ပွဲမှာ နီမောင် ရှုံးသွားသည်။

သက္ကကိုအားပေးသော ပရိသတ်များက အော်ဟစ်ပြီး အားပေးကြသည်။ သက္ကက နီမောင်ကို မထေမဲ့မြင် ပြုံးပြသည်။

သူ့အကြည့်က ‘မင်းနုပါသေးတယ်’ ဟူသောအကြည့် ဖြစ်သည်။ ပထမ ယှဉ်ပြိုင်ပွဲပြီးတော့ ဒုတိယပွဲစရန် ပြင်သည်။ ဒုတိယပွဲက ပိုအရေးကြီးသည်။ ငြိမ်သက်နေသည့် ပစ်မှတ်မျိုး မဟုတ်ဘဲ လှုပ်ရှားနေသည်ကို ပစ်ကြမည်ဖြစ်သည်။

ပထမ နီမောင်အလှည့်ဖြစ်သည်။ ရွာလူကြီးတစ် ယောက်က ကွင်းပြင်သို့ထွက်လာပြီး သူယူလာသော ခိုတစ် ကောင်ကို အပေါ်သို့ လွှတ်တင်လိုက်လေသည်။

သူ ခိုလွှတ်သောအချိန်မှာ နီမောင်က မျက်စိမှိတ်ထား လိုက်သည်။

လွှတ်လိုက်သောခိုက ကောင်းကင်သို့ ပျံတက်သွား သည်။ ထိုအခါမှ မျက်လုံးပြန်ဖွင့်ပြီး ပျံသွားသောခိုကို မြားဖြင့်



www.burmeseclassic.com

www.burmeseclassic.com

ပစ်သည်။

မြားချက်ထိသွားသောခိုက မြေပြင်ပေါ်သို့ ပြန်ကျလာ

သည်။

"ဟေး . . ."

တပြိုင်နက်တည်း အော်လိုက်သောအသံကြီး ပေါ်

ထွက်လာသည်။ စောင့်ကြည့်နေသောလူကြီးများက မြေပေါ်သို့

ကျလာသော ခိုကို ကောက်ယူ၍ ကြည့်သည်။

ခို၏ကိုယ်မှာ ထုတ်ချင်းခတ် ထွက်နေသော မြားတံက

နီမောင့်မြားတံပင်ဖြစ်သည်။

သက္ကပစ်ရမည့်အလှည့်တွင် လူကြီးတစ်ယောက်တ

ကွင်းထဲ ဝင်လာပြီးနောက် ခိုတစ်ကောင်ကို ကောင်းကင်ပေါ်သို့

လွှတ်တင်လိုက်သည်။

သက္ကက အချိန်မဆွဲဘဲ မြားဖြင့် ပစ်သည်။ မြားက ခိုကို

ထိမှန်သဖြင့် လေထဲမှာ အမွေးအတောင်များက လွင့်တက်သွား

လေသည်။ သို့သော် ခိုက မြေပေါ်သို့မကျဘဲ ရှေ့သို့ ဆက်ပျံ

သွားလေတော့သည်။

ကြည့်နေသူများရော သက္ကပါ ပါးစပ်အဟောင်းသား

ဖြစ်သွားလေတော့သည်။

ပျံနေသောခို မြေပေါ်သို့ မကျသောကြောင့် ဒုတိယပွဲ

မှာ သက္က ရှုံးသွားလေသည်။

နောက်ဆုံးယှဉ်ပြိုင်ရမည့်ပွဲကတော့ စိတ်ဝင်စားစရာ

ကောင်းသလို ထိတ်လန့်ဖွယ်ရာလည်းဖြစ်သည်။ ဦးခေါင်းပေါ်





မှာ ပန်းသီးတင်ထားပြီး တစ်ယောက်တစ်လှည့်စီ ပစ်ရမည် ဖြစ်

သည်။

ပထမဆုံး တောအုပ်ကြီးရှေ့မှာ မိမိတို့သဘောအ

လျောက် ယှဉ်ပြိုင်ခြင်းဖြစ်သောကြောင့် တစ်စုံတစ်ရာဖြစ်ပါက

မိမိတို့ဘာသာ ခံကြမည်ဖြစ်ကြောင်း အများကြားအောင် ပြော

ကြရသည်။ ပြီးလျှင် တောအုပ်ကြီးကိုယ်တိုင် ၎င်းတို့ အသုံးပြု

သောမြားတံမှာ အဆိပ်ပါမပါ စမ်းကြည့်သည်။

တစ်ဦးလျှင် မြားတံတစ်ချောင်းသာ ယူရပြီး ထိုမြားတံ

မှာ အဆိပ်မပါရပေ။

အဆိပ်ပါလျှင် မြားထိသည်နှင့် အသက်သေနိုင်သော်

လည်း သာမန်မြားဖြင့်ပစ်လျှင် သေကွင်းသေကွက် မထိဘဲ

အခြားနေရာ ထိပါက ရုတ်တရက် မသေနိုင်သောကြောင့်ဖြစ်

သည်။

မြားတံစစ်ပြီးသည်နှင့် မည်သူက အရင်ပစ်ခွင့်ရမည်ကို

မဲနှိုက်ရွေးရသည်။ ကံကောင်းထောက်မစွာပင် ပထမ ပစ်ခွင့်

ရသူက နီမောင်ပင်ဖြစ်သည်။ နီမောင်က စိတ်ကို တည်ငြိမ်စွာ

ထားပြီး မိမိအတွက် သတ်မှတ်ထားသောနေရာမှာ ရပ်သည်။

သက္ကက ပန်းသီးတစ်လုံးကို ကိုင်ပြီး ၎င်းအတွက် သတ်

မှတ်ထားသောနေရာမှာ သွားရပ်သည်။

သတ်မှတ်ထားသော အကွာအဝေးက မြားတစ်ကမ်းစာ

ကွာဝေးသောကြောင့် ဦးခေါင်းပေါ် တင်ထားသော ပန်းသီးကို

ထိမှန်ရန် မလွယ်လှပေ။ အဆင်မပြေပါက လူကိုထိပြီး သေ



www.burmeseclassic.com

www.burmeseclassic.com



သွားနိုင်သည်။ ပန်းသီးထိသည် မထိသည်ထက် လူကို မြားမထိဖို့ အရေးကြီးသည်။

လူကြီးများက အချက်ပေးလိုက်သောအခါ သက္ကမျက်နှာကို အဝတ်စည်းပြီး ဦးခေါင်းထိပ်ပေါ်သို့ ပန်းသီးတစ်လုံးတင်ကာ သတ်မှတ်ထားသောနေရာမှာ ရပ်စေသည်။ ပြီးမှ နီမောင်ကို ပစ်ရန် အချက်ပြလိုက်သည်။

နီမောင်က ပစ်ကွင်းကို ကြည့်သည်။ အကွာအဝေးကို မှန်းဆသည်။ လေတိုက်နေသည့် အခြေအနေကို ကြည့်ပြီးမှ လေးညို့ကို မြားတပ်သည်။

ထို့နောက် အသက်အောင့်လျက် စိတ်ကိုတည်ငြိမ်အောင် ကြိုးစားပြီး ပစ်မှတ်ကိုချိန်ကာ မြားတံကို ပစ်လွှတ်လိုက်သည်။ လေကို ဖြတ်သွားသောမြားတံက သက္ကဦးခေါင်းပေါ်မှာ တင်ထားသော ပန်းသီးကို ဖောက်ထွက်သွားပြီးနောက်မှ သစ်ပင်ကို သွားစိုက်လေသည်။

မြားဖြတ်သွားသောအရှိန် ပြင်းသောကြောင့် သက္ကဦးခေါင်းပေါ်မှာ တင်ထားသော အဝတ်စပင် ဖွာခနဲ ဖြစ်သွားလေသည်။ ဝိုင်းကြည့်နေကြသည့် ပရိသတ်များမှာ တိတ်ဆိတ်နေကြရာမှ ပန်းသီးကွဲကျသွားသောအခါမှ 'ဟေး'ခနဲ သံပြိုင်အော်လိုက်ကြသည်။

နီမောင်ပြီးတော့ သက္ကအလှည့် ရောက်လာသည်။ ရွာလူကြီးတစ်ယောက်က နီမောင်ကို သတ်မှတ်ထားသောနေရာသို့ ခေါ်သွားပြီး မျက်နှာကို အဝတ်စည်းပေးသည်။ ဦးခေါင်းပေးမှာ





ပုဝါတစ်ခုကို ခွေတင်ပြီး ထိုအပေါ်မှာ နောက်ထပ်ပန်းသီးတစ်လုံး တင်ပေးသည်။

ထိုအခြေအနေမှာ ကြောက်စရာအကောင်းဆုံး ဖြစ်သကဲ့သို့ စိတ်လှုပ်ရှားစရာလည်းကောင်းသော အခြေအနေ ဖြစ်သည်။

သို့သော် နီမောင်ကတော့ စိတ်တည်ငြိမ်စွာဖြင့် ရပ်နေလေသည်။ သက္ကက သူပစ်ရမည့်အချိန် ရောက်သောအခါ ချိန်ရွယ်ပြီး မြားတံလွှတ်လိုက်သည်။

မြားတံက ပန်းသီးရှိရာသို့ မသွားဘဲ မျက်လုံးရှိရာသို့ တန်းဝင်လာသည်။

"ဘယ်ဘက်ကို ခေါင်းငဲ့ပေးလိုက်"

နားထဲမှာကြားလိုက်ရသောအသံက မိန်းမတစ်ယောက်အသံပင် ဖြစ်သည်။

အသံကြားသည်နှင့် ဦးခေါင်းကို ဘယ်ဘက်ကို အသာတိမ်းပေးလိုက်သည်။

အရှိန်ပြင်းစွာဖြင့် ဝင်လာသောမြားတံက နားရွက်အနီးမှ ဖြတ်သွားလေသည်။ မြားဖြတ်သွားသောကြောင့် လေဟပ်သွားသည်ကိုပင် သတိပြုမိလိုက်သည်။

အကယ်၍သာ သတိပေးသံ မကြားရဘဲ ဒီအတိုင်းနေခဲ့ပါက ယခုလောက်ဆိုလျှင် မြားတံက မျက်လုံးမှ ဖောက်ထွက်သွားလောက်ပြီ။ ပြိုင်ပွဲက ပြီးသွားပေပြီ။

နှစ်ယောက်တည်း ပြိုင်ရသောပွဲတွင် နီမောင်က အနိုင်



www.burmeseclassic.com

www.burmeseclassic.com

ရလိုက်ပေသည်။

ပွဲပြီးတော့ သက္ကက အနားလျှောက်လာပြီး ပြောသည်။

"မင်းက ငါထင်တာထက်တောင် ပိုတောင် တော်နေသေးတယ်၊ ဒါပေမယ့် ငါ မင်းနဲ့တော့ ထပ်တွေ့ချင်ပါသေးတယ်"

"ယှဉ်ပြိုင်တယ်ဆိုတာ လက်ရည်တူမှ ကောင်းတာဗျ၊ ကျွန်တော်ကတော့ လက်ရည်တူရင် ဘယ်သူနဲ့မဆို ယှဉ်ပြိုင်ဖို့ အသင့်ပါပဲ"

ဟုပြောပြီး ထိုနေရာမှ ထွက်သွားရန် ပြင်တော့ သူဌေးဆာတေးက လာပြောသည်။

"မင်း အတော်ကို အစွမ်းအစရှိတာပဲ၊ ဘယ်သူမှ မဖြုတ်ဝံ့တဲ့ရေတံခွန်ကိုလည်း ဖြတ်လာရဲတယ်၊ မြားပစ်တော့လည်း နိုင်အောင်ပစ်နိုင်တယ်၊ မင်းကို မြားပစ်အကောင်းဆုံးအဖြစ် ဆုပေးရမယ်"

"ကျွန်တော်မယူတော့ပါဘူး"

"ဟင်. . . ဘာဖြစ်လို့လဲ"

"ဘာကြောင့်လဲဆိုတော့ ကျွန်တော်က ပြိုင်ပွဲဝင်ရအောင် လာတာမဟုတ်လို့ပါပဲ"

ဟုပြောပြီး ဦးဗန်ကောင်းတို့သုံးယောက်ကိုပါ ခေါ်ပြီးနောက် ထိုနေရာမှ ထွက်လာခဲ့ကြလေသည်။

သူဌေးဆာတေးကတော့ သူ့တစ်သက်တာမှာ တစ်ကြိမ်တစ်ခါမှ ထိုသို့အပြောမခံရသောကြောင့် တအံ့တသြဖြစ်





ကာ ကျန်ခဲ့လေသည်။ နီမောင်က သူ့နဖူးမှာ စည်းထားသော ပဝါကို ဖြုတ်ပြီး ပြန်ပေးတော့ သရဖီက ပြန်မယူပေ။

"နင့်ကို လက်ဆောင်ပေးလိုက်တာမို့ နင်ပဲယူသွားပါ"

နီမောင်က ပခုံးပေါ် ပြန်တင်ထားလိုက်လေသည်။

"ငါ့အသက်ကို ကယ်ပေးလိုက်တဲ့အတွက် အများကြီးကျေးဇူးတင်ပါတယ်"

ထိုသို့ပြောသောအခါ ကျန်လူများ သဘောမပေါက်ကြသော်လည်း သရဖီကတော့ တစ်ချက်ပြုံးလိုက်သည်။

"နင်သိရင် ပြီးတာပါပဲ"

"ငါ့ကိုဘာကြောင့် အခုလို အကူအညီ လိုက်ပေးနေတာလဲ"

"နောက်တော့ သိရမှာပေါ့၊ အခုတော့ အချိန်မတန်သေးဘူး၊ နင်နဲ့ငါနဲ့က ပြန်တွေ့ကြရဦးမယ်၊ အဲဒီအခါကျတော့ ငါ့ကို တစ်လှည့်ပြန်ပြီး အကူအညီပေးနိုင်အောင် ကြိုးစားပေါ့"


ဟုပြောကာ ထိုနေရာမှ ထွက်သွားလေတော့သည်။

ဦးဗန်ကောင်းကတော့ သရဖီ၏အမူအရာနှင့် သူမပြောသွားသောစကားများကို သဘောပေါက်ဟန် ရှိသော်လည်း ကျန်နှစ်ယောက်ကတော့ သဘောမပေါက်ကြသဖြင့် ၎င်းတို့လက်လှမ်းမီသလောက်သာ အမျိုးမျိုး တွေးနေကြတော့သည်။


www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)



# နေမြှင်ညမျှောက် ဂူပေါက်မိစ္ဆာ

နီမောင်တို့လို မြောက်ဖျားဒေသများမှာ နေထိုင်ကြသူများအတွက် ဝမ်းစာရှာဖွေရသည်မှာ မခက်ခဲလှပေ။ ပင်လယ်ပိုင်းဒေသများ နေထိုင်ကြသူများအဖို့ ဝမ်းစာလိုလျှင် ပင်လယ်ပြင်သို့ ထွက်သွားပါက ရနိုင်သကဲ့သို့ မြောက်ဖျားဒေသမှာ နေထိုင်ကြသူများအတွက်လည်း ဝမ်းစာလိုလျှင် ရေခဲတောင်ပေါ်သို့သော်လည်းကောင်း၊ တောတွင်းဝင်သွား၍သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း၊ အဖိုးတန် တိရိစ္ဆာန်များနှင့် အဖိုးတန် သယံဇာတ ပစ္စည်းများ၊ ဆေးပင်ဆေးမြစ် ဆေးဥများ ရရှိနိုင်ကြပေသည်။

ရေခဲတောင်များပေါ်မှ ထွက်သောဆေးပင်များထဲမှာ ခန်းတောက်မြစ်၊ မချစ်ဥနှင့် မရှော့ပင်တို့မှာ ဆေးဖက်ဝင်ပြီး ဈေးကောင်းရသောအပင်များ ဖြစ်ကြလေသည်။

ခန်းတောက်မြစ်မှာ အပင်ထက် အမြစ်က ပိုပြီးအသုံးဝင်သည်။ အနည်းဆုံး သုံးနှစ်သက်တမ်းရှိသည်။ အပင်၏အမြစ်မှာ ခြောက်လက်မမှ ရှစ်လက်မခန့်အထိ ရှည်သည်။ နန္နင်းတက် အတွင်းသားနှင့် တူယောင်ရှိသည်။

မချစ်ဥမှာ ကြက်သွန်ဖြူဥနှင့် ဆင်ဆင်တူသည်။

နှစ်မျိုးလုံး၏အရသာမှာ လွန်စွာခါးကြခြင်းဖြစ်၏။

ရေခဲတောင်တန်းကြီးများပေါ်တွင် ရေခဲများ ဖုံးအုပ်နေချိန်၌ အစို့အညှောက်အပင်အဖြစ် ပေါက်ရောက်ကြပြီး ရေခဲများ ပျော်ချိန်တွင် အမြန်နှုတ်ယူကြရ၏။ သက်စွန့်ဆံဖျား နှုတ်ကြရခြင်းဖြစ်သည်။

မချစ်ဥကို ရဝမ်ဘာသာစကားဖြင့် မဂျစ်၊ လီဆူးဘာသာစကားဖြင့် ပို့မိုး၊ ခမ်းတီးဘာသာစကားဖြင့် ယာဖလိုနွယ်၊ တရုတ်ဘာသာစကားဖြင့် လဲမုံဟု ခေါ်ဆိုကြပြီး မြန်မာဘာသာစကားဖြင့် ခေါ်ကြသည့်ကား မချစ်ဥ၊ မသေဆေးဥ၊ ဂမုန်းသက်ရှည်ဥဟူ၍ ဖြစ်သည်။

အခြားဆေးဖက်ဝင် အပင်တစ်မျိုး ရှိသေးသည်။ ထိုဆေးပင်မှာ မရှော့ပင်ဖြစ်သည်။ မရှော့ပင်နှင့် ပတ်သက်၍ စိတ်





ဝင်စားဖွယ် ပုံပြင်အချို့လည်း ရှိခဲ့ဖူးသည်။

မရှော့ရွက်ကို အဆိပ်ဖြေဆေးအဖြစ် ယုံကြည်စွာ အသုံးပြုကြသည်။ အရိုးနာ၊ အရိုးကျိုး၊ အရိုးအောင့်၊ အရိုးပွဲ ဒဏ်ရာများ၊ လေဝင်၊ လေနာဒဏ်ရာများ၊ သွေးတိုး၊ ပိုးထိ၊ အစားမှား စသည်ဖြင့် များစွာသော ရောဂါဝေဒနာများကို ဒေသတုထုံးနှင့် ကုသပျောက်ကင်းကြသည်ဟု ယုံကြည်ကြသည်။

ရေခဲတောင်ပေါ်တွင် ဆေးဖက်ဝင်ဆေးပင်များ ရှိသတဲ့သို့ အဖိုးတန် တိရစ္ဆာန်များလည်း ရှိသည်။

တောင်တန်းကြီးများပေါ်တွင် တောင်ဆိတ်များရှိသည်။ တောင်ဆိတ်ဦးချိုသည် နောက်ကိုလန်နေသည်။ ထိုချိုသည် ဆေးဖက်ဝင်၏။ ခွာသည် ဆေးဖက်ဝင်၏။ ထို့ပြင် လျှာသည်လည်း ဆေးဖက်ဝင်၍ အစွမ်းထက်လေသည်။

တစ်ခါတစ်ရံတွင် ဒဏ်ရာရလာသော တောင်ဆိတ်သည် ဦးချိုကို ကျောက်ကမ်းပါးယံ၌ ခတ်သွေး၍ ရသောအမှုန့်ဖြင့် ဒဏ်ရာကို သုတ်လိမ်းကုသသည်ဟု ဆိုသည်။

အခြားတိရစ္ဆာန်တစ်မျိုးမှာ ကတိုးကောင်ပင်ဖြစ်သည်။ ကတိုးဆိုသည်မှာ ဒရယ်မျိုးနွယ်ဝင် ဖြစ်သည်။ ရေခဲတောင်ပေါ်တွင် ကျက်စားသည်။ အရွယ်မှာ အလျားသုံးပေ၊ ပခုံးအမြင့် လက်မ(၂၀)ခန့်ရှိ၏။ ခွာမှာ ချွန်ထက်၏။ ကိုယ်အပေါ်ပိုင်းတွင် မီးခိုးရောင်၊ အညိုရောင် ရှိတတ်ပြီး ဝမ်းပိုင်းတွင် အဖြူရောင် ရှိသည်။ အမြီးတိုကလေးရှိပြီး ဦးချိုမရှိပေ။

အထီးတွင် မေးရိုးအောက်သို့ ထိုးထွက်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



အစွယ်နှစ်ချောင်း ရှိသည်။ အလေးချိန် ငါးပိဿာမှ ကိုးပိဿာအထိ ရှိလေသည်။

မြန်မာစကားဖြင့် "ကတိုး" ဟုခေါ်သည့် တိရစ္ဆာန်ကို ရဝမ်တိုင်းရင်းသားဘာသာဖြင့် 'ထလာ' (ခေလား)၊ ကတိုးဆိတ်ကို "ရာဆွမ်း" ဟု ခေါ်သည်။

လီဆူးဘာသာဖြင့် ကတိုးကို "လား" ကတိုးဆိတ်ကို "လားဖူ" ဟု ခေါ်၏။

ရှမ်းနှင့်ဂျိန်ဖော့လူမျိုးတို့က "ဟွမ်း" ဟု ခေါ်ကြပြီး လာချိတ်နှင့် လော်ဝေါ်လူမျိုးတို့က "လရှမ်း" ဟု ခေါ်ဆိုကြသည်။

အရှားပါးဆုံး တိရစ္ဆာန်တစ်မျိုးမှာ တာကင်(Takin) ခေါ် သားမင်းကောင်ဖြစ်သည်။

တိရစ္ဆာန်ဗေဒဘာသာဖြင့် (Budoreus Taxicolor) ဟုခေါ်တွင်လျက်ရှိသော တာကင်(Takin)ကောင်မှာ ကမ္ဘာပေါ်တွင် အရှားပါးဆုံး အမဲလိုက် တိရစ္ဆာန်မျိုးတစ်မျိုးဖြစ်သည်ဟု ဆိုနိုင်ပါသည်။

အဆိုပါ သားကောင်များသည် မြင့်မားသော ဆီးနှင်းဖုံး ရေခဲတောင်တန်းများပေါ်၌သာလျှင် ကျက်စားနေထိုင်လျက်ရှိကြရာ ၎င်းတို့ရှိရာ တောင်မြင့်များဆီသို့ သွားရောက်ရန်မှာ ခဲယဉ်းသည့်ခရီး ဖြစ်သောကြောင့် ဤကဲ့သို့ ရှားပါးနေခြင်း ဖြစ်လေသည်။

အချို့ ၎င်းတို့နေထိုင်သည့်နေရာများမှာ လူသားများ လုံးဝသွားရောက်၍ မရသော အရပ်ဒေသများပင် ဖြစ်ကြလေ





သည်။

တာကင်ကောင်များကို ဟိမဝန္တာတောင်တန်းများ၏ အရှေ့ဘက်ပိုင်းဒေသ၊ တရုတ်ပြည်၏အနောက်ဘက် တောင်တန်းများနှင့် ကချင်ပြည်နယ်အတွင်း နယ်ခြားတစ်လျှောက်ရှိ ရေခဲတောင်တန်းများတို့၌ တွေ့ရှိနိုင်ပေသည်။

သဏ္ဌာန်အားဖြင့် တာကင်ကောင်များမှာ ဆိတ်နှင့်နွားစပ်ထားသည်နှင့် တူ၍ ချိုများမှာ နွားထီး(Musk Ox)များ၏ ချိုများနှင့် ဆင်၏။

စင်စစ်တွင် တာကင်၏သဏ္ဌာန်မှာ ထူးဆန်းပေသည်။ ၎င်း၏ကျောကုန်းသည် မတ်စောက်စွာ အမြီးဆီသို့ ဆင်း၍သွားလျက် လည်ပင်းမှာ တုတ်ခိုင်သန်မာလေသည်။ နှာတံမှာ ဆိတ်၏နှာတံနှင့် ဆင်နေသဖြင့် ဘေးမှမြင်ရသော မျက်နှာသဏ္ဌာန်မှာ နွားလည်းမကျ ဆိတ်လည်းမကျဘဲ တစ်မျိုးထူးခြား၍နေ၏။

ခြေထောက်များမှာ တို၍ တုတ်ခိုင်ပြီး ခွာများမှာ ကြီးမားလေသည်။ ကိုယ်အရောင်များမှာ အမျိုးမျိုးရှိ၍ ရွှေဝါရောင်မှ အညိုနက်ရောင်အထိ ကွဲပြား၍သွားကြ၏။

အရွယ်ရောက်သော အထီးကောင်များမှာ ပခုံးအထိ အရပ်လေးပေခွဲခန့် မြင့်မား၍ နေတတ်သည်ဟု သိရှိရလေသည်။

ပူတာအိုနယ်အတွင်းရှိ ရဝမ်လူမျိုးများက တာကင်ကောင်အား "ရှဖိုက်" ဟု ခေါ်ဝေါ်ကြသည်။

ရီမား(Rima)အနီးရှိ တိဗက်လူမျိုးများကမူ "ရှင်နာ"



www.burmeseclassic.com

www.burmeseclassic.com



(Shing-na)ဟု ခေါ်ဝေါ်ကြလျက် ၎င်းတို့အနီးအနားရှိ မစ်(ရှ)မီ (Mishmi)လူမျိုးများက 'ကျင်' (Kyen) ဟု ခေါ်ဝေါ်ကြကြောင်း သိရှိရ၏။

တိဗက်လူမျိုး အများအားဖြင့် "ကမ္ဘူ" (Kyimyak) သို့ မဟုတ် (Tsimyak) ဟူသောအမည်ဖြင့် တာကင်အား ခေါ်ဝေါ်လျက် ရှိကြလေသည်။

မြန်မာဘာသာအားဖြင့် တာကင်ကောင်များကို "သားမင်း" ကောင်ဟု ခေါ်ဝေါ်ကြောင်း သိရှိရလေသည်။

ကချင်ပြည်နယ်အတွင်း၌ တာကင်ကောင်များသည် အောက်ဖော်ပြပါဒေသတို့၌ မြောက်များစွာ ရှိနေကြောင်း တွေ့ရလေသည်။

ပူတာအိုနယ်၏မြောက်ဘက်အစွန်အဖျား၌ ရှိသော မေခနှင့်မလိခမြစ်များ၏မြစ်ဖျားခံရာ မလိခူး ရေခဲတောင်တန်းများဒေသ။

ပူတာအိုနယ်၊ ခေါလန်ဖူးတောင်အုပ်ပိုင်နယ်အတွင်းရှိ အာကျန်၊ လတ်တာဂေါ်၊ အာမတ်ခ ချောင်းများ၏ မြစ်ဖျားခံဒေသများ။

လောခေါင်တောင်တန်းနယ်အတွင်းရှိ လကင်ချောင်း၊ ငေါ်ချန်ခချောင်းတို့၏မြစ်ဖျားခံရာ ဒေသများနှင့် ထောလန်ဒေသတို့ဖြစ်ပေသည်။

တာကင်ကောင်များသည် ရေခဲနှင့် နီးကပ်စွာ နေလေ့ရှိကြသည်။ ကျစ်တွင်းရှိရာ ဒေသအနီး၌ပင် အုပ်လိုက်ဖြစ်စေ၊





နှစ်ကောင်တွဲ၊ သုံးကောင်တွဲ၊ လေးကောင်တွဲဖြစ်စေ နေတတ်ကြလေသည်။

နွေဥတုနှင့် မိုးတွင်းအချိန်များတွင် ပေပေါင်း(၈၀၀၀)မှ (၁၁,၀၀၀)အထိ မြင့်မားသည့် ရေခဲပြင်ရှိရာသို့ နီးကပ်စွာ တက်သွားပြီး ဆောင်းရာသီအခါ ရေခဲမိုး ရွာသည့်အခါတွင် အောက်ဘက် နိမ့်သောအပိုင်းသို့ တဖြည်းဖြည်း ဆင်းလာတတ်ကြသည်။

မိုးတွင်းအချိန်တွင် ကျစ်တွင်းများကို သောက်လေ့မရှိချေ။ နွေနှင့်ဆောင်းရာသီများ၌သာ ကျစ်တွင်းများ၌ သောက်လေ့ရှိကြ၏။

မိုးကုန်ခါစ စက်တင်ဘာလဆန်းလောက်တွင် လပြည့်ညတစ်ညအချိန်၌ ရှိရှိသမျှ တာကင်ကောင်အားလုံးတို့သည် နီးစပ်ရာ ကျစ်တွင်းသို့ ဆင်းသက်လေ့ရှိကြသဖြင့် ထိုလသည် သားမင်းကောင်တို့အား အများဆုံး တွေ့မြင်ရသောအချိန် ဖြစ်သည်ဟု သိရပါသည်။

အခြားအချိန်များ၌ တစ်ကောင်စ နှစ်ကောင်စသာ ကျစ်တွင်းအနီး၌ တွေ့ရတတ်ကြရပေသည်။

တာကင် ခေါ် သားမင်း သတ္တဝါသည် ကမ္ဘာပေါ်တွင် ရှားပါးသည့် စာရင်းဝင် သတ္တဝါမျိုး ဖြစ်သောကြောင့် နိုင်ငံတကာ တိရစ္ဆာန်ဥယျာဉ်များမှ များစွာဂရုစိုက်ပြီး တန်ဖိုးထားကြလေသည်။ ၎င်းတို့အနေနှင့် သားမင်းသတ္တဝါကိုသာ ရမည်ဆိုပါက ငွေကြေးအမြောက်အများပေးပြီး ဝယ်ယူကြလေသည်။

မြန်မာနိုင်ငံ မြောက်ဖျားဒေသ ရေခဲပြင် ရှိသောဒေသ



www.burmeseclassic.com

www.burmeseclassic.com



များတွင် တာကင် ခေါ် သားမင်းကောင်များစွာတို့ ရှိကြလေ
သည်။

ငင်းတို့သည် ရေခဲတောင်ခြေရင်းများတွင် နေကြပြီး
ကျစ်တွင်းဟု ခေါ်သော ဆားငန်ရေ ရှိသော တွင်းများအနီးတွင်
အုပ်စုဖွဲ့ပြီး နေကြသည်။ တောင်ပေါ်မှာ ရေခဲပျော်ကျသွားပြီး
ပူအိုက်လာသောအချိန်ရောက်လျှင် တောင်ခြေ၌ရှိသော ဆား
ငန်ရေတွင်းများ ရှိရာသို့ အုပ်စုဖွဲ့ကာ ဆင်းလာကြသည်။

ထိုအခြေအနေကိုသိသော ဒေသခံ မုဆိုးများက ဆား
တွင်းများ ရှိသောနေရာမှ စောင့်ကာ ဖမ်းဆီးကြသည်။

အချို့က မြား၊ သေနတ်စသောလက်နက်များဖြင့် ပစ်
ခတ်ကာ အသေဖမ်းဆီးကြသည်။ အချို့ကတော့ ထောင်ချောက်
များ ဆင်ပြီး အရှင်ဖမ်းဆီးကြလေသည်။

အရှင်ဖမ်းမိသော တာကင်များကို အချို့ လှောင်အိမ်
များနှင့် မွေးထားကြသည်။ တာကင်ကောင်မှာ သိုး၊ ဆိတ်တို့နှင့်
ပုံပန်းသဏ္ဌာန်ရော အရွယ်အစားပါ တူသော်လည်း သိုးလော
အမွေးမထူပေ။ ဆိတ်ကဲ့သို့လည်း ဦးချိုမပါပေ။

ရေခဲတောင်ပေါ်မှာ ရေခဲများ ပျော်ကျလာသောအချိ
သည် ဆေးပင်၊ ဆေးမြစ်၊ ဆေးဥများ ရှာဖွေသူတို့အတွက် ရှာ
ဖွေ၍ ရရှိကြသလို တာကင် ခေါ် သားမင်း ဖမ်းဆီးသူများ
လည်း အရများကြလေသည်။

ယခုလည်း မန်စေရွာမှ လူသုံးယောက်တို့ တောင်ပေါ်
တက်လာကြသည်။





နီမောင်၊ စောထီးနှင့် ဖမဲအောင်တို့သုံးယောက်ပင်
ဖြစ်သည်။ ငင်းတို့သည် ဆေးမြစ်ဆေးဥ ရှာဖွေရန် လာကြခြင်း
မဟုတ်ဘဲ တာကင်ကောင် ဖမ်းဆီးရန် တက်လာကြခြင်းဖြစ်လေ
သည်။

ငင်းတို့တက်လာသော တောင်မှာ အဒွန်လောင်တောင်
ကြောနှင့် တစ်ဆက်တည်း ရှိနေသော ရေခဲတောင်ကြီးပင် ဖြစ်
ပေသည်။ ပေပေါင်း တစ်သောင်းခြောက်ထောင်ကျော်အမြင့်ရှိ
ပြီး အများအားဖြင့်တော့ အပေါ်ပိုင်းဒေသများမှာ ရေခဲများ
ဖုံးနေတတ်ပေသည်။

နွေဦးရာသီရောက်ပြီး ရေခဲများ အရည်ပျော်ကျလာ
သောအချိန် ရောက်လျှင်လည်း သဘာဝ သယံဇာတပစ္စည်း
များ၊ သစ်ခွပန်းများ၊ ဆေးပင်ဆေးမြစ်များနှင့် အဖိုးတန်တိရစ္ဆာန်
များ ပေါလှသောကြောင့် ရှာဖွေဖမ်းဆီးရန် အလွယ်ကူဆုံးအချိန်
လည်းဖြစ်သည်။

အဒွန်လောင်တောင်မှာ ရှည်လျားသော တောင်တန်း
ကြီးများဖြစ်သောကြောင့် အချို့နေရာများမှာ လူသူမရောက်နိုင်
သောနေရာများ ရှိသည်။ အချို့နေရာများကတော့ အန္တရာယ်
များသောကြောင့် မသွားဝံ့ကြသည်မျိုးလည်း ရှိသည်။

ထိုနေရာများထဲတွင် နေ့မြင်ညပျောက် မိစ္ဆာဂူပေါက်
သောနေရာများလည်း ပါဝင်လေသည်။

ထိုနေရာကို နေ့မြင်ညပျောက် မိစ္ဆာဂူပေါက်ဟု အဘယ်
ကြောင့် အမည်ပေးထားကြသည်ဆိုလျှင် ထိုနေရာသို့ ရောက်



www.burmeseclassic.com

www.burmeseclassic.com



သွားသူတိုင်း အသက်ဘေးအန္တရာယ်များနှင့် ကြုံရလေသည်။

ထို့ပြင် ကျောက်တောင်နံရံမှာရှိသော အချို့ဂူပေါက်ဝများမှာ နေ့ဘက် အလင်းရောင်ရှိသောအချိန်တွင် ဂူပေါက်ဝများကို မြင်တွေ့နိုင်သော်လည်း ညအချိန် အလင်းရောင် ပျောက်သွားသောအချိန်တွင် ဂူပေါက်ဝများ ပိတ်သွားသည်။ ပျောက်သွားကြခြင်းပင်ဖြစ်သည်။

အချို့ကတော့ တောစောင့်နတ်များက ကွယ်ဝှက်ထားသဖြင့် မမြင်နိုင်ခြင်းဖြစ်မည်ဟု ထင်ကြသည်။

အချို့ကတော့ မယုံကြည်သောကြောင့် အနီးရောက်သည်အထိ သွားရောက်ကြည့်ကြသည်။ အနီးရောက်သွားလျှင်တော့ ကြောက်စရာကောင်းသော အန္တရာယ်များနှင့် တွေ့ရပြီး အစအန ပျောက်သွားသည်က များလေသည်။

အချို့ ကံကောင်းထောက်မပြီး အသက်မသေဘဲ ပြန်လာနိုင်သူများ ပြောပြချက်အရကတော့ ထိုဂူပေါက်ဝများမှာ ညအချိန်ရောက်သည်နှင့် အတွင်းမှ တစ်စုံတစ်ခုနှင့် ပိတ်လိုက်သကဲ့သို့ ပိတ်သွားသည်ကို တွေ့မြင်ခဲ့ရကြောင်း ပြောပြလေသည်။

မည်သို့ပင်ဖြစ်စေ. . . ထိုနယ်တစ်ဝိုက်မှာ နေကြသူများကတော့ ကြောက်စရာကောင်းသော နေ့မြင်ညပျောက်ဂူပေါက်မိစ္ဆာအကြောင်းကို မသိသူ မရှိကြပေ။

ယနေ့ နီမောင်တို့သုံးယောက် ရောက်လာသောနေရာမှာ မိစ္ဆာဂူပေါက်များနှင့် မဝေးလှပေ။ ထိုနေရာမှာ မြင့်မားသော





တောင်ကြားတစ်ခုရှိပြီး အောက်ခြေတွင် ဆားတွင်းများ ရှိသည်။ လပြည့်နေ့ ညအချိန်ရောက်လျှင် ထိုဆားတွင်းသို့ သားကောင်တောကောင်များ ဆင်းလာပြီး ဆားလျှက်ကြသည်။

ထိုအထဲတွင် တာကင်များလည်း ပါလာကြသည်။ ထို့ကြောင့် ထိုနေရာနှင့် မနီးမဝေးနေရာမှာ စောင့်ဆိုင်းပစ်ခတ်ရန် လာကြခြင်းဖြစ်သည်။

အချိန်က ညနေပိုင်းအချိန် ရောက်နေချေပြီ။ မြူနှင်းများ ဖုံးအုပ်ထားသောကြောင့် အလင်းရောင် သိပ်မရှိတော့ပေ။ ထိုနေ့သည် လပြည့်နေ့ ဖြစ်သောကြောင့် ညအချိန်ရောက်လာပါက လရောင်ကို တစွန်းတစ တွေ့ရနိုင်သည်။ ထိုလရောင်ကို အားကိုးပြီး သားကောင်ကို ပစ်ခတ်ကြရမည်ဖြစ်သည်။

သုံးယောက်သား စကားတပြောပြောနှင့် လျှောက်လာကြရာ မိစ္ဆာဂူပေါက်ဝများ ရှိသောနေရာနှင့် မနီးမဝေးသို့ ရောက်လာကြသည်။

“နီမောင်. . . ဟိုတလောက မင်းနဲ့အတူတူ တောကျွဲလိုက်ဖမ်းတဲ့လူက ဘယ်သူလဲ”

ငမဲအောင်က မေးလိုက်လေသည်။

“သူ့နာမည် ဒီပကလို့တော့ ပြောသွားတာပဲ”

“သူက ဘယ်ကလဲ”

“ငါလည်း မသိဘူး”

“တောကျွဲလို သတ္တဝါမျိုးကို တစ်ယောက်တည်း ဖမ်းနိုင်တယ်ဆိုတာက နည်းတဲ့သတ္တိမျိုးတော့ မဟုတ်ဘူးကွ”



www.burmeseclassic.com

www.burmeseclassic.com



"ငါလည်း အံ့သြနေတာ"

"တောထဲမှာလဲ သေနေတဲ့ တောကျွဲကို သူဖမ်းတယ် ဆိုပြီး မင်းကို ညာပြောတာရော မဖြစ်နိုင်ဘူးလား"

စောထီးက ပြောသည်။

"အစကတော့ ငါလည်း မင်းတွေးသလိုမျိုး တွေးလိုက်သေးတယ်၊ ဒါပေမယ့် ငါရောက်သွားတဲ့အချိန်မှာ တောကျွဲက အသက်ငင်နေတုန်းပဲ ရှိနေသေးတယ်"

ထိုစကားကြောင့် ကျန်နှစ်ယောက်မှာ ဘာမှထပ်မပြောသာတော့ပေ။

"အေးလေ. . . ထူးဆန်းတာကတော့ အမှန်ပဲ၊ ဒါပေမယ့် တောထဲမှာဆိုတာ ငါတို့ဉာဏ်တစ်ထွာတစ်မိုက်နဲ့ လိုက်မမီနိုင်တဲ့အကြောင်းတွေ အများကြီး ရှိနေတာပဲလေ"

စကားတပြောပြောနှင့် လျှောက်လာကြရာ ချောက်ကမ်းပါး ရှိသောနေရာသို့ ရောက်လာကြလေသည်။

"နောက်ပြီး ဂူဘားရွာမှာ သက္ကဆိုတဲ့လူနဲ့ မြားချင်းယှဉ်ပစ်တုန်းကလည်း မင်းကို တစ်ယောက်ယောက်က ကယ်လိုက်တာဖြစ်မှာ သေချာတယ်"

"သက္ကက ခေါင်းပေါ်က ပန်းသီးကို ပစ်တာမဟုတ်ဘူး၊ မျက်နှာကိုမှန်အောင် တမင်ပစ်တယ်ဆိုတာ မြားသွားတဲ့လမ်းကို ကြည့်တာနဲ့ သိသာနိုင်တယ်"

စောထီးက မကျေမနပ်ဖြင့် ပြောသည်။

"သေချာတာပေါ့ကွာ. . . သူလည်း မြားပစ်တာ ခေသူ





မှ မဟုတ်တာ၊ နီမောင်နဲ့ ရန်ငြိုးရန်စ မရှိပါဘဲ သူက ဘာကြောင့် သတ်ချင်နေရတာလဲ"

"မိန်းမကိစ္စပေါ့ကွာ. . နီမောင် သဘောကျတဲ့ ဟေမာဆိုတဲ့ မိန်းကလေးကို အကြိုက်တူနေလို့ ဖြစ်မှာပေါ့"

"ဒီလိုဆိုရင်တော့ မင်းသတိထားရတော့မယ် နီမောင်ရေ၊ မင်းကြိုက်နေတဲ့ ကောင်မလေးက အလှပန်းပွင့် မဟုတ်ဘဲ ကိုယ့်အသက်ကို အန္တရာယ်ပေးမယ့် အဆိပ်ပန်းပွင့်လည်း ဖြစ်နေဦးမယ်ကွ"

ဟု နှစ်ယောက်သား ဝိုင်းပြောကြလေသည်။

"ကဲ. . . ဒီအကြောင်းတွေ တော်ကြပါတော့ကွာ၊ ငါတို့ ဒီည ဘယ်လိုလုပ်ကြမလဲ၊ သုံးယောက်အတူတူ စောင့်မလား၊ ဒါမှမဟုတ် အကြောင်းရှိရင် အကူအညီရအောင် တစ်နေရာစီ စောင့်ကြမလား"

"တစ်နေရာစီ စောင့်တာက ပိုပြီးအဆင်ပြေမယ်၊ ဒါမှ တစ်ယောက်ဆီက လွတ်သွားရင် နောက်တစ်ယောက်က ပစ်လို့ရနိုင်တယ်"

ဟု ပြောပြီး မိမိတို့ စောင့်ကြမည့်နေရာများသို့ အသီးသီး ထွက်သွားကြလေသည်။

အချိန်က ညနေပိုင်းအချိန် လွန်လာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၉)

# တောနက်တွင်းမှ လျှို့ဝှက်သောကယ်တင်ရှင်

နေဝင်သွားသည်နှင့် တောင်ပေါ်မှာ အလင်းရောင် ပျောက်သွားလေပြီ။

မြူနှင်းများကြောင့် ပတ်ဝန်းကျင်မှာ ဝေ့ဝေ့ဝါးဝါး ဖြစ်လာလေသည်။ ထိုအချိန်မျိုးတွင် တောထဲ၌ သွားလာရသည်မှာ များစွာသတိထားကြရသည်။

လရောင်ရှိသော ညဦးပိုင်းအချိန်မျိုးတွင် [illegible]ားတွင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိရာသို့ သားကောင်ငယ်လေးများ လာကြသလို ထိုသားငယ်များကိုဖမ်းဖို့ တောကောင်ကြီးများလည်း ရောက်လာလေ့ရှိသည်။

တောကောင်ကြီးများက သားကောင်ငယ်ကလေးများကိုတွေ့ပါက အဆင်သင့် ဖမ်းဆီးကြပြီး အကယ်၍ သားကောင်ငယ်ကလေးများကို မတွေ့ပါက ဆားကျင်းသွားပြီး ဆားလျက်ကြသည်။

သူတို့အတွက်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ် သဘောမျိုးဖြင့် လာကြခြင်းဖြစ်သည်။

နီမောင်သည် ဆားကျင်းကို လှမ်းမြင်ရသောနေရာရောက်အောင် တဖြည်းဖြည်း ဆင်းလာလေသည်။ ထိုသို့ဆင်းရာမှာလည်း ကျောက်တုံးများပေါ်မှ သတိထားပြီး ဆင်းရလေသည်။

အကယ်၍ ခြေချော်ပြီး ချောက်ထဲကျသွားပါက အသက်မသေလျှင်တောင်မှ ပြန်တက်ရန် မလွယ်ကူလှပေ။ သူသည် တဖြေးဖြေးနှင့် လျှောဆင်းလာပြီး ပစ်ကွင်းကောင်းသောနေရာရွေးပြီး သစ်ပင်ကြီးတစ်ပင်အောက်မှာ ဝင်ထိုင်လိုက်သည်။

ထို့နောက် ပါလာသောရေနှင့် အစားအသောက်များကို ဝမ်းပြည့်အောင် စားသည်။

တဖြည်းဖြည်းနှင့် ပတ်ဝန်းကျင်မှာ အမှောင်ရိပ်များဖုံးသွားသော်လည်း လပြည့်နေ့ညဖြစ်သောကြောင့် မကြာမီ





လရောင်ထွက်လာပေမည်။

ထိုအချိန်မျိုးမှာ ဆားကျင်းရှိရာသို့ တောကောင်ငယ်ကလေးများ လာရောက်ကြသည်။

နီမောင်က အစားအသောက်ကို စားရင်း စိတ်ရှည်လက်ရှည် စောင့်နေသည်။ ထိုသို့စောင့်နေရင်းမှာပင် အတွေးထဲသို့ သတိရစရာ အဖြစ်အပျက်အချို့က ဝင်လာလေသည်။

ဦးစွာ သရဖီနှင့် ပတ်သက်သည့်အကြောင်းများက ဝင်လာသည်။ သရဖီသည် ရုပ်ရည်ချောမောလှပသလောက် နားလည်ရခက်သည့် အမျိုးသမီးတစ်ယောက်ဖြစ်သည်။ တိုက်ဆိုင်မှုဟုပင် ဆိုရလေမည်လား။ သူ ဒုက္ခနှင့် တွေ့ကြုံနေရသောအချိန်တိုင်းတွင် သရဖီနှင့် တွေ့ရလေ့ရှိသည်။

သက္ကနှင့် မြားချင်း ယှဉ်ပစ်သောနေ့က သူ့အသက်ဘေးမှ လွတ်ရန် သတိပေးလိုက်သူမှာ သရဖီအသံ ဖြစ်မည်ဟု စိတ်ထဲမှ သိနေလေသည်။

သူ ဘာကြောင့် ကယ်ပေးနေရတာလဲ။

သူက တစ်ရွာလုံးက ထင်ကြေးပေး ပြောဆိုနေသကဲ့သို့ မှော်ကဝေပညာများကို တတ်ကျွမ်းနေသောကြောင့် ထိုကဲ့သို့ သိနေတာများလား။

အတွေးများက အဆက်မပြတ် ဝင်လာသည်။ သူ့အကျႌအိတ်ထဲမှာ သရဖီပေးသောပုဝါက ရှိနေသေးသောကြောင့် ထုတ်ကြည့်လိုက်သည်။

ပိုးချည်မျှင်များဖြင့် ယက်လုပ်ထားသော အနီရောင်



www.burmeseclassic.com

www.burmeseclassic.com



ပုဝါပင်ဖြစ်သည်။

"သူ ငါ့ကို ဘာကြောင့်လိုက်ကယ်နေတာလဲ"

ထိုအတွေးမှာ အထပ်ထပ်အခါခါ ဝင်နေသောအတွေး ပင်ဖြစ်သည်။

စားရင်းသောက်ရင်းဖြင့် အတွေးကောင်းနေရာ အရှေ့ဘက် တောင်ကြောပေါ်မှ လရောင်ထွက်လာသည်ကိုပင် သတိမပြုလိုက်မိပေ။

သစ်ပင်ရိပ်များကြားမှ ကြိုကျားကျဆင်းလာသော လရောင်ကို မြင်ရတော့မှ အတွေးစ ရပ်သွားလေသည်။

ကောင်းကင်မှာ လထွက်လာသောအခါ လေကလည်း တဖြူးဖြူး တိုက်လာသည်။ နှင်းများက ပိုကျလာသောကြောင့် အအေးဓာတ်ကလည်း ပိုများလာသည်။

နီမောင်က စားသောက်ခြင်းကို အပြီးသတ်လိုက်ပြီးနောက် ကိုယ်ပေါ်မှာဝတ်ဆင်ထားသော သားမွေးအကျႌနှင့် ဦးခေါင်းစွပ်တို့ကို ပြင်လိုက်သည်။ ပြီးမှ သူယူလာသော ဓား၊ လှံ၊ လေးနှင့်မြားတို့ကို အဆင်သင့်ဖြစ်မဖြစ် စစ်ဆေးကြည့်သည်။

ထိုအချိန်မှာပင် တောနက်အတွင်းမှာ ညဥ့်အခါ အစာရှာထွက်လာသော တောကောင်ကြီးများ အော်သံအချို့ကို ခပ်သဲ့သဲ့ ကြားလာရသည်။

တောကောင်ကြီးများသည်လည်း ကျစ်တွင်းဟု ခေါ်သော ဆားတွင်းရှိရာသို့ ဆင်းလာကြပေတော့သည်။





အတန်ကြာတော့ တိမ်ကြားထဲမှ ထွက်လာသော လရောင်က အရှေ့တောင်တန်းများအပေါ်မှ ကျော်တက်လာသည်။ နှင်းမှုန်များကို ထိုးဖောက်ဆင်းလာရသော်လည်း မှောင်နေသော တောထဲမှာတော့ အတန်အသင့် မြင်နိုင်လာသည်။ နီမောင် ရောက်နေသောနေရာမှာ ချောက်ကမ်းပါးအစပ်နေရာ လောက်တွင်ဖြစ်သည်။

ထိုနေရာမှ လှမ်းကြည့်လျှင် ဆားတွင်းရှိရာသို့ ကောင်းစွာမြင်နိုင်လေသည်။

လရောင်ကလည်း တောင်နံရံနှစ်ခုကြားသို့ ကျနေရာ မြင်ကွင်းများကို သဲသဲကွဲကွဲ မြင်ရသည်။

နီမောင်က အတွေးအာရုံကို ဖြတ်ပြီး ဆားတွင်းရှိရာသို့ လှမ်းကြည့်နေသည်။

ခဏကြာတော့ ဆားတွင်းရှိရာသို့ ဒရယ်တစ်ကောင် ရောက်လာပြီး ဆားလျက်သည်။

ဒရယ်ထွက်သွားတော့ တောဝက်တစ်ကောင် လာပြီး ဆားလျက်ပြန်သည်။

တောဝက်ထွက်သွားသောအခါမှာတော့ သူပစ်ချင်သော တာကင်တစ်ကောင် ဝင်လာလေသည်။

နီမောင် ဝမ်းသာသွားသည်။

သူသည် ပစ်ကွင်းကောင်းကောင်း ရစေရန် စောင့်ရင်း လေးနှင့်မြားတို့ကို အသင့်ပြင်လိုက်လေသည်။

ထိုအခိုက်မှာပင် အနှောင့်အယှက်က ပေါ်လာလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူ့အနောက်ဘက်မှ သစ်ရွက်ခြောက်များအပေါ်သို့ နင်းလျှောက်လာသောခြေသံ ကြားလိုက်ရသည်။

မိမိအဖော်တစ်ယောက်ဖြစ်လေမလား ထင်ပြီး လှည့်ကြည့်လိုက်သည်။

မဟုတ်ပေ. . .။

အရပ်အမောင်း မြင့်ပြီး အလုံးအထည် ထွားကျိုင်းလှသော ဝက်ဝံကြီးတစ်ယောက်ပင်ဖြစ်သည်။

ဝက်ဝံကြီးက သူ့အနောက်ဘက် မနီးမဝေး၌ ရောက်နေချေပြီ။

သူက အောက်မှ တာကင်ကို ချောင်းသည်။ နောက်မှ ဝက်ဝံက သူ့ကို တိုက်ခိုက်ရန် ချောင်းနေသည်။ နီမောင်အတွက် အခွင့်အရေးက သိပ်မရတော့ပေ။ တာကင်ကောင်ဘက်သို့ ချိန်ထားသောမြှားကို ဝက်ဝံဘက်သို့ လှည့်လိုက်သည်။

"ဂါး. . . ဂါး"

ဝက်ဝံကြီးက ဒေါသတကြီး မာန်ဖီကာ ရှေ့သို့ တိုးဝင်လာသည်။ နီမောင်က မြှားဖြင့် ပစ်သည်။

မြှားတံက သာမန်တောကောင်ပစ်ရန် ရွေးထားသည့် မြှားတံဖြစ်နေသောကြောင့် ထူထဲလှသော ဝက်ဝံအမွေးရှည်များကို မထိရောက်ဘဲ ရှိလေသည်။

သို့ကြောင့် ဝက်ဝံက အနားရောက်လာပြီး ချွန်ထက်သော လက်သည်းကြီးများဖြင့် ပုတ်ခတ်တိုက်ခိုက်ရာ ဘေးလွတ်ရာ ရှောင်ပေးရတော့သည်။





ထိုမှ အကောင်အထည်ကြီးသော ဝက်ဝံမျိုးကို အနီးကပ်ယှဉ်တိုက်၍မရမှန်း သူသိသည်။

သူ့ဓားချက် ဝက်ဝံကို ထိသော်လည်း ဘာမှဖြစ်မည်မဟုတ်ဘဲ ဝက်ဝံ၏ချွန်ထက်သည့် လက်သည်းတစ်ချက် ထိရုံဖြင့် အသက်ပျောက်သွားပေမည်။

ထို့ပြင် ဝက်ဝံအမွေးရှည်ပြီး ထူလှသောကြောင့်လည်း တော်ရုံ မားလှံတို့ဖြင့် ထိုးခုတ်ရုံနှင့်တော့ အရာမရောက်လှပေ။

ထို့ကြောင့် နီမောင်မှာ လက်သည်းချက်များ မထိအောင် ရှောင်တိမ်းရင်း ဘေးလွတ်ရာသို့ ပြေးရန် ကြိုးစားနေရသည်။

သို့စေကာမူ အခွင့်အရေးက မရပေ။ သူက ချောက်ကမ်းပါးစပ်မှာ ရောက်နေပြီး ဝက်ဝံကြီးက အပေါ်ဘက်မှာ ရောက်နေသောကြောင့်ဖြစ်သည်။

နောက်ဆုတ်ပြေးပါက ချောက်ထဲ ကျရုံသာ ရှိတော့သည်မို့ အခက်တွေ့နေတော့သည်။

သူ့မှာ ပါလာသော လေးကလည်း တစ်နေရာမှာ ကျခဲ့လေပြီ။ ဓားနှင့်လှံကလည်း ဝက်ဝံကြီးကို တိုက်ခိုက်ရာမှာ ထိရောက်မည် မဟုတ်ပေ။

ထို့ကြောင့် ပြန်မတိုက်နိုင်ဘဲ အန္တရာယ်မဖြစ်အောင်သာ ရှောင်ပေးနေရခြင်းဖြစ်သည်။

တစ်ကြိမ်မှာတော့ နောက်သို့ ခုန်ရှောင်ပေးလိုက်ရာ ကမ်းပါးစွန်းမှာရှိသော ကျောက်တုံးကို နင်းမိသဖြင့် ချော်



www.burmeseclassic.com

www.burmeseclassic.com



တုံးက ပွဲကျသွားလေရာ လူပါ ပါသွားတော့သည်။

သို့သော်လည်း သူက သတိရှိသူမို့ ကမ်းပါးစွန်းမှာ ပေါက်နေသော သစ်ကိုင်းတစ်ကိုင်းကို ဖမ်းဆွဲလိုက်နိုင်သည်။

ထို့ကြောင့် လေထဲမှာ တန်းလန်းကြီး ဖြစ်သွားသည်။ သူ့အနေဖြင့် ရှောင်စရာအခွင့်အရေး မရတော့ပေ။ ထိုအခြေအနေကိုမြင်တော့ ဝက်ဝံက နောက်သို့ ပြန်လှည့်သွားလိမ့်မည်ဟု စိတ်ထဲမှ ထင်လိုက်သည်။ သူထင်သလိုတော့ မဟုတ်ပေ။

ဝက်ဝံက နောက်ပြန်မလှည့်သည့်အပြင် အပေါ်မှ ငုံ့ပြီး သူ့ကို လက်သည်းများဖြင့် ကုတ်ဆွဲရန် ကြိုးစားနေသည်။

တကယ်တော့ သူရောက်နေသောနေရာမှာ ကမ်းပါးစွန်းနှင့် မဝေးလှဘဲ ဝက်ဝံ လက်တံရှည်နှင့် ဖမ်းဆွဲပါက မှီနိုင်သောနေရာလောက်တွင် ရှိနေသည်။

ဝက်ဝံက အပေါ်မှငုံ့ပြီး သူ၏လက်သည်းရှည်ကြီးများဖြင့် တဘုန်းဘုန်း လှမ်းဆွဲနေသည်။

အကယ်၍သာ နည်းနည်းငုံ့ဆွဲလျှင် သူ့လက်ကို မှီနိုင်လောက်သည်။

ထိုအခိုက်မှာပင် ကမ်းစပ်အပေါ်ဘက်မှ အသံမျိုးစုံကြားလိုက်ရသည်။

သစ်ကိုင်းသစ်ပင်များ ကျိုးပွဲ့သံ၊ တောတိုးလာသံ၊ ပြင်းထန်သော ပုတ်ခတ်သံကြီးကိုပါ တစ်ဆက်တည်း ကြားလိုက်ရသည်။

"ဘုန်း. . ."





ကျယ်လောင်သောအသံကြီးနှင့်အတူ သူ့အပေါ်မှ ဒုက္ခပေးနေသော ဝက်ဝံကြီးမှာ ချောက်တွင်းသို့ ဦးစိုက်ကျသွားလေတော့သည်။

ဝက်ဝံကြီး၏ကိုယ်အလေးချိန်ကြောင့် ကမ်းပါးစွန်းမှ ကျောက်တုံးကျောက်ခဲများနှင့် မြေသားများ ပြိုကျလာသောကြောင့် မထိမိစေရန် မျက်စိမှိတ်ထားရသည်။

အချို့ကျောက်တုံးများမှာ သူ့ကိုယ်ပေါ်မှ ပွတ်ကာသီတာ ကျော်ပြီး ကျသွားကြသည်။

မရှေးမနှောင်းမှာ အောက်မှာ ရှိနေသော ကျောက်စွန်းကျောက်ချွန်များအပေါ်သို့ အလေးချိန်များသော ဝက်ဝံကိုယ်ကြီးကျသွားသောအသံကို အတိုင်းသား ကြားလိုက်ရသည်။

"ဝုန်း. . ."

အတန်ကြာတော့မှ ကျောက်တုံးများ ကျလာခြင်း ရပ်သွားပြီး အခြေအနေလည်း ငြိမ်သက်သွားလေတော့သည်။

ယခုအချိန်ထိ နီမောင်မှာ သစ်ကိုင်းကို ဆွဲထားလျက်နှင့် တန်းလန်းကြီး ဖြစ်နေဆဲပင်။

အပေါ်မှာ ဘာမှမရှိသောကြောင့် အပေါ်သို့ပြန်တက်ဖို့ရန်လည်း မလွယ်ပေ။ ထို့ပြင် သိပ်လည်း မလှုပ်ဝံ့ပေ။

ဆွဲထားသောသစ်ကိုင်း ကျိုးကျပါက သူ့အတွက် အသက်ရှင်ရန်လမ်း မရှိတော့ပေ။ အတန်ကြာတော့ အပေါ်ဘက်မှ ခြေသံများ ကြားရလေသည်။

ညအချိန်ဖြစ်သောကြောင့် စကားလည်း ကျယ်ကျယ်



www.burmeseclassic.com

www.burmeseclassic.com



မပြောဝံ့၊ နာမည်လည်း မခေါ်ဝံ့ပေ။ မရှေ့မနှောင်းမှာပင် အပေါ်မှ စကားပြောသံလိုလို ကြားလာရသည်။

"သူ အောက်ကို ကျသွားပြီနဲ့တူတယ်"

"ဒီအပေါ်က ကျရင်တော့ အသက်ရှင်ဖို့အကြောင်း မရှိလောက်ဘူး"

"သူ့ကို ဘယ်သူတွန်းချလိုက်တာလဲ"

"ငါတို့နှစ်ယောက်လာတော့ ဒီနေရာကနေ အမှောင်ထဲကို ရိပ်ခနဲ ဝင်သွားတဲ့ လူတစ်ယောက်ကို မင်းမမြင်လိုက်ဘူးလား"

"မြင်လိုက်တယ်"

"နီမောင်ကို သတ်လိုက်တာ သူပဲ ဖြစ်မှာပေါ့။ ဒီအချိန်မျိုး တောထဲမှာ ဘယ်သူမှ မရှိတာ"

"ဘယ်သူများလဲ မသိဘူး၊ မဟုတ်ကာမှလွဲရော. . ဟိုတလောက မြားပစ်တဲ့လူတွေများ တိတ်တိတ်လိုက်လာပြီး လုပ်ကြံကြတာများလား မသိဘူး"

ခဏကြာတော့ စကားသံများ ရပ်သွားလေသည်။

ထိုအခါမှ အပေါ်မှ ရောက်နေသူများမှာ စောထီးနှင့် ငမဲအောင်တို့မှန်း သိရသဖြင့် အသံပေးလိုက်သည်။

"စောထီးတို့လားဟေ့. . . ငါဒီမှာကွ"

ထိုအသံကြောင့် အပေါ်က နှစ်ယောက်က ငုံ့ကြည့်ကြသည်။

"ဘယ်သူလဲ. . . နီမောင်လား"





"အေး. . . ဟုတ်တယ်"

"မင်း ဘယ်လိုဖြစ်နေတာလဲ. . . ဘယ်နေရာမှာလဲ"

"အပေါ်က ကြိုးတစ်ချောင်းသာ ချပေးလိုက်ဟေ့၊ ငါ ဒီအောက်မှာ ရှိနေသေးတယ်"

မရှေ့မနှောင်းမှာပင် အပေါ်မှ ကြိုးတစ်ချောင်း ကျလာသဖြင့် ဖမ်းဆွဲယူကာ ကျောက်နံရံကို ခြေဖြင့် ကန်ပြီး အပေါ်သို့ တက်ရလေသည်။

အပေါ်ရောက်ကာနီးတော့ ကျန်နှစ်ယောက်က ဝိုင်းဆွဲတင်ကြသည်။

နောက်ဆုံးတော့ ကမ်းပါးပေါ် ပြန်ရောက်သွားလေသည်။ စောထီးနှင့်ငမဲအောင်တို့ကလည်း သေပြီဟု ထင်ထားသော နီမောင်ကို ပြန်တွေ့ရသဖြင့် ဝမ်းသာနေကြလေသည်။

"တော်ပါသေးရဲ့ နီမောင်ရာ၊ ငါတို့က မင်းသေပြီလို့ ထင်နေကြတာ၊ ဘယ်လိုဖြစ်တာလဲ မင်းကို လူတစ်ယောက်က ချောက်ထဲ တွန်းချလိုက်တာလား"

ငမဲအောင်က မေးလိုက်သည်။

"ဘယ်က လူတစ်ယောက်လဲ"

"စောစောက ငါတို့ရောက်လာတော့ ဒီနေရာက လူတစ်ယောက် ထွက်သွားတာ တွေ့လိုက်ရတယ်၊ မင်းကို လုပ်ကြံတာ အဲဒီလူ မဟုတ်လား"

နီမောင်က စဉ်းစားကြည့်နေပြီးမှ ပြန်ပြောလေသည်။

"မင်းတို့လာတော့ ဒီနေရာမှာ လူတစ်ယောက် တွေ့



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်ဆိုရင် အဲဒီလူက ငါ့ကို လုပ်ကြံတဲ့သူတော့ မဟုတ်နိုင်ဘူး၊ ငါ့အသက်ကို ကယ်ခဲ့တဲ့လူပဲ ဖြစ်ရမယ်”

နီမောင်က ဝက်ဝံကြီး ဝင်ရောက်တိုက်ခိုက်ခံရပုံများကို ပြန်ပြောပြလိုက်လေသည်။ သည်တော့မှ နှစ်ယောက်သား အံ့သြသွားကြလေသည်။

“ဒါ. . ဒါဖြင့် ချောက်ထဲကျသွားတဲ့ အသံကြီးဟာ ဝက်ဝံကြီး ကျသွားတဲ့အသံပေါ့. . . ဟုတ်လား”

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

“ဒီလောက်ကြီးတဲ့ ဝက်ဝံကြီးတစ်ကောင်ကို သေနတ်နဲ့ မပစ်ဘဲနဲ့ ဒီလူက ဘယ်လိုများ သတ်လိုက်တာလဲ”

“သေနတ်မပါလည်း အဆိပ်လူးမြားနဲ့ပစ်တာ ဖြစ်မှာပေါ့ကွာ”

“ငါတို့ အခု ချောက်ထဲ ဆင်းကြည့်ရင် မကောင်းဘူးလား”

“ဒီလိုအချိန်မျိုးမှာ ချောက်ထဲ မဆင်းသင့်ဘူး၊ အစာရှာထွက်လာတဲ့ တောကောင်ကြီးတွေနဲ့ တွေ့နိုင်တယ်၊ ငါလေးယောက် များဗူးလည်း ကျသွားတာဆိုတော့ မနက်လင်းတော့မှပဲ ဆင်းကြည့်ကြတာ ကောင်းမယ်”

ဟု ပြောဆိုတိုင်ပင်ပြီး ထိုညအဖို့တော့ သင့်တော်သောနေရာမှာ စခန်းချနေကြလေသည်။

နောက်တစ်နေ့ နံနက်လင်းသောအခါ သုံးယောက်သား တောင်ကြားအတွင်းသို့ ဆင်းကြည့်ကြသည်။





ထိုအခါ ကျောက်စွန်းများကြားမှာ သေဆုံးနေသော ဝက်ဝံကြီးကို တွေ့ကြရသည်။

“နည်းတဲ့အကောင်ကြီး မဟုတ်ဘူး၊ ဒီလောက်ကြီးတဲ့ အကောင်မျိုးကို မင်းတစ်ယောက်တည်း မပြောနဲ့၊ ငါတို့သုံးယောက် ဝိုင်းသတ်ရင်တောင် မနိုင်လောက်ဘူး”

“ဘာပဲဖြစ်ဖြစ် ဒီလောက်ကြီးတဲ့ဝက်ဝံကြီး ရလိုက်တာတော့ ဟန်ကျတာပဲ၊ ဝက်ဝံသားရေနဲ့ သည်းခြေကို ရောင်းလိုက်ရင်တော့ ငါတို့ ငွေတွေအများကြီး ရမှာပဲကွ”

“ဒါထက် ညက ဟိုလူ ဝက်ဝံကြီးကို ဘယ်ပုံဘယ်နည်းနဲ့ သတ်လိုက်တယ်ဆိုတာ ကြည့်ပါဦး”

ဟုပြောပြီး သေဆုံးနေသော တောဝက်ဝံကြီးအနီး ကပ်ပြီးကြည့်ကြတော့လည်း ခါးကျိုးနေသောဒဏ်ရာသာ တွေ့ရပြီး အခြားဒဏ်ရာဒဏ်ချက်တော့ မရှိပေ။ ခါးကျိုးသော ဒဏ်ရာမှာ ကျောက်တုံးပေါ် ပြုတ်ကျသောဒဏ်ရာဖြစ်မည်ဟု ထင်ကြလေသည်။

ထို့နောက်မှာတော့ ဝက်ဝံကြီးကို ဖျက်ကြသည်။ အမိကသားရေချပ်ကို မပေါက်မပြဲအောင် ဂရုစိုက်ပြီး ခွာယူရသည်။

ပြီးမှ အဖိုးတန်လှသော ဝက်ဝံသည်းခြေကို ထုတ်ယူသည်။

အသားများကိုတော့ လိုသလောက်သာ သယ်ယူသွားကြရန် လှီးဖြတ်နေကြစဉ် သူတို့ ရှိနေသော ချောက်အတွင်းသို့ လူတစ်ယောက် ဆင်းလာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲ"

"ငါပြောတဲ့ ဒီပကဆိုတာ သူပဲ"

ပြောနေရင်းနှင့် ဒီပက,က သူတို့အနီးသို့ ရောက်လာသည်။

"ဘယ်သူလဲမှတ်တယ်. . . နီမောင်ပါလား၊ မင်းတို့ ဖမ်းထားတဲ့ ဝက်ဝံကြီးက အတော်ကြီးပါလား၊ ငါ့အတွက်လည်း နည်းနည်းပေးခဲ့ပါလား"

"ပေးရမှာပေါ့ကွာ. . . မင်းအလှည့်တုန်းက ငါ့ကို တောကြွက်ပေါင်တစ်ဖက် ပေးခဲ့တာပဲ၊ ငါ့အလှည့်မှာလဲ မင်းလိုချင်သလောက်သာ ယူသွားပါ"

"ဝက်ဝံပေါင်တစ်ချောင်းလောက်ရရင် တော်ပါပြီကွာ"

ဟု ပြောသဖြင့် နီမောင်က ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဒီပကကို ဝက်ဝံပေါင်တစ်ဖက် လှီးဖြတ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ်ကွာ"

ဟု ပြောဆိုကာ သွေးရဲရဲနှင့် ဝက်ဝံပေါင်တစ်ချောင်းကို ထမ်းကာ ဒီပက ချောင်းကမ်းပါးအပေါ်သို့ ဆင်းလာသောလမ်းအတိုင်း ပြန်တက်သွားလေတော့သည်။

ထိုအခါမှ စောထီးနှင့် ငမဲအောင်တို့က တအံ့တဩဖြင့် ပြောကြသည်။

"တစ်ခါက မင်းကို တောကြွက်တစ်ကောင် ဖမ်းပေးလိုက်တာ သူပဲလား"





"ဟုတ်တယ်"

"ဒီလိုဆိုရင်တော့ အံ့ဩစရာ မရှိတော့ဘူး"

"ဘာဖြစ်လို့လဲ"

"ညက ဒီဝက်ဝံကို သတ်သွားတာလည်း သူပဲကွ"

"ဟင်. . . ဘယ်လိုကြောင့်လဲ"

"ညက မင်းဒုက္ခရောက်နေတုန်း အပေါ်က အသံကြီး ကြားလိုက်ပြီး ဝက်ဝံကြီး ချောက်ထဲပြုတ်ကျသွားတာ သူ့လက်ချက်ပဲ ဖြစ်မှာပေါ့။ ဘာကြောင့်လဲဆိုတော့ ငါတို့နှစ်ယောက် ဒီနေရာရောက်လာတော့ အမှောင်ရိပ်ထဲကို လူတစ်ယောက် ဝင်သွားတယ်ဆိုတာ တခြားလူ မဟုတ်ဘူး. . . သူပဲကွ၊ ငါ သေသေချာချာ မှတ်မိလိုက်တယ်"

ဟု ပြောကြလေရာ နီမောင်မှာ အံ့ဩမဆုံးအောင် ရှိနေလေတော့သည်။


"ဒီပကဆိုတာ ဘယ်သူလဲ"

ဟူသောမေးခွန်းများကလည်း သူ့အတွေးထဲမှာ ပဲ့တင်ထပ်လျက်ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၀)

# ဒေါ်မင်းဇာနှင့် လျှို့ဝှက်သောအကြံအစည်

တစ်နေ့သ၌ ဂူးဘားရွာအတွင်းသို့ လူအချို့ ရောက်လာကြလေသည်။ ၎င်းတို့သည် ဝန်တင်ကားများဖြင့် ပစ္စည်းများကို တင်ဆောင်လာကြလေသည်။

လူ(၁၀)ယောက်ခန့်ရှိပြီး ထိုအဖွဲ့ကို ဦးဆောင်လာသူမှာ ဆန်ဂေါင်ရွာမှ သက္ကပင် ဖြစ်လေသည်။ သက္ကတို့အဖွဲ့က (၅) ယောက်ဖြစ်ပြီး ကျန်(၅)ယောက်က နယ်ခြားဘက်မှ လာသူ



www.burmeseclassic.com

www.burmeseclassic.com



များဖြစ်သည်။

(၅)ယောက်စလုံး ကုလားလူမျိုးများဖြစ်ပြီး ခေါင်းဆောင်လုပ်သူမှာ 'နာရသန်' ဆိုသူဖြစ်သည်။

နာရသန်မှာ ကုလားလူမျိုးစစ်စစ်တော့ မဟုတ်ပေ။ သူသည် အင်္ဂလိပ်သွေးပါသူဖြစ်ပြီး ကုလားဘာသာစကား၊ အင်္ဂလိပ်ဘာသာစကားနှင့် မြန်မာဘာသာစကားကို ကျွမ်းကျင်စွာ ပြောဆိုနိုင်သူဖြစ်သည်။

သူသည် အသက်လေးဆယ်ကျော်အရွယ်ခန့်ရှိပြီး ယခင်က အင်္ဂလိပ်စစ်တပ်တွင် မေဂျာအဆင့်အထိ တာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ဗြိတိသျှများ ပြေးသောအခါ လိုက်မသွားတော့ဘဲ အိန္ဒိယမှာ ကျန်နေခဲ့သူဖြစ်သည်။

သူသည် စစ်တပ်မှာရှိနေစဉ်ကပင် စီးပွားရေး လာဘ်မြင်သူတစ်ဦးဖြစ်သောကြောင့် ခေတ်ပျက်ကာလတွင် ပစ္စည်းဥစ္စာ အတော်အသင့် စုဆောင်းနိုင်ခဲ့သဖြင့် ယခုကဲ့သို့ စစ်တပ်မှ ထွက်လိုက်သောအခါ စီးပွားရေးအခြေအနေကောင်းပြီး ဟန်မပျက် နေနိုင်ခဲ့ခြင်းဖြစ်သည်။

သူသည် အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့တွင် ကုမ္ပဏီတစ်ခု ထူထောင်ထားသည်။ ၎င်းကုမ္ပဏီမှာ ရှေးဟောင်းရတနာပစ္စည်းများ ရှာဖွေရောင်းဝယ်သော ကုမ္ပဏီပင်ဖြစ်သည်။

သူ၏ကုမ္ပဏီတွင် တပည့်လက်သားများစွာရှိပြီး နေရာအနှံ့အပြား၌ရှိသော ရှေးဟောင်းရတနာများကို တူးဖော်ရှာဖွေရင်းမှ တဖြည်းဖြည်းနှင့် ကြီးပွားချမ်းသာလာသူဖြစ်သည်။





သူသည် အင်္ဂလိပ်စစ်တပ်၌ တာဝန်ထမ်းဆောင်စဉ်ကပင် နေရာအတော်များများသို့ ရောက်ခဲ့ဖူးသည်။ အများအားဖြင့်တော့ ဂျပန်တပ်များကို လိုက်လံချေမှုန်းခဲ့စဉ်က အင်္ဂလိပ်စစ်တပ်နှင့် ပါသွားခဲ့ပြီး မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် အချိန်အတော်ကြာအောင် နေခဲ့ဖူးလေသည်။

ယခုတစ်ခေါက် ရောက်လာခြင်းသည် စစ်တပ်မှ ထွက်ပြီးနောက် မြန်မာနိုင်ငံသို့ ဦးစွာရောက်လာသောအခေါက်လည်း ဖြစ်သည်။

နာရသန်မှာ ဆန်ဂေါင်ရွာမှ သက္ကာနှင့် အဆက်အသွယ်ရှိသူဖြစ်သည်။

သက္ကာမှာ နယ်ခြားဘက်မှ အိန္ဒိယဘက်သို့ကူးကာ ပစ္စည်းများ သွားရောက်ရောင်းချရာမှ နာရသန်တို့နှင့် သိကျွမ်းခဲ့ခြင်းဖြစ်၏။

သို့ကြောင့် မြန်မာနိုင်ငံ မြောက်ဖျားဒေသများသို့ လာရောက်ရန်ကိစ္စ ပေါ်လာသောအခါ သက္ကာရှိသော ဆန်ဂေါင်ရွာသို့ အရင်ဝင်ရောက်ကြခြင်းဖြစ်သည်။

"ဟာ. . . ဆရာကြီးတို့ပါလား၊ ဘယ်လိုကနေဘယ်လို ရောက်လာကြတာလဲ"

"အကြောင်းကိစ္စရှိလို့ မင်းဆီ လာရတာပေါ့ကွ"

"ပြောပါ ဆရာကြီး၊ ကျွန်တော်တို့ ဘာတွေ အကူအညီ ပေးရမလဲ"

"ငါ ဒီနယ်တစ်ဝိုက်မှာ ရှိတဲ့နေရာတစ်ခုကို ရှာချင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါ မင်း လိုက်ပြီးအကူအညီပေးရမယ်၊ မင်းအတွက်လည်း အကျိုးအမြတ် ရစေရမှာပေါ့"

နာရသန်က သူ့မှာ အဆင်သင့်ပါလာသော မြေပုံကြမ်းတစ်ခုကို ထုတ်ပြသည်။

မြေပုံမှာ စာရွက်ကြမ်းတစ်ခုပေါ်မှာ အကြမ်းရေးဆွဲထားပြီး အချို့နေရာများ မှေးမှိန်ပျက်ပြယ်လျက်ရှိနေလေသည်။

သို့သော် အဓိကကျသောအမည်နှင့် နေရာများကတော့ မြင်နေရသေးသည်။

အဓိက အဒွန်လောင်တောင်ကြီးကို ရေးပြထားပြီး စိန်ဒူးဝမ်မြစ်ဝှမ်းနှင့် ၎င်းမှ ခွဲထွက်သွားသော မြစ်ချောင်းများကိုလည်း ရေးပြထားသည်။ ဆန်ဂေါင်းရွာ၊ ဂူးဘားရွာနှင့် မန်စေစသော ရွာအမည်များကိုလည်း ရေးပြထားသည်။

မြေပုံပေါ်မှာ မှင်ဖြင့် ဝိုင်းပြထားသောနေရာကတော့ ဂူးဘားရွာနှင့် မန်စေရွာနှစ်ရွာကြားမှာရှိသော အဒွန်လောင်တောင်ခြေတစ်နေရာပင်ဖြစ်သည်။

"ငါ အဲဒီနေရာကို သွားချင်တယ်၊ မင်း လိုက်ခဲ့ပြီး အကူအညီပေးပါ"

"ရပါတယ် ဆရာကြီး. . . လိုက်ပေးပါ့မယ်၊ ဒါထက် အဲဒီနေရာကို ဘာအတွက် သွားမှာလဲဟင်"

"နောက်တော့ ပြောပြပါ့မယ်၊ ငါ့ကိုသာ ရောက်အောင် လိုက်ပို့ပေးပါ"

"ကျွန်တော်က အဲဒီနယ်ဘက်ကို သိပ်ပြီးမကျွမ်းကျင်ဘူး၊ ဆရာကြီး သွားချင်တဲ့နေရာဘက်မှာ ဂူးဘားရွာ ရှိတယ်၊ ဂူးဘားရွာမှာ ကျွန်တော်နဲ့ ခင်မင်ရင်းနှီးတဲ့မိတ်ဆွေတွေ ရှိတယ်၊ သူတို့ဆီကို ဝင်ပြီး ခရီးတစ်ထောက်နားပြီးမှ သတင်းစုံစမ်းကြည့်ရရင် ပိုပြီး ပြည့်ပြည့်စုံစုံ သိရနိုင်တယ်"

"မင်း ကောင်းသလိုသာ စီစဉ်ပေးပါ၊ တကယ်လို့ ငါ့အကြံအစည် အောင်မြင်ခဲ့ရင် မင်းအတွက်လည်း အကျိုးရှိစေရပါမယ်"

နာရသန်က အတွက်မြင်သော စီးပွားရေးသမားပီပီ တစ်ဖက်သား သူ့အလိုသို့ပါအောင် မက်လုံးပေးပြီး စည်းရုံးထားနိုင်လေသည်။

"ရပါတယ် ဆရာကြီးရယ်၊ ကျွန်တော့်နယ်ဘက် ရောက်လာတော့ ကျွန်တော်က ပြန်ပြီးအကူအညီပေးရမှာပေါ့၊ ကျွန်တော်တို့ ဂူးဘားရွာကို သွားကြရမယ်"

ထိုကဲ့သို့ အစီအစဉ်ဆွဲပြီး သက္ကက ဦးဆောင်ကာ ဂူးဘားရွာသို့ ရောက်လာခဲ့ကြခြင်းဖြစ်သည်။

ထိုရွာသို့ ရောက်သောအခါ သူနှင့် ခင်မင်နေသည့် သူဌေးဆာတေးဆီသို့ သွားကြသည်။

ဆာတေးကလည်း ရပ်ဝေးမှ ရောက်လာသော ဧည့်သည်များအား နေရာထိုင်ခင်းများပေးပြီး အစားအသောက်များနှင့် ဧည့်ခံကျွေးမွေးလေသည်။

ညအချိန်ရောက်သောအခါ မီးပုံကြီးနံဘေးမှာ ဝိုင်းဖွဲ့ကာ နာရသန်တို့ ယူလာသောအရက်များကို သောက်ရင်းနှင့်







www.burmeseclassic.com

www.burmeseclassic.com



စကားပြောကြလေသည်။

နာရသန်က သူဌေးဆာတေးကို သူယူလာသော မြေပုံကို ပြပြီး ပြောသည်။

"ကျုပ် မြေပုံထဲမှာ ပါတဲ့နေရာတစ်ခုကို သွားချင်တယ်၊ ခင်ဗျား အကူအညီပေးပါ"

ဆာတေးက မြေပုံကို ယူ၍ အသေအချာ ကြည့်သည်။ မြေပုံပေါ်တွင် စက်ဝိုင်း‚ဝိုင်းထားသောနေရာကို မြင်သောအခါ မျက်မှောင်ကျုံ့ပြီး အတန်ကြာအောင် စဉ်းစားနေသည်။

"ဒီနေရာက အဒွန်လောင် တောင်ခြေမှာရှိတဲ့ နေရာတစ်ခုပဲ၊ အလွန်အန္တရာယ်များတဲ့ နေရာတစ်ခုပဲ"

"ဘယ်လိုအန္တရာယ်မျိုးတွေလဲ"

"ကျုပ်တို့လည်း မသိဘူး၊ ဒါပေမယ့် သွားတဲ့လူတိုင်းတော့ သေကြတာများတယ်၊ ခင်ဗျားတို့က ဒီလောက်အန္တရာယ်များတဲ့နေရာမျိုးကို ဘာလို့သွားကြမှာလဲ"

ထိုသို့မေးသောအခါ နာရသန်က ဆေးပြင်းလိပ်တစ်လိပ်ကို မီးညှိဖွာနေသည်။ ပြီးမှ ရှင်းပြသည်။

"အမှန်အတိုင်း ပြောရင် ကျုပ်က အင်္ဂလိပ်စစ်တပ်မှာ တာဝန်ထမ်းဆောင်ခဲ့ဖူးတဲ့ စစ်သားတစ်ယောက်ပါ၊ ဒီနေရာတွေကိုလည်း ရောက်ခဲ့ဖူးပါတယ်၊ ဂျပန်တွေကို တိုက်ထုတ်တဲ့ကာလတုန်းက ဒီနေရာတစ်ဝိုက်မှာ ကျုပ်တို့နဲ့သက်ဆိုင်တဲ့ပစ္စည်းတွေ ကျန်နေခဲ့တယ်"

"ဘယ်လိုပစ္စည်းမျိုးတွေလဲ"





"တန်ဖိုးရှိတဲ့ပစ္စည်းတွေပါပဲ. . . အခုရောက်လာတာ အဲဒီပစ္စည်းတွေကို ရှာဖို့ပါပဲ၊ တကယ်လို့ ပြန်တွေ့မယ်ဆိုရင် ခင်ဗျားတို့ကိုလည်း ထိုက်တန်သလောက် ပေးပါမယ်"

သူဌေးဆာတေးက လက်ထဲမှာ ကိုင်ထားသော အရက်ခွက်ကို ကြမ်းပြင်ပေါ်သို့ ချလိုက်သည်။

"သွားမယ်ဆိုရင်တော့ ဒီရွာက လမ်းသိတဲ့လူတွေ ထည့်ပေးလိုက်ပါမယ်၊ ဒါပေမယ့် ဘယ်သူကမှ လိုက်ချင်ကြမှာတော့ မဟုတ်ဘူး"

"ဘာကြောင့်လဲ"

"ကျုပ်ပြောသလိုပေ့ါ. . အဲ့ဒီနေရာက သွားတဲ့လူတိုင်း သေကြတာဆိုတော့ ဘယ်သူမှ မသွားဝံ့ကြဘူး၊ ခင်ဗျားတို့လည်း မသွားရင် ပိုကောင်းမယ်"

ဟု တားသည်။

"အခုလို သတိပေးတာ ကျေးဇူးတင်ပါတယ်၊ ဒါပေမယ့် စိတ်ပူစရာ မရှိပါဘူး၊ ကျုပ်တို့မှာ သေနတ်တွေလည်း ပါတယ်၊ သက်ပစ်ဗုံးနဲ့ မိုင်းထုပ်တွေလည်း ပါလာပါတယ်၊ ဘယ်လို အန္တရာယ်မျိုးမှ ကြောက်စရာမလိုပါဘူး"

ဟုပြောရာ ဆာတေးလည်း နောက်ထပ် ဘာမှပြန်မပြောတော့ပေ။

ထို့နောက်မှာတော့ စကားဝိုင်း သိမ်းပြီးနောက် အိပ်ရာဝင်ရန် ပြင်ကြလေသည်။

ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ အဝတ်ညည်းကြီး



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းပေါ်မှာ ခြုံထားသော လူတစ်ယောက်သည် ရွာဖျားဘက်သို့ ခပ်သုတ်သုတ် သွားနေလေသည်။

သူသည် ရွာဖျားဘက်မှာနေသော ဒေါ်မင်းဇာတို့ နေသောအိမ်ရှေ့ရောက်တော့ ရပ်လိုက်သည်။ ထိုအခါ အိမ်အတွင်းမှ အဝတ်ခြုံထားသော လူတစ်ယောက် ထွက်လာပြီး လာမေးသည်။

"ဘယ်သူလဲ. . . ဘာကိစ္စလဲ"

"ငါ့နာမည် မဟူရာ၊ ဒေါ်မင်းဇာနဲ့ တွေ့ရအောင် လာတာ. . . ကိစ္စအရေးကြီးတယ်"

ဟု ပြောတော့မှ ခြံတံခါး ဖွင့်ပေးလိုက်သည်။ ထို့နောက် အိမ်ကြီးထဲမှာ ရှိနေသော ဒေါ်မင်းဇာ ရှိရာသို့ ခေါ်သွားလေသည်။

ဒေါ်မင်းဇာက ဘုရားခန်းအတွင်းမှာ ငြိမ်သက်စွာ ထိုင်နေလေသည်။

နောက်ဘက်မှာ လူတစ်ယောက် ရောက်လာတော့မှ အဓိဋ္ဌာန်ဖျက်ပြီး လှည့်ကြည့်သည်။

အခန်းထဲမှာ ဆီမီးခွက်များ ထွန်းထားသောကြောင့် အလင်းရောင်အချို့ ရှိနေသည်။

အဝတ်နက် ခြုံထားသူက ဦးခေါင်းပေါ်မှ အဝတ်ကို ဖယ်ချလိုက်သည်။

ဆာတေးပင်ဖြစ်သည်။

"အချိန်မတော်ကြီးမှ ဘာကိစ္စရှိလို့ လာတာလဲ"





ဒေါ်မင်းဇာကလည်း တည်ငြိမ်သောအသံဖြင့် မေးလိုက်သည်။

"ကျွန်တော်တို့ လျှို့ဝှက်ထားတဲ့ ရတနာတွေကို အန္တရာယ်ပြုမယ့်လူတွေ ရောက်နေကြပြီ"

"ဘယ်သူတွေလဲ"

ဆာတေးက နာရသန်တို့အကြောင်းကို ပြောပြလိုက်သည်။

"ဒီနေရာရောက်အောင် ဘယ်သူခေါ်လာတာလဲ"

"သက္က ခေါ်လာတာပါ"

ဒေါ်မင်းဇာက ဘာမှပြန်မပြောဘဲ ဆီမီးခွက်ကိုသာ စိုက်ကြည့်နေသည်။ ပြီးမှ သူ့ရှေ့မှာရှိသော ခေါင်းလောင်းငယ်တစ်ခုကို လှုပ်ခတ်လိုက်ရာ ခဏကြာတော့ သရဖီ ရောက်လာသည်။

"ဖိုးပန်းခကို သွားခေါ်ခဲ့စမ်း"

ဟုခိုင်းရာ အတန်ကြာတော့ သရဖီနှင့်အတူ လူကြီးတစ်ယောက် ပါလာသည်။

မျက်နှာပေါ် ဖုံးထားသည့်အဝတ်ကို ဖယ်လိုက်ရာ မျက်နှာတစ်ခုလုံး ဒဏ်ရာဒဏ်ချက်များဖြင့် ပွနေပြီး ကြောက်စရာကောင်းနေသည့် မျက်နှာကြီးက ပေါ်လာသည်။ ရုတ်တရက်မြင်ရလျှင် သရဲသဘက်ပမာ ကြောက်စရာကောင်းလောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသည်။ ဖိုးပန်းခက ဒေါ်မင်းဇာရှေ့ရောက်တော့ ဦးခေါင်းညွတ်ပြီး အရိုအသေပေးလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ ရတနာတွေ ထားတဲ့နေရာရဲ့အခြေအနေ ဘယ်လိုရှိသလဲ"

"အခုထိတော့ အနှောင့်အယှက် မရှိသေးပါဘူး"

"ဒါပေမယ့် အခု အနှောင့်အယှက်တွေ ရောက်လာကြပြီ၊ ဟိုနေရာမှာ ဘယ်သူတာဝန်ယူပြီး စောင့်ရှောက်နေသလဲ"

"ဒီပက,ကို တာဝန်ပေးထားပါတယ်"

"အခု သူတို့မှာ ခေတ်မီလက်နက်တွေ ပါလာတယ်ဆိုတော့ ဒီပက တစ်ယောက်တည်း ကာကွယ်နိုင်ပါ့မလား"

"ဒီလိုဆိုရင် ကျွန်တော်တို့ ကြိုတင်ပြင်ဆင်မှုတွေ လုပ်ကြရပါမယ်"

ဟု ပြောဆိုကာ သုံးယောက်သား ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ဆွေးနွေးကြလေသည်။

သူတို့ပြောနေသော ရတနာပစ္စည်းများမှာ အခြားမဟုတ်ပါချေ။ ရှေးနှစ်ပေါင်းအချိန်အတော်ကြာကြာကတည်းက သိုဝှက်မြှုပ်နှံခဲ့သော ရွှေငွေရတနာများပင်ဖြစ်သည်။

ထိုရတနာများအကြောင်းကို ပြောလျှင် ဒေါ်မင်းဇာအကြောင်းကိုလည်း ပြောရပေမည်။

ဒေါ်မင်းဇာမှာ အခြားမဟုတ်ပေ။

သီပေါမင်း ပါတော်မူသည်ကို ကိုယ်တွေ့ကြုံခဲ့ရသော ရှေ့မီနောက်မီ တစ်ဦးပင်ဖြစ်သည်။

မြန်မာနိုင်ငံကို အကြောင်းမရှိ အကြောင်းရှာကာ ဥပါယ်တမျဉ်ဖြင့် သိမ်းပိုက်ခဲ့သော ဗြိတိသျှတို့သည် မန္တလေး





နေပြည်တော်ကို သိမ်းပိုက်ပြီးနောက် မရှေးမနှောင်းမှာပင် ပတ္တမြားငမောက် အပါအဝင် နန်းတွင်းရတနာအားလုံးတို့အား ယူငင်ကြသည်။ နောက်ဆုံး သီပေါဘုရင်လက်မှာ ဝတ်ဆင်ထားသော လက်ဝတ်ရတနာကိုပင် ချမ်းသာမပေးခဲ့ပေ။

ကာနယ်စလေဒင် သိမ်းယူသွားသောပစ္စည်းများထဲတွင် နန်းစဉ်ရတနာ ပတ္တမြားငမောက် အပါအဝင် အခြားအဖိုးမဖြတ်နိုင်သော မောက်ကြီးမောက်ငယ် ပတ္တမြားကျောက်များ ပါဝင်သည်။

ထို့ပြင် မိဖုရားများ အသုံးပြုသည့် ရွှေငွေလက်ဝတ်ရတနာများအပြင် စိန်နားပန်(၃၀၀)စီ ထည့်ထားသော ရွှေသေတ္တာနှစ်လုံး၊ အခြား စိန်၊ ပတ္တမြားဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာများ ထည့်ထားသော ရတနာသေတ္တာများလည်း သိမ်းယူသွားလေသည်။

သီပေါဘုရင်မှာ သူကိုယ်တိုင် အကျဉ်းသားဘဝ ရောက်နေသည်ကို မရိပ်မိရှာပေ။

ကင်းဝန်မင်းကြီးစကားကို ယုံစားပြီး အေးအေးသာ နေလေသည်။ နန်းတော်မှ ဥယျာဉ်တော်သို့ရောက်၊ ဥယျာဉ်တော်မှ သင်္ဘောရောက်အောင် ခေါ်သွားတော့မှ သူသည် အင်္ဂလိပ်တို့ အကျဉ်းသားဘဝ ရောက်ခဲ့ရပြီကို သိလေသည်။

"မင်းကြီးများ. . . ကျုပ် ရန်သူလက်သို့ ရောက်မှန်းမသိ ရောက်ရပြီ၊ နောက် မင်းကြီးတို့နှင့် တွေ့ဦးမယ် ထင်သလား"

ဟု အမတ်ကြီးများကို သီပေါဘုရင်က အမိန့်တော်



www.burmeseclassic.com

www.burmeseclassic.com



ရှိလျှင် တိုင်တားမင်းကြီးမှာ ဘုရင့်ခြေတော်စုံကို ဖက်ပြီးငိုလေသည်။

ကင်းဝန်မင်းကြီးကတော့ ဟန်မပျက်သာ ရှိလေသည်။

နောက်မှာတော့ နန်းတော်နှင့် မနီးမဝေးတွင် ကင်းဝန်နှင့် ကင်းဝန်ဂိုဏ်သားများမှာ ကြီးမားသော အိမ်ကြီးအိမ်ကောင်းများနှင့် နေနိုင်ခဲ့ကြသော်လည်း ကျန်သော အမှုထမ်း အရာထမ်းတို့မှာ သူ့ကျွန်ဘဝ ရောက်ခဲ့ကြရလေသည်။

ထိုအကြောင်းကို 'အပါးတော်မြဲ ဦးစံရွှေ' ရေးသားခဲ့သော မှတ်တမ်း၏စာပိုဒ်တစ်နေရာတွင်. . .

"မြန်မာတို့ ကျွန်ဖြစ်ရသောအမှုကြီးတွင် တစ် တရားခံ ကင်းဝန်၊ နှစ် တရားခံ ဆင်ဖြူမရှင်၊ သုံး တရားခံ မိဖုရား၊ လေး တရားခံ ရှင်ဘုရင်သာ ဖြစ်သည်" ဟု မှတ်တမ်းရေးထားခဲ့သည်။

ထိုမှတ်တမ်းအပြည့်အစုံကို ဖတ်ပါက ကင်းဝန်မင်းကြီးနှင့် ဆင်ဖြူမရှင်တို့ လှည့်စားသမျှကို မရိပ်မိရှာဘဲ ထင်ရာစိုင်းခဲ့သော မိဖုရားနှင့် တိုင်းပြည်စီမံအုပ်ချုပ်ရာတွင် အခြားသူ ပြောသမျှ ယုံကြည့်လက်ခံပြီး ခေါင်းညိတ်ခဲ့သော ရှင်ဘုရင်တို့အကြောင်းကို အတွင်းကျကျ သိနိုင်ပေလိမ့်မည်။

အထက်ပါ ဖော်ပြခဲ့သလို အတွင်းလူများ သစ္စာဖောက်ခဲ့သဖြင့် တိုင်းပြည်ပျက်ချိန်တွင် တိုင်းတစ်ပါးမှ ဝင်ရောက်လာကြသော လူမျိုးခြားများက နန်းတော်ထဲမှာရှိသော နန်းစဉ်ရတနာများနှင့် အခြားအဖိုးတန်ပစ္စည်းများအား ရသမျှ ရှာဖွေ





ယူဆောင်ကြလေသည်။

ထိုအခါ အပါးတော်မြဲများ၊ လူယုံတော်များက ထိုရွှေငွေရတနာများကို နည်းအမျိုးမျိုးဖြင့် သယ်ယူကာ အဝေးသို့ ထွက်ပြေးခဲ့ကြလေသည်။

ထိုကဲ့သို့ လျှို့ဝှက်စွာ ထွက်ပြေးကြသူများထဲမှာ နန်းတွင်း ဆေးပညာရှင် ဒေါ်မင်းဇာလည်း ပါဝင်လေသည်။ သီပေါမင်း စိုးစံနေစဉ်က နန်းတွင်းသမားတော်များတွင် အမျိုးသမီးပညာရှင်နှစ်ဦး ပါလေသည်။

တစ်ဦးမှာ နန်းတွင်းအကြောပညာရှင် ဒေါ်ဘောက်ထော်ဖြစ်ပြီး ကျန်တစ်ဦးမှာ ဓာတ်ဆေးပညာရှင် ဒေါ်မင်းဇာတို့နှစ်ယောက်ပင်ဖြစ်သည်။

၎င်းတို့နှစ်ဦးမှာ မိဖုရား၊ သမီးတော်များနှင့် အထိန်းတော်များ ရောဂါဖြစ်သောအခါ သက်ဆိုင်ရာ ရောဂါအလိုက် ကုသပေးကြရသည်။

မင်းတုန်းမင်းလက်ထက်က နာမည်ကြီးခဲ့ကြသော ဆရာခဲ၊ ဆရာချို့တို့ကဲ့သို့ အားကိုးရသူများဖြစ်သည်။

တိုင်းပြည်ပျက်သောအချိန်တွင် ဒေါ်မင်းဇာသည် နန်းစဉ်ရတနာများနှင့် ရွှေငွေများကို ယူဆောင်ကာ နောက်ပါအချို့နှင့် တိတ်တဆိတ် ထွက်ပြေးလေသည်။

ထိုအကြောင်းကို သိသောအခါ ရန်သူများက နောက်မှလိုက်ကြသည်။

ဒေါ်မင်းဇာတို့မှာ ပြေးရင်းနှင့် မြန်မာနိုင်ငံ မြောက်ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

ဘက်သို့ ရောက်ခဲ့ကြသည်။ ထိုနေရာရောက်တော့မှ ဒေသခံများကို စည်းရုံးပြီး သူသေကိုယ်သေ တိုက်ခိုက်ကြလေတော့သည်။

ကုလားစစ်သားများနှင့် နောက်လိုက်နောက်ပါတို့မှာ လက်နက်အင်အား လူအင်အား များသော်လည်း နယ်မြေမကျွမ်းကျင်သည်ကတစ်ကြောင်း၊ ဆိုးဝါးသော ရာသီဥတုဒဏ်တို့ကို မခံနိုင်သည်ကတစ်ကြောင်းအပြင် ဒေသခံများ၏ ချောင်းမြောင်းတိုက်ခိုက်ခြင်းကြောင့် သေဆုံးသွားကြလေသည်။

သူတို့ဘက်မှလည်း သေဆုံးသူများရှိပြီး ဒဏ်ရာရသူများလည်း ရှိသည်။ ထိုဒဏ်ရာရသူများကို ဒေါ်မင်းဇာက ဆေးကုပေးပြီး ပျောက်ကင်းသွားသောအခါ ထိုဒဏ်ရာတို့ကို အခြားသူများ မမြင်စေရန် ဦးခေါင်းပေါ်မှာ အဝတ်နက်များ ခြုံထားကြသည်။

သူတို့အထဲမှ ဖိုးပန်းခဆိုလျှင် မျက်နှာပေါ်မှာ ဒဏ်ရာဒဏ်ချက် အတော်များသဖြင့် ကြောက်စရာကောင်းလောက်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေတော့သည်။

သူ့မြေးဆာတေးမှာ ဒေါ်မင်းဇာ ယုံကြည်စိတ်ချရသော ဒေသခံတစ်ဦးဖြစ်သည်။

ရန်သူများကို သုတ်သင်ရှင်းလင်းပြီးသောအခါ ၎င်းတို့ ယူဆောင်လာသော ရတနာသေတ္တာများကို ယခု နေ့မြင်ညပျောက် မိစ္ဆာဂူပေါက်ဟု နာမည်ကြီးနေသော ဂူပေါက်များအတွင်းမှာ မည်သူမှမသိအောင် လျှို့ဝှက်စွာ ထားလိုက်ကြ





သည်။

နောက်ပိုင်း ခေတ်ကာလ ပြောင်းသွားသော်လည်း ထိုရတနာပစ္စည်းအကြောင်းကို တစ္စန်းတစ သိသူများ လာရောက်ရှာဖွေကြသည်။

သို့သော် ရတနာပစ္စည်းများ မရဘဲ မမျှော်လင့်သော အန္တရာယ်များနှင့်တွေ့ကာ သေဆုံးသွားကြရလေသည်။ နောက်ပိုင်းမှာတော့ ထိုနေရာသို့ မလာရောက်ဝံ့ကြတော့ဘဲ ရှင်းသွားလေသည်။ ယခုတစ်ကြိမ်မှသာ နာရသန်တို့အဖွဲ့ ရောက်လာကြခြင်းဖြစ်သည်။

"သူက ဘယ်လိုအဆက်အသွယ်နဲ့ ရောက်လာတာလဲ"

"ခေါင်းဆောင်ပြီး လာတဲ့ကုလားက အင်္ဂလိပ်စစ်တပ်မှာ လုပ်ခဲ့ဖူးတယ်လို့ ပြောတယ်"

"ဘာပဲဖြစ်ဖြစ် ငါတို့ အသက်နဲ့လဲပြီး ယူလာခဲ့တဲ့ ရွှေငွေရတနာကိုတော့ ဘယ်သူ့လက်ထဲမှ အပါမခံနိုင်ဘူး၊ နည်းမျိုးစုံသုံးပြီး ရှင်းပစ်ရမှာပဲ"

ဟု ပြောလေသည်။

အချိန်မှာလည်း တဖြည်းဖြည်းနှင့် ညဉ့်နက်ပိုင်းသို့ ရောက်လာလေသည်။

"ဒါထက် ပွဲတော်ရက်က အပြစ်မရှိတဲ့ လူတစ်ယောက်ကို အကြောင်းမဲ့ အသက်သေအောင် ဘာကြောင့် တမင်လုပ်တာလဲ"

ဒေါ်မင်းဇာစကားကြောင့် ဆာတေးမှာ မျက်နှာတစ်


www.burmeseclassic.com

www.burmeseclassic.com



ချက် ပျက်သွားသည်။ ပြီးမှ အကြောင်းစုံ ရှင်းပြသည်။

"သူက ကျွန်တော့်သမီးကို သဘောကျနေတယ်၊ ကျွန်တော့်သမီးကလည်း သူ့ကို ပြန်ပြီးသဘောကျနေပုံရတယ်"

"ဒါနဲ့ ဘာဆိုင်သလဲ"

"သက်ဆိုင်ပါတယ် . . ကျွန်တော့်သမီးက နှစ်သက်သဘောကျနေရင် တစ်နေ့ကျရင် သူက ကျွန်တော့်သားမက် ဖြစ်လာမှာပါ၊ သားမက်ဖြစ်မလာခင် သူ့အရည်အချင်း ဘယ်လောက်ရှိသလဲဆိုတာ စမ်းသပ်ကြည့်တဲ့သဘောပါ"

ထိုသို့ရှင်းပြတော့ ဒေါ်မင်းဇာလည်း နောက်ထပ် ဘာမှ မပြောသာတော့ပေ။

"ဒါဆိုရင်လည်း ပြီးတာပါပဲ၊ အရေးကြီးတာက အခုရောက်လာတဲ့လူတွေကို ငါတို့အကြောင်းတွေ လုံးဝမသိစေဖို့ အရေးကြီးတယ်၊ သူတို့ ရိပ်မိသွားရင် တစ်စတစ်စနဲ့ အားလုံး သိသွားလိမ့်မယ်"

"စိတ်ချပါ . . . ကျွန်တော် ဂရုစိုက်ပါ့မယ်"

"အရေးကြီးရင် ဖိုးပန်းခနဲ့ အဆက်အသွယ်လုပ်ပြီး တားဆီးနိုင်ဖို့ ကြိုးစားရမယ်"

ဆာတေးက ခေါင်းညိတ်ပြပြီးနောက် အမှောင်ရိပ်တွင်းသို့ ပြန်ထွက်သွားလေတော့သည်။









# အခန်း (၁၁)

# အလင်းရောင်ကြောက်သည့် မိစ္ဆာများ

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာပင် ဧည့်သည်များက ခရီးဆက်ရန် ပြင်ကြလေသည်။

သူဌေးဆာတေးကတော့ ဝတ္တရားရှိသည့်အတိုင်း လမ်းကျွမ်းကျင်သူများကို ထည့်ပေးလိုက်သည်။

ရင်းတို့လာစဉ်က ဆယ်ယောက်ဖြစ်ပြီး ဆာတေး ထည့်ပေးလိုက်သောလူနှင့် ပေါင်းပါက ဆယ့်ငါးယောက်ရှိသည်။ ရင်းတို့သည် ပစ္စည်းထည့်ထားသော အထုပ်အပိုးများကို ရနံတင်

www.burmeseclassic.com



လားများပေါ် တင်ပြီး သွားကြလေသည်။

တောလမ်းခရီးများ၊ တောင်တက်ခရီးများ သွားကြရသော်လည်း လမ်းခရီးကျွမ်းကျင်သူများ ပါသောကြောင့် အခက်အခဲတော့ မရှိကြပေ။

နံနက်ပိုင်းအချိန်တွင် ဂူဘားရွာမှ ထွက်ခဲ့ကြသော ၎င်းတို့အဖွဲ့မှာ ညနေပိုင်းအချိန်တွင် တောင်ခြေသို့ ရောက်သွားကြသည်။

အနောက်ဘက်တောင်တန်းများ အနောက်ဘက်သို့ နေလုံး၊ကွယ်ပျောက်သွားသည်နှင့် ပတ်ဝန်းကျင်တစ်ဝိုက်မှာ မြူနှင်းများက ဝေ့ဆိုင်းလာသည်။

အလင်းရောင်ပျောက်ပြီး အမှောင်ရိပ်များသမ်းလာလေသည်။ ထို့ကြောင့် နာရသန်နှင့် သက္ကတို့ ဦးဆောင်သောအဖွဲ့မှာ အအေးဓာတ်မများခင် စခန်းချရန် နေရာတစ်ခု လိုက်ရှာကြရင်းနှင့် ဂူပေါက်အချို့ ရှိသောနေရာသို့ ရောက်သွားကြသည်။

ထိုဂူပေါက်ဝများအနီးသို့ ရောက်သောအခါ အခြားသူများက မသိသော်လည်း ဂူဘားမှပါလာသော လမ်းပြများမှာ မျက်စိမျက်နှာပျက်နေကြသည်။

၎င်းတို့ဘာသာစကားတစ်မျိုးဖြင့် အချင်းချင်း ပြောဆို တိုင်ပင်နေကြသည်ကို မြင်သောအခါ သက္ကက အနီးသို့သွားကာ မေးလိုက်သည်။

"မင်းတို့ ဘာဖြစ်နေတာလဲ၊ ဘာတွေ တိုင်ပင်နေကြတာလဲ"

"ဒီနေရာက နေလို့မကောင်းဘူး ဆရာ၊ တခြားမှာ သွားနေကြရင် ကောင်းမယ်"

တစ်ယောက်က ပြောသည်။

"ဒီနေရာက ဘာဖြစ်လို့လဲ"

"ဒီဂူပေါက်တွေက တခြားမဟုတ်ဘူး၊ ဒေသခံတွေက နေမြင်ညပျောက် မိစ္ဆာဂူပေါက်တွေလို့ ခေါ်ကြတဲ့နေရာပဲ"

"ဘာကြောင့် ဒီနာမည်ခေါ်တာလဲ"

"ဒီနားမှာ စခန်းချတဲ့လူ မှန်သမျှ ညအချိန်ရောက်ရင် ထူးထူးဆန်းဆန်း ပျောက်သွားတတ်လို့ ဒီနာမည်ပေးထားတာပဲ"

"ဒါတင် မကသေးဘူး၊ အချို့ဂူပေါက်ဝတွေက နေ့ဘက်မှာသာ တွေ့မြင်ရပြီး ညအချိန်ရောက်ရင် ပိတ်နေတတ်တယ်၊ ဒါကြောင့်လည်း ဒီနာမည်မျိုး ပေးထားတာဖြစ်မယ်"

ကျန်တစ်ယောက်ကပါ ဝင်ပြောလေသည်။

ထိုစကားကြားတော့ သက္ကက ရယ်နေသည်။

"မင်းတို့ပြောတာတွေ ဟုတ်ချင်လည်း ဟုတ်မှာပေါ့၊ ဒါပေမယ့် အရင်က တစ်ယောက်ချင်း နှစ်ယောက်ချင်း လာကြလို့ အန္တရာယ်နဲ့ တွေ့တာ ဖြစ်မှာပေါ့၊ နောက်ပြီး သူတို့မှာပါတဲ့ လက်နက်တွေနဲ့ အခု ငါတို့မှာ ပါလာတဲ့လက်နက်တွေက တူမှ မတူတာ၊ ငါတို့မှာပါတဲ့ သေနတ်တွေ မိုင်းတွေက ဘယ်လို အန္တရာယ်ဖြစ်ဖြစ် ရှင်းနိုင်တယ်၊ နောက်ဆုံး ဒီဂူပေါက်တွေကိုပါ ဖြိုဖျက်လို့ ရတယ်"







www.burmeseclassic.com

www.burmeseclassic.com



ဟုပြောကာ အနီးမှ ပြန်ထွက်သွားလေသည်။

ထို့နောက် အတန်အသင့်ကျယ်သော ဂူပေါက်ဝတစ်ခု တွင် စခန်းချရန် အခြေအနေ ဝင်ကြည့်ကြသည်။

ထိုအတွင်းသို့ ဝင်လိုက်သည်နှင့် ကျောထဲမှာ စိမ့်ခနဲ ဖြစ်သွားလောက်အောင် အအေးဓာတ်က ဝင်လာသည်။

မြေပြင်မှာ ရေစိမ့်ထွက်နေသကဲ့သို့ စိုထိုင်းထိုင်း ဖြစ်နေကာ အတွင်းမှာ လေကောင်းလေသန့်လည်း မရပေ။ အတွင်းမှ ထွက်လာသောလေနှင့်အတူ ညှီစို့စို့ ပုပ်အက်အက်အနံ့များ ရနေသည်။

အတွင်းပိုင်းသို့ လှမ်းကြည့်သောအခါ မှောင်နေသောကြောင့် ဘာမှမမြင်ရပေ။ နာရသန်က ၎င်းမှာပါသော လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးလိုက်သည်။

“ဝေါ. . . ဝေါ. . . ဝေါ”

မီးရောင်ကြောင့် အတွင်းမှ လိုဏ်ခေါင်းသံကြီး ပေါ်လာပြီး မရှေးမနှောင်းမှာပင် မည်းမည်းသဏ္ဌာန်ကြီး ထွက်လာလေသည်။

အားလုံး တအံ့တသြဖြင့် လှမ်းကြည့်နေစဉ်မှာ ထိုမည်းမည်းသဏ္ဌာန်ကြီးက အနားသို့ ရောက်လာသည်။

အခြားမဟုတ်ပေ။ များပြားလှသောလင်းနို့များပင် ဖြစ်တော့သည်။

ဂူတွင်း အောင်းနေကြသော လင်းနို့များက မီးရောင်မြင်သောအခါ လန့်ပြီး ပျံထွက်လာကြရာ ဂူတစ်ခုလုံး မည်းမည်း





လှုပ်နေတော့သည်။

အချို့လူများကိုပင် တိုးဝှေ့သွားကာ အတန်ကြာတော့မှ အပြင်သို့ ပျံထွက်သွားကြသည်။

အချိန်မရှိတော့သဖြင့် ဂူအတွင်းပိုင်းသို့ ဝင်ကာ အတန်အသင့် သွေ့ခြောက်သောနေရာတွင် စခန်းချကြလေသည်။

လားများကိုတော့ ဂူပေါက်ဝမှာပင် ကြိုးချည်ထားကြလေသည်။

မီးဖိုသူကဖို၊ အစားအသောက် စီစဉ်သူက စီစဉ်နေကြစဉ် သက္ကနှင့် နာရသန်တို့ကတော့ လုပ်ငန်းအစီအစဉ်များကို တိုင်ပင်နေကြသည်။

“ဆရာကြီး. . . မြေပုံထဲမှာ ပါတဲ့နေရာက ဒီနေရာပဲလား”

“ဟုတ်ပါတယ်. . . ဂျပန်တွေနဲ့ တိုက်ခိုက်ခဲ့တာ ဒီနေရာပါပဲ”

အမှန်တော့ နာရသန်က သက္ကကို လိမ်ပြောနေခြင်းပင်ဖြစ်၏။ ၎င်းတို့ တိုက်ခိုက်ခဲ့သူများမှာ ဂျပန်များ မဟုတ်ဘဲ ဒေါ်မင်းဇာတို့အဖွဲ့သားများပင်ဖြစ်သည်။ ထိုအကြောင်းကို သက္ကကိုပင် အသိမပေးဘဲ ကွယ်ဝှက်ထားလေသည်။

“ဒါဖြင့် ဆရာကြီး ပြောတဲ့ပစ္စည်းတွေက ဘယ်နေရာမှာ ရှာရမှာလဲ”

“မနက်လင်းတော့မှပဲ အခြေအနေကြည့်ပြီး ရှာရတော့မှာပဲ”



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကာ စကားကို ဖြတ်လိုက်လေသည်။

အတန်ကြာသောအခါ အစားအသောက်များ ရကြပြီ ဖြစ်သဖြင့် မောမောပန်းပန်းနှင့် စားသောက်ကြသည်။

မီးဖိုပေါ်မှာလည်း ရွာမှယူလာသော အသားခြောက်များကို မီးကင်ထားလေသည်။

မီးခိုးငွေ့များနှင့်အတူ ညှော်နံ့များက ဂူအတွင်းသို့ ပြန့်နှံ့နေလေသည်။

ညဉ့်နက်ပိုင်းရောက်သောအခါ သေနတ်များ ကိုင်ပြီး ကင်းစောင့်သူက စောင့်ပြီး ကျန်လူများက အိပ်ကြလေသည်။ ကင်းစောင့်နေသော သုံးယောက်မှာလည်း မီးဖိုပေါ်မှာ တည်ထားသော လက်ဖက်ရည်ကြမ်းသောက်လိုက်၊ စကားပြောလိုက်နှင့် ရှိနေကြသော်လည်း စိတ်ထဲမှာ ကြောက်ရွံ့နေကြလေသည်။

ဒေသခံများဖြစ်သဖြင့် နေ့မြင်ညပျောက် မိစ္ဆာဂူပေါက်များအကြောင်းကို သတင်းကြားကြသော်လည်း မည်သို့သော အန္တရာယ်များ ရှိနေသည်ကိုတော့ သူတို့ မသိကြပေ။

အတန်ကြာတော့ တစ်ယောက်က အပေါ့သွားရန်အတွက် လားများထားသောနေရာသို့ ထသွားလေသည်။

"ဟင် . . ."

သူ့မျက်စေ့ကိုပင် မယုံနိုင်အောင်ဖြစ်သွားလေသည်။ ညဦးပိုင်းက ကြိုးချည်ထားသော လားသုံးကောင်မှာ နှစ်ကောင်သာ ကျန်ခဲ့တော့ပြီး တစ်ကောင်မရှိတော့ပေ။ ကြိုးပြတ်ပြီး တစ်နေရာများ သွားလေသလားဟု ဟိုဟိုဒီဒီ လျှောက်ကြည့်တော့





လည်း မတွေ့ရပေ။

"ညဦးပိုင်းကတောင် လားသုံးကောင်စလုံး ရှိနေသေးတယ်၊ အခု တစ်ကောင်ဘယ်ရောက်သွားပြီလဲ"

ဟုတွေးကာ အတွင်းပိုင်းသို့ ဝင်ကြည့်သည်။ မီးရောင်နှင့် ဝေးသောကြောင့် ဂူအတွင်းပိုင်းမှာ မှောင်နေသည်။

အတွင်းဘက်တွင် ဂူက အတော်ကျယ်ပြီး နံရံတွင် မြောက်များစွာသော ဂူပေါက်ဝများကို တွေ့ရသည်။ ထိုဂူပေါက်ဝများမှာလည်း သေးသေးမဟုတ်ပေ၊ လားတစ်ကောင် မပြောနှင့်၊ ဆင်တစ်ကောင်ပင် ဝင်နိုင်လောက်အောင် ကျယ်ဝန်းသော ဂူပေါက်များဖြစ်ကြလေသည်။

ထိုလူမှာ ဂူပေါက်တစ်ခုခုထဲသို့ လားဝင်ပြေးသွားသည်ဟုသာ ထင်သော်လည်း မည်သည့်ဂူပေါက်ဝထဲသို့ ဝင်ပြေးသွားသည်ကိုတော့ မသိကြပေ။

ထို့ကြောင့် နောက်နေ့ အလင်းရောင်ရတော့မှ လိုက်လံရှာဖွေကြည့်မည်ဟု စိတ်ကူးကာ ပြန်လှည့်ရန် ပြင်လိုက်သည်။

ထိုအခိုက်မှာပင် သူရပ်နေသော ဂူပေါက်ဝအတွင်းမှ ရေဘဝဲတစ်ကောင်၏လက်တံနှင့် ပုံသဏ္ဌာန်တူသော မည်းမည်းသဏ္ဌာန် လက်တံရှည်ကြီးတစ်ခုက မြွေတစ်ကောင်ကဲ့သို့ လျှောခနဲ ထွက်လာပြီးနောက် ချက်ချင်း အနီးသို့ ရောက်လာသည်။

ကျောက်သားပေါ်မှ လျှောထွက်လာသည်မှာ ညင်သာလှသောကြောင့် တစ်ချက်ကလေးမှ အသံမကြားလိုက်ရပေ။



www.burmeseclassic.com

www.burmeseclassic.com

အနားရောက်လာတော့မှ ထိုလူက သူ့ဘေးသို့ ရောက်နေသော မည်းမည်းသဏ္ဌာန်ကြီးကို ငုံ့ကြည့်သည်။

အရောင်က အနက်ရောင်ဖြစ်ပြီး မြွေတစ်ကောင်ကဲ့သို့ လူးလွန့်လှုပ်ရှားနေသည်။

ထိုအခါမှ ကြောက်လန့်တကြားနှင့် ထိုနေရာမှ ထွက်ပြေးရန် ကြိုးစားသော်လည်း မရတော့ပေ။

ထိုလက်တံကြီးက သူ့ခြေထောက်ကို ဆွဲပစ်လိုက်ရာ မြေပေါ်သို့ 'ဗိုင်း'ခနဲ လဲကျသွားလေတော့သည်။

"အား. . ."

"ဟေ့. . . ဘာဖြစ်တာလဲ"

မီးပုံနားမှာ ကျန်ခဲ့သောနှစ်ယောက်က လှမ်းမေးသော်လည်း အသံမကြားရတော့ပေ။

သို့ကြောင့် သေနတ်ကို ယူပြီး အသံကြားရာဘက်သို့ သွားကြည့်ကြလေသည်။

သူတို့ရောက်သွားသောအခါ ထိုနေရာမှာ ဘာမှ မတွေ့ရတော့ပေ။

လက်နှိပ်မီးရောင်မြင့် ဟိုဟိုဒီဒီ ထိုးကြည့်သောအခါ မြေပေါ်မှာ ဆွဲယူသွားသော စွတ်ကြောင်းကြီးတစ်ခုကိုသာ တွေ့ကြရသည်။

စွတ်ကြောင်းကြီးက ဂူအတွင်းပိုင်းသို့ ဆွဲယူသွားခြင်း ဖြစ်လေသည်။

ထိုအခါမှ ကြောက်ကြောက်လန့်လန့်နှင့် ပြန်ပြေးလာ





ကပြီး အိပ်နေသော နာရယ်နှင့် သတ္တဝါတို့ကို နှိုးပြီး ပြောပြကြသည်။

"ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်တို့လည်း မသိဘူး၊ အသံကြားလို့ သွားကြည့်တော့ သူမရှိတော့ဘူး၊ နောက်ပြီး လားတစ်ကောင်လည်း ပျောက်နေတယ်"

"ဂူထဲက သတ္တဝါတစ်ကောင်ကောင် ဆွဲသွားတာ ဖြစ်မယ်. . . ဘယ်လိုလုပ်မလဲ"

"ညအချိန်မတော်ကြီး ဂူထဲဝင်ကြည့်ရင်တော့ အန္တရာယ်များမှာ အမှန်ပဲ၊ လူနဲ့လားကို ဆွဲယူသွားတဲ့ သတ္တဝါက ဒီဂူထဲမှာပဲ ရှိနေမှာ သေချာတယ်၊ မနက်မိုးလင်းတော့မှပဲ အတွင်းဝင်ကြည့်ကြတာ ပိုကောင်းမယ်"

ဟု တိုင်ပင်ပြီးနောက် ရှေ့သို့ ဆက်မဝင်ကြတော့ဘဲ မီးပုံအနီးသို့ ပြန်လာကြသည်။

ထိုနေ့ညက ဘယ်သူမှ မအိပ်ဝံ့ကြဘဲ စကားပြောရင်း ထိုင်စောင့်ကြသော်လည်း အခြေအနေက မထူးလှပေ။

သန်းခေါင်ယံအချိန်ကျော်တော့ ဂူအတွင်းပိုင်းမှ ထူးခြားသောအသံကို ကြားရသည်။

အခြားမဟုတ်ပေ၊ မြေပြင်ပေါ်မှ ပွတ်တိုက်ရွေ့လျားလာသောအသံမျိုးဖြစ်သည်။ တိတ်ဆိတ်ငြိမ်သက်နေသောအချိန် ဖြစ်သဖြင့် မြေပေါ် ကျောက်တုံးကျောက်ခဲများ လှုပ်ရှားနေသောအသံအချို့ကိုပင် ကြားနေရသည်။


www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် သေနတ်များကို အဆင်သင့်ပြင်ပြီး အသံကြားရာဘက်သို့ မျက်တောင်မခတ် ကြည့်နေကြသည်။

အတန်ကြာတော့ ဂူတစ်ခုလုံး ငလျင်လှုပ်သကဲ့သို့ လှုပ်လာလေသည်။

ထိုအခြေအနေကြောင့် သက္ကတို့တတွေမှာ သေနတ်များကို ကိုင်ထားရင်း မျက်လုံးပြူးသွားကြလေသည်။

"ဘာကြောင့်ဖြစ်မလဲ"

"မသိဘူး. . . အတော်တော့ ကြီးမယ့်ပုံပဲ"

"သေနတ်နဲ့ ပစ်လို့ မနိုင်ရင် လက်ပစ်ဗုံးနဲ့သာ ပစ်သွင်းလိုက်မယ်"

ထိုသို့ပြောနေသော်လည်း အကောင်အထည်ကတော့ ဘာမှမတွေ့ရသေးပေ။

ထူးခြားသောအချက်မှာ ထိုအသံကြားရပြီး မနေ့မနေ့ခင်းမှာ ဂူပေါက်ဝအချို့မှာ ပိတ်သွားလိုက် ပွင့်လာလိုက်ဖြစ်နေတော့သည်။ တံခါးချပ်များ တပ်ဆင်ထားခြင်း မရှိဘဲ ထိုကဲ့သို့ ဖွင့်လိုက်ပိတ်လိုက် ဖြစ်နေခြင်းကြောင့် အထူးအဆန်း ဖြစ်နေကြသည်။

ထိုအခြေအနေကြောင့် ကြိုးချည်ထားသော လားနှင့် ကောင်မှာ ကြောက်လန့်တကြား ရုန်းကန်နေကြသည်။

အန္တရာယ်က ၎င်းတို့ပတ်ဝန်းကျင်မှာ ရောက်နေမှန်းသာ သိသော်လည်း မည်ကဲ့သို့သော အန္တရာယ်မျိုး ဖြစ်သည်ကတော့ ယခုအခြေအနေထိ မမြင်ကြရသေးပေ။





အတန်ကြာသောအခါ လှုပ်ရှားမှုများ ပြန်ငြိမ်သွားပြီး ကြားရသောအသံမှာလည်း တဖြည်းဖြည်းနှင့် ဝေးသွားလေတော့သည်။

အတန်ကြာအောင် စောင့်ကြည့်နေသော်လည်း နောက်ထပ် အခြေအနေ မထူးတော့မှ အသီးသီး သက်ပြင်းချနိုင်ကြတော့သည်။

ထိုနေ့ညကတော့ နောက်ထပ် တစ်စုံတစ်ရာ ထူးခြားမှု မတွေ့ကြရဘဲ မိုးလင်းသည်အထိ အန္တရာယ် အနှောင့်အယှက်ကင်းစွာဖြင့် နေကြရသည်။

နောက်တစ်နေ့ အလင်းရောင် ကောင်းစွာရသောအချိန်တွင် ဂူအတွင်းပိုင်းသို့ ဝင်ကြည့်ကြသည်။

၎င်းတို့တွင် အမဲပစ်သေနတ်သုံးလက်နှင့် အခြားလက်နက်များလည်း ပါသည့်အပြင် လက်ပစ်ဗုံးနှင့် မိုင်းများလည်း ပါလာကြသည်။ အတွင်းပိုင်းမှာတော့ ဂူပေါက်ဝများစွာတို့ ရှိနေပြီး အလင်းရောင်အချို့လည်း ရနေသည်။ နာရသန်က ညက လူနှင့်လားတစ်ကောင် ဆွဲသွားသော စွတ်ကြောင်းရာကြီးကို လက်နှိပ်မီးဖြင့် ထိုးကြည့်ရာ မြေပေါ်မှာ ဝင်းလက်နေသောအရာတစ်ခုကို တွေ့မြင်ရသဖြင့် ကောက်ယူကြည့်လိုက်သည်။ ရေအစိုဓာတ်ကြောင့် ဝင်းလက်နေသော ရွှေခေတ်ပုံစံလက်စွပ်တစ်ကွင်းကို တွေ့ရသည်။

ထိုလက်စွပ်ကို မြင်သောအခါ သူ့အတွက် သဲလွန်စ တစ်ခု ရသွားပြီဖြစ်သဖြင့် စိတ်ထဲမှာ ကျေနပ်သွားမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့သည် စွတ်ကြောင်းကြီး ဝင်သွားသော ဂူပေါက်အတိုင်း အတွင်းသို့ ဝင်ကြည့်ကြသည်။

တစ်နေရာရောက်တော့ ဂူအတွင်းပိုင်းဆီမှ ရယ်သံလိုလို လူညည်းသံလိုလိုအသံမျိုး ကြားရသည်။

ထို့ကြောင့် တစ်ယောက်နှင့်တစ်ယောက် အချက်ပြပြီးနောက် သေနတ်များကိုသော်လည်းကောင်း၊ လေးမြားတို့ကိုသော်လည်းကောင်း အဆင်သင့် ပြင်လိုက်ကြသည်။ ပြီးမှ ခြေသံလုံလုံဖြင့် ရှေ့သို့တိုးဝင်သွားကြလေသည်။ ထိုနေရာနှင့် နီးလာလေလေ၊ အနံ့အသက်များက ဆိုးလာလေလေ၊ အသံများက ပိုကြားလာရလေဖြစ်သည်။ တဖြည်းဖြည်းနှင့် ရှေ့သို့ တိုးကြည့်သောအခါ အခန်းကျယ်တစ်ခုအနီးသို့ ရောက်သွားကြသည်။

အသံများ ကြားနေရသည်မှာ ထိုနေရာဆီမှာပင် ဖြစ်သည်။ ဂူပေါက်ဝမှ လှမ်းကြည့်လိုက်သောအခါ အံ့သြဖွယ်ရာ မြင်ကွင်းများကို လှမ်းမြင်ရသည်။

အမှောင်ရိပ်များ ရှိနေသော ထိုအခန်းထဲမှာ ပုံပန်းသဏ္ဌာန်အမျိုးမျိုးဖြင့် လူများ ရှိနေကြသည်။ သို့သော်လည်း လူအရွယ်အစားမျိုးတော့ မဟုတ်ပေ၊ အချို့က ပုတ်လုံးကြီးတမျှ ကြီးသည်။ တချို့က ပိန်ပိန်ရှည်ရှည် ဖြစ်သည်။ အချို့ကတော့ ကြောက်မက်ဖွယ်ကောင်းသော သတ္တဝါများပုံသဏ္ဌာန်ဖြစ်သည်။

သို့သော်လည်း အမြဲတစေရှိနေသော ပုံသဏ္ဌာန်မျိုးတော့မဟုတ်ဘဲ တွန့်လိမ်ရွေ့လျားကာ အမျိုးမျိုး အသွင်ပြောင်းနေခြင်းဖြစ်သည်။





"ဘာကောင်ကြီးတွေလဲ"

"မသိဘူး . . . လူနဲ့ ပုံသဏ္ဌာန်တူပေမယ့် လူတွေတော့ မဟုတ်ဘူး"

ထိုသဏ္ဌာန်များမှာ သူတို့ရှိနေသည်ကိုပင် သိဟန်မတူဘဲ ၎င်းတို့ဘာသာ ပုံပန်းသဏ္ဌာန်အမျိုးမျိုး ပြောင်းနေကြခြင်းဖြစ်သည်။

သတ္တ,က လက်ထဲမှ လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးလိုက်သောအခါ ထိုသတ္တဝါများကိုယ်မှ အရောင်မျိုးစုံ ဖြာထွက်သည်။

ငြိမ်သက်နေသော ပဒူအုံကို တုတ်ဖြင့် ထိုးဆွလိုက်သကဲ့သို့ လှုပ်လှုပ်ရွရွ ဖြစ်လာလေသည်။

သူတို့ရောက်နေသောနေရာနှင့် မဝေးလှသောကြောင့် ၎င်းတို့လှုပ်ရှားလာမှုကို အတိုင်းသား မြင်နေရသည်။

ထိုကဲ့သို့ လှုပ်ရှားလာတော့မှ ၎င်းတို့အောက်မှာ ရောက်နေသော လားတစ်ကောင်နှင့် လူတစ်ယောက်ကို တွေ့ရလေသည်။

"ဟာ . . . ဟိုမှာ"

သို့သော်လည်း ပကတိအတိုင်း ရှိနေသည်တော့ မဟုတ်ပေ။ အသားများက တဝက်တပျက် ကျန်တော့ပြီး ကျန်အပိုင်းက အရိုးကျနေလေပြီ။ သတ္တက ကြောက်လန့်တကြားနှင့် ပြန်မှိတ်လိုက်သည်။ ထိုအခါ မည်သည့်နေရာမှ ထွက်လာသည် မသိရသော လက်တံရှည်တစ်ခုက လူတစ်ယောက်ကို



www.burmeseclassic.com

www.burmeseclassic.com



ရစ်ပတ်ကာ ဆွဲယူသွားလေတော့သည်။

"အား. . ."

ထိုအခါမှ ကြောက်ကြောက်လန့်လန့်နှင့် သေနတ်နှင့် ပစ်ကြလေသည်။

သူတို့ပစ်သော သေနတ်ကျည်ဆန်များက ထိုသတ္တဝါများကို မည်သို့မှ ထိရောက်မှု မရှိပေ။

ခဏချင်းမှာပင် လူနှင့် ပိုသဏ္ဍာန်တူသော သတ္တဝါများက နေရာမှ ကျိုးထလာသည်။

အချို့က ပုတ်လုံးကြီးများသဖွယ် ကြီးမားသော အလုံးအထည်ကြီးများ ရှိနေပြီး အချို့၏အရပ်အမောင်းတို့မှာ ထန်းပင်ကြီးများသဖွယ် မြင့်တက်လာကြသည်။ ၎င်းတို့သည် တစ်နေရာမှ တစ်နေရာသို့ လျင်မြန်စွာ ရွေ့နိုင်ကြသည့်အပြင် ကိုယ်မှ ရှည်လျားသော လက်တံရှည်ကြီးများ ထွက်လာကြသည်။

ထိုလက်တံများက အသက်ရှိသော နွယ်ရှင်ကြီးများကဲ့သို့သော်လည်းကောင်း၊ ဆင်နှာမောင်းများကဲ့သို့သော်လည်းကောင်း တလူးလူး တလွန့်လွန့်ဖြင့် လူရှိရာသို့ လာနေကြသည်။

သက္ကတို့ကလည်း သေနတ်များဖြင့် ပတ်ခတ်၍သော်လည်းကောင်း၊ အနီးသို့ ရောက်လာသော အချို့လက်တံရှည်များကို ဓားဖြင့် ခုတ်ပိုင်း၍သော်လည်းကောင်း တိုက်ခိုက်ကြသည်။

သို့သော် မထိရောက်ပေ။

သေနတ်ကျည်ဆန် ထိမှန်သွားသောနေရာများမှ





ပိုးစုံးကြူးများ အရောင်လက်နေသကဲ့သို့ ပျစ်ချွဲချွဲအရည်အချို့ ကျလာရုံသာရှိပြီး ခဏကြာတော့ ပြန်ပိတ်သွားလေသည်။ ဓားဖြင့် ခုတ်မိသောနေရာများလည်း ကျောက်ကျောတုံးကို ခုတ်ရသကဲ့သို့ အိခနဲ ပြတ်သွားလေသည်။ ထိုကဲ့သို့ ပြတ်ကျသွားသောအရာမှာ အခြားတစ်ခုနှင့် ပေါင်းပြီး အကောင်အထည် ပြန်ပေါ်လာပြန်သည်။ နောက်ဆုံးမှာတော့ ကြောက်မက်ဖွယ်ကောင်းသော လက်တံရှည်များကြောင့် နောက်ထပ်လူနှစ်ယောက် ပါသွားသည့်နောက်မှာတော့ သူတို့အားလုံး လာရာလမ်းအတိုင်း ပြန်ထွက်ပြေးရတော့သည်။

ထိုအခါနောက်မှ သတ္တဝါကြီးများကလည်း ထပ်ချပ်မကွာ လိုက်လာကြသေးသည်။

အလင်းရောင်များ ရှိသောနေရာရောက်တော့မှ အမှောင်တွင်းသို့ ပြန်ဝင်သွားကြလေသည်။





www.burmeseclassic.com

www.burmeseclassic.com







# အခန်း (၁၂)

# မိစ္ဆာဂူပေါက်အနီးမှ အသက်လုပွဲ

ကြောက်မက်ဖွယ်ကောင်းသော အန္တရာယ်များနှင့် တွေ့ပြီးနောက် သက္ကတို့အဖွဲ့မှာ ဂူအတွင်းမှာ မနေဝံ့ကြတော့ဘဲ အပြင်ထွက်ပြီး သင့်တော်သောနေရာမှာနေရင်း အခြေအနေစောင့်ကြည့်ကြလေသည်။

နာရသန်တို့အဖွဲ့က (၅)ယောက်၊ သက္ကတို့အဖွဲ့က (၅)ယောက်အပြင် ဂူးဘားရွာမှ သူဌေးဆာတေးက လမ်းပြအလုပ်သမား(၅)ယောက် ထည့်ပေးလိုက်သဖြင့်. . . စုစုပေါင်း(၁၅)



www.burmeseclassic.com

www.burmeseclassic.com



ယောက် လာကြသော်လည်း ထိုနေရာရောက်ပြီး တစ်ညပင် ရှိသေးသည် လူလေးယောက် သေဆုံးသွားပြီ ဖြစ်သောကြောင့် ကျန်လူများမှာ များစွာထိတ်လန့်ကြောက်ရွံ့နေကြလေပြီ။

အချို့မှာ နောက်ကြောင်းပြန်ပြေးရန် အချင်းချင်း တီးတိုးတိုင်ပင်နေကြသည်။

သက္ကက ပြန်ပြေးတဲ့သူကို မြားဖြင့် ပစ်သတ်မည်ဟု ကြိမ်မောင်းထားသောကြောင့်သာ ဟန်မပျက် နေကြရခြင်း ဖြစ်သည်။

"ကျွန်တော်တို့ ညကတွေ့ခဲ့ရတာ ဘယ်လိုသတ္တဝါကြီးတွေလဲ ဆရာကြီး"

"ကျုပ်လည်း မသိဘူး၊ ထူးဆန်းတာတော့ အတော်ကလေး ထူးဆန်းတယ်"

"ဒီသတ္တဝါကြီးတွေ ရှိနေတော့ ဂူထဲ ဝင်လို့ရပါ့မလား"

"ကျုပ်သတိထားမိသလောက်တော့ သူတို့က သေနတ်ကျည်ဆန်ကို မကြောက်ပေမယ့် . . . အလင်းရောင်ကိုတော့ ကြောက်ကြပုံရတယ်"

ဂူထဲမှ သူတို့ပြန်ထွက်ပြေးတော့ နောက်က လိုက်လာပြီးမှ အလင်းရောင် ရှိသောနေရာရောက်မှ နောက်သို့ ပြန်လှည့်သွားကြသည်ကို သတိပြုမိသဖြင့် နာရသန်က ပြောလိုက်ခြင်း ဖြစ်သည်။

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"ဒီဂူထဲမှာ ကျုပ်တို့ လိုချင်တဲ့ပစ္စည်းတွေ ရှိနေတာ သေ





ချာနေပြီ၊ ဒီမှာ သဲလွန်စ ရထားပြီ"

နာရသန်က ဂူထဲမှ ရလာသော လက်စွပ်ကို သက္ကအား ပြလိုက်သည်။

"ဆရာကြီး လာရှာတာ ဒီပစ္စည်းမျိုးတွေလား"

"ဟုတ်တယ် . . . အခုမှတော့ မင်းသိအောင် ပြောပြပါ့မယ်၊ ဒီဂူထဲမှာ ကျုပ်တို့ တစ်သက်မပြောနဲ့၊ ဆယ်သက်စားရင်တောင် မကုန်နိုင်တဲ့ နန်းစဉ်ရတနာတွေ ရှိတယ်"

သက္ကမှာ များစွာအံ့ဩသွားလေသည်။

"ဒီလက်စွပ်မှာပါတဲ့ ပတ္တမြားတစ်လုံးတင် ဘယ်လောက်တန်တယ်ဆိုတာ မင်းလည်း သိမှာပေါ့"

သက္ကက ရောယောင်ပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဒီလိုတန်ဖိုးရှိတဲ့ပစ္စည်းတွေ ဒီဂူထဲမှာ သေတ္တာနဲ့ ထည့်ထားတာ ရှိတယ်"

"ဒါ . . ဒါဖြင့် ဆရာကြီးပြောသလို ဂျပန်တွေရဲ့ပစ္စည်းတွေဆိုတာ မဟုတ်ဘူးပေါ့"

"မဟုတ်ပါဘူး . . . အခြားသူတွေ သိမှာစိုးလို့ တမင်ပြောတာပါ၊ ဒီဂူထဲမှာရှိတဲ့ ရတနာတွေက ဂျပန်တွေရဲ့ပစ္စည်းတွေ မဟုတ်ပါဘူး၊ သီပေါဘုရင်ရဲ့ နန်းစဉ်ရတနာတွေပါ"

ဟု ပြောလိုက်သောအခါ များစွာအံ့ဩသွားလေသည်။

"မင်းက ငါ့အတွက် လူယုံတစ်ယောက်ဖြစ်တော့ သိတန်သလောက်တော့ ပြောထားပါ့မယ်၊ အင်္ဂလိပ်တွေ မြန်မာပြည်ကို သိမ်းပိုက်ပြီးကာစက သီပေါဘုရင်ရဲ့လူယုံတော်အချို့က



www.burmeseclassic.com

www.burmeseclassic.com



နန်းစဉ်ရတနာတွေကိုယူပြီး ဒီဘက်ကို ထွက်ပြေးလာခဲ့ကြတယ်"

"ဆရာကြီးက ဘယ်လိုသိနေတာလဲ"

ထိုအခါ နာရသန်က အကြောင်းစုံ ပြောပြလိုက်လေသည်။

"အရင်က ငါက အင်္ဂလိပ်စစ်တပ်မှာ အလုပ်လုပ်ခဲ့ဖူးတဲ့ အရာရှိတစ်ယောက်ပဲ၊ သီပေါဘုရင်ကို ဖမ်းဆီးဖို့ မြန်မာပြည်ကို ဝင်လာတော့ ငါလည်းပါလာတယ်"

သက္ကကတော့ ထိုစကားများ ကြားသောအခါ ပိုမို၍စိတ်ဝင်စားသွားလေသည်။

"သီပေါဘုရင်ကို ဖမ်းပြီးတဲ့နောက်မှာ ကာနယ်စလေဒင်တို့အဖွဲ့တွေ ယူသွားတဲ့ အဖိုးတန် နန်းစဉ်ရတနာတွေလည်း မနည်းလှပါဘူး၊ တချို့နန်းတွင်းသူ နန်းတွင်းသားတွေ ယူပြီး ထွက်ပြေးသွားကြတာတွေလည်း ရှိတယ်"

"သူတို့က မဖမ်းဘူးလား"

"မသိအောင် ထွက်ပြေးသွားကြတော့ မတတ်နိုင်ဘူးပေါ့၊ ဒီနယ်ဘက်ကိုတော့ မိန်းမတစ်ယောက် ဦးဆောင်တဲ့ အဖွဲ့တစ်ဖွဲ့ ထွက်ပြေးလာကြတယ်၊ သူတို့နဲ့ အတူတူ နန်းတွင်းမှာရှိတဲ့ ရတနာတွေလည်း အံတော်များများ ပါလာကြတယ်"

"အဲဒီရတနာတွေရော ဘယ်မှာလဲ"

"ပြောပြပါ့မယ်. . . သူတို့ ထွက်ပြေးသွားမှန်း သိတော့ ငါနဲ့အတူ ကုလားစစ်သားတွေက နောက်က လိုက်ခဲ့ကြတယ်၊ ဒါပေမယ့် လမ်းတလျှောက်မှာတင် တော်လှန်ရေးတပ်သားတွေ





လက်ချက်ကြောင့် အတော်များများ သေခဲ့ကြရတယ်"

"ဟုတ်ကဲ့"

"ငါလည်း ကျန်တဲ့တပ်သားတွေနဲ့ ဆက်လိုက်ခဲ့ကြတာ နောက်ဆုံး ဒီနေရာရောက်လာတဲ့အထိ ဆိုပါတော့"

"ဒီနေရာရောက်တော့ ဘယ်လိုဆက်ဖြစ်ကြသလဲ"

"သူတို့အဖွဲ့တွေနဲ့ငါတို့နဲ့တွေ့ပြီး တိုက်ပွဲတွေ ဖြစ်ခဲ့ကြတယ်၊ သူတို့ဘက်က လူက အတော်များများ သေသလို ငါတို့ဘက်ကလည်း တစ်ဖွဲ့လုံး သေသွားကြတယ်၊ ငါတို့မှာ သေနတ်တွေ ပါတယ်ဆိုပေမယ့် သူတို့ဘက်က နယ်ခံတွေကပါ ဝိုင်းတိုက်ကြတာကြောင့် အားလုံးသေကုန်တာပဲ"

"ဟုတ်ကဲ့. . . နောက်တော့ကောဟင်"

"တစ်ဖွဲ့လုံးမှာ ငါတစ်ယောက်ထဲ ကျန်ခဲ့တော့ ငါလည်း တိုယ်လွတ်ရုန်းပြီး ထွက်ပြေးခဲ့ရတာပေါ့၊ အဲ့ဒီနောက်တော့ အင်္ဂလိပ်စစ်တပ်ကို မပြန်တော့ဘဲ အိန္ဒိယ ပြန်သွားပြီး ဇာတ်မြုပ်ပြီးနေခဲ့တာ နှစ်အတော်ကြာခဲ့ပြီ"

"ဟုတ်ကဲ့"

"ဒါပေမယ့် ဒီနယ်ဘက်က သတင်းတွေကိုတော့ အမြဲ ဆမ်း ကြည့်နေပါတယ်၊ ရတနာပုံဘက်က ပြေးလာတဲ့အဖွဲ့တွေ ဟာ အခြားမသွားတော့ဘဲ ဒီနေရာတစ်ဝိုက်မှာပဲ စခန်းချ နေ ထိုင်ကြတယ်လို့ သိရတယ်"

"ဒါဖြင့် သူတို့တွေ ဒီနေရာတစ်ဝိုက်မှာပဲ ရှိတဲ့သူတွေ ကြဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ရှိတဲ့လူတွေလည်း ရှိကြဦးမှာပါ"

"သူတို့ ဒီနယ်တစ်ဝိုက်မှာ ရှိနေကြတော့ ဆရာကြီးကို တွေ့မြင်သွားလို့ မှတ်မိသွားရင် ခက်မှာပေါ့"

"နှစ်တွေ အတော်ကြာခဲ့ပြီဆိုတော့ တကယ်လို့ သူတို့ ငါ့ကို တွေ့ရင်လည်း မှတ်မိစရာ မရှိတော့ပါဘူး"

"ဒီဂူတွေထဲမှာ ရတနာပစ္စည်းတွေ ထားတယ်ဆိုတာ ရော ဘယ်လိုသိတာလဲ"

"ငါက ဟိုမှာနေပေမယ့် ဒီက သတင်းတွေကို ရအောင် အမြဲစုံစမ်းနေတော့ သိရတာပေါ့၊ ဒီဂူပေါက်တွေထဲက ဘယ် ဂူပေါက်ထဲမှာ ထားတယ်ဆိုတာသာ သေသေချာချာ မသိရသေး ပေမယ့် ဒီဂူပေါက်တွေထဲမှာ ရှိတယ်ဆိုတာတော့ သိပါတယ် ဒီမှာလေ. . . အခုရထားတဲ့ လက်ဝတ်ရတနာကပဲ သက်သေခံ နေတယ် မဟုတ်လား"

"ဟုတ်ပါတယ်. . . ရတနာတွေကရော အတော်များသ လား ဆရာကြီး"

"သေတ္တာတစ်လုံးစာနဲ့ အပြည့်ရှိတယ်၊ အခုနေသာ အဲဒီရတနာတွေကို ရမယ်ဆိုရင် တစ်သက်မပြောနဲ့ ဆယ်သက် စားရင်တောင် မကုန်နိုင်ဘူး"

ဟုပြောပြရာ သက္ကလည်း မရသေးသော ရတနာ ပစ္စည်းများကို ရှာဖွေရန် စိတ်အားထက်သန်နေတော့သည် နေ့လယ်ပိုင်းအချိန်လောက်တွင် အခြားဂူပေါက်တစ်ခုမှ အတွင်း ဝင်ကြည့်ရန် ပြင်ကြလေသည်။





နောက်မှပါလာသူအချို့မှာ ကြောက်ရွံ့နေကြသော် လည်း သက္ကတို့ကို ကြောက်ရွံ့သဖြင့်သာ လုပ်ကိုင်နေကြရသည်။

လက်နက်များနှင့် အခြားပစ္စည်းများကို အဆင်သင့် ပြင်ပြီးနောက် ဂူအတွင်းသို့ စတင်ဝင်ကြလေသည်။

နေ့မြင်ညပျောက် မိစ္ဆာဂူပေါက်များမှာ အပေါက်ဝများ သာ တစ်နေရာစီ ရှိနေကြသော်လည်း အတွင်းပိုင်း ရောက် သောအခါ တစ်နေရာမဟုတ် တစ်နေရာတွင် ဆုံတွေ့ပြီး တစ် ပေါက်နှင့်တစ်ပေါက် ဆက်သွယ်နေကြခြင်းဖြစ်ဟန်ရှိသည်။

အဘယ်ကြောင့်ဆိုသော် တစ်နေရာမှ ဝင်သွားလျှင် အခြားနေရာရောက်သောအခါ အခြားဂူပေါက်ဝတစ်ခုကို တွေ့ ကြရသောကြောင့်ဖြစ်သည်။

အတွင်းပိုင်းရောက်သောအခါ ကျောက်သားမြေများ လည်း တွေ့ရပြီး အပေါ်ပိုင်းသို့ တဖြည်းဖြည်းနှင့် မြင့်တက်သွား သည်။

တစ်နေရာတွင် ကျောက်သားလမ်းအချို့ကို တွေ့ရပြီး လမ်းများမှာ တစ်စုံတစ်ခု ပွတ်တိုက်ထားသောကြောင့် ရေညှိ များ မရှိဘဲ ပြောင်ချောနေသည်ကို တွေ့မြင်ရသည်။

ဂူအတွင်းပိုင်း ရောက်သော်လည်း လေဝင်ပေါက်များ ရှိနေဟန်ဖြင့် လေကောင်းလေသန့်များ ရနေလေသည်။ တစ် နေရာမှာတော့ လက်နှိပ်မီးရောင်ကြောင့် လန့်ပြီး တဝဲဝဲ ပျံနေကြသည့် လင်းနို့ကြီးများကို တွေ့ကြသည်။ အချို့လင်းနို့ များမှာ အကောင်အရွယ်အစား ကြီးသောကြောင့် လင်းဆွဲ



www.burmeseclassic.com

www.burmeseclassic.com



တမျှ ရှိလေသည်။

တစ်နေရာရောက်တော့ အပေါ်မှာထိုးကျနေသော အ လင်းရောင်အချို့က ကျောက်သားလမ်းပေါ်သို့ ထိုးကျနေသည်။ အနားရောက်တော့မှ အပေါ်အထိ တောက်လျှောက် ပေါက်နေ သော ဂူပေါက်ကြီးကို လှမ်းမြင်ရသည်။ ထိုဂူပေါက်ဝမှ အပြင် ဘက်မှာရှိသော မြင်ကွင်းအချို့ကို တစွန်းတစ မြင်ရသည်။

ထိုအပေါက်ကြီးမှ အလင်းရောင်များသာမက ကျောက် စက်ရေများပါ စီးကျနေသည်။ ရေကျနေသော ကျောက်နံ တစ်ဖက်တစ်ချက်တွင် ကျောက်စိမ်းအရင့်ရောင် ရေညှိနှင့် ရေမှော်ပင်များ အထပ်ထပ် ပေါက်နေကြသည်။ ကျောက်ပန်း ကျောက်ခက်ပင်များကိုလည်း တွေ့ရသည်။ ထိုနေရာမှ တစ်စက် ချင်း စီးကျနေသော ကျောက်စက်ရေမှာ အေးမြလှသည်။

ထိုတစ်စက်ချင်း ကျနေသည့်နေရာအောက်မှာလည်း ကျောက်ခွက်ရေအိုင်တစ်ခုရှိနေပြီး ကြည်လင်အေးမြသော ရေ များက ပြည့်နေလေသည်။ ထိုနေရာမှ အတွင်းသို့ ဆက်သွား သောအခါ တစ်နေရာတွင် ကျောက်သေတ္တာတစ်လုံး တွေ့ရ သည်။

နာရသန်နှင့် သက္ကတို့မှာ ဝမ်းသာသွားကြလေသည်။ ကျောက်သေတ္တာမှာ အတော်ကြီးပြီး ထိုနေရာနှင့် မနီးမဝေး ကျောက်စင်များပေါ်မှာတော့ အစီအရီ တင်ထားသော လူအရိုး စုများက ရှိနေသည်။ လူအရိုးများက အတော်လေးများပြီး နှ ပေါင်းများစွာ ကြာမြင့်ခဲ့ဟန်ဖြစ်၍ အချို့မှာ ပျက်စီးနေသည်။





အချို့မှာတော့ ပင့်ကူချည်မျှင်များက အထပ်ထပ် ဖုံး အုပ်လျက်ရှိနေသည်။

လူအရိုးစုများ ရှိနေပုံမှာ တစ်နေရာစီ ပြန့်ကျဲနေခြင်းမျိုး မဟုတ်ဘဲ တစ်ခုနှင့်တစ်ခု ဘေးချင်းယှဉ်လျက် အစီအရီ တင် ထားသောကြောင့် တစ်စုံတစ်ယောက်က စနစ်တကျ ပြုလုပ် ထားခဲ့ဟန် ရှိပေသည်။

ထိုအရိုးစုများကိုမြင်တော့ နာရသန်က အံ့သြစွာ စကား ဆိုသည်။

"ဒီလူအရိုးတွေဟာ တခြားမဟုတ်နိုင်ဘူး၊ ငါတို့နဲ့ တိုက် ခိုက်တုန်းက သေဆုံးသွားခဲ့တဲ့လူတွေရဲ့အရိုးစုတွေပဲ ဖြစ်ရမယ်၊ ဒီလို အစီအရီ တင်ထားပုံ ကြည့်ရတာတော့ တစ်ယောက် ယောက်က လုပ်ပေးထားတာပဲ ဖြစ်နိုင်တယ်"

"ဒီအတိုင်းဆိုရင် သူတို့လူတွေ ဒီနယ်တစ်ဝိုက်မှာ ရှိနေနိုင်သေးတာပေါ့"

နာရသန်က ခေါင်းညိတ်ပြသည်။

ထိုအရိုးများ တင်ထားသောနေရာနှင့် မနီးမဝေးမှာ ဓား လှံ လက်နက်များ စုပြီးထောင်ထားသည်ကို တွေ့ရသော အခါ နာရသန်၏မှတ်ချက်ချပုံမှာ မှန်ကန်နိုင်ကြောင်း သက္ကက သတ်ခံလိုက်သည်။

ထို့နောက်မှာတော့ ကျောက်သေတ္တာကြီးကို ခက်ခက် ခဲ ဖွင့်ကြလေသည်။

အဖုံးပွင့်သွားသောအခါ အတွင်း၌ သူတို့မျှော်လင့်ထား



www.burmeseclassic.com

www.burmeseclassic.com



သကဲ့သို့ ရွှေငွေရတနာများတော့ မတွေ့ရပေ။ ရှေးခေတ် နန်းတွင်းမှာ စတ်ဆင်အသုံးပြုသည့် အဝတ်တန်ဆာများနှင့် အခြားအသုံးအဆောင်များကိုသာ တွေ့ကြရသည်။

ထိုအသုံးအဆောင်နှင့် အဝတ်အစားများမှာလည်း ဖုံများ ဒုတက်နေပြီဖြစ်သဖြင့် အရောင်အဆင်းပင် မပေါ်တော့ပေ။

"ဒါ သူတို့ အသုံးပြုခဲ့တဲ့ အဝတ်အစားနဲ့ တန်ဆာပလာတွေပဲ၊ ဒီပစ္စည်းတွေတောင် ဒီဂူတွေထဲမှာ ရှိနေပြီဆိုတော့ ကျန်တဲ့ရွှေငွေရတနာတွေ ဒီအထဲမှာရှိမှာ သေချာတယ်"

ဟု နာရသန်က စိတ်အားထက်သန်စွာဖြင့် ပြောလိုက်သည်။

ထိုနေ့အဖို့မှာတော့ ထိုနေရာပတ်ဝန်းကျင်တစ်ဝိုက်သို့ လိုက်လံရှာဖွေကြသော်လည်း ရွှေငွေရတနာများနှင့် ပတ်သက်ပြီး အစအနမျှပင် မတွေ့ကြရပေ။

ထိုကဲ့သို့ ရှာဖွေနေကြစဉ် ဂူအတွင်းပိုင်း တစ်နေရာမှ အော်လိုက်သော ထူးခြားသည့်အသံကြီးကို ကြားလိုက်ရသည်။

ဂူနံရံများ ခြားနေသောကြောင့် မည်သည့်အသံမျိုး ဖြစ်မည်ကို သဲသဲကွဲကွဲ မသိကြရသော်လည်း ကြောက်စရာကောင်းသော အသံတစ်မျိုးဖြစ်မည်ကိုတော့ သိကြလေသည်။

ထို့ကြောင့် ဂူအတွင်းသို့ ဆက်မဝင်ကြတော့ဘဲ ဂူအပြင်သို့ ပြန်ထွက်ခဲ့ကြလေသည်။

ထိုနေ့ညမှာတော့ ဂူအတွင်းမှာ စခန်းမချဝံ့တော့ဘဲ





အပြင်ဘက် လေကွယ်မိုးကွယ်၊ နှင်းအကျသက်သာသော နေရာတစ်ခုတွင် ရွှေ့ပြောင်းနေရာချကြလေသည်။

ညအချိန်ရောက်သောအခါ ကျောက်နံရံတစ်ခုအနီးတွင် မီးပုံကြီးများဖိုကာ သတိဖြင့် နေကြလေသည်။

ညဦးပိုင်းအချိန်ရောက်သောအခါ ဂူပေါက်များအတွင်းမှ လင်းနို့များ ပျံထွက်လာကြလေသည်။

ဂူပေါက်တိုင်းတွင် လင်းနို့များ ရှိကြသည်။ ထိုအချိန်တွင် ဂူတွင်းပိုင်းဆီမှ ထူးထူးခြားခြား လှုပ်ရှားနေသည့် အသံအချို့ကို ကြားလာရသည်။ မည်ကဲ့သို့သောအသံမျိုးဖြစ်သည်ကို မသိရသော်လည်း ထူးခြားပြီး ကြောက်စရာကောင်းသောအသံမျိုး ဖြစ်သည်ကိုတော့ အားလုံးသိကြသည်။

ယခင်ညများက စိတ်ချလက်ချ အိပ်ခဲ့ကြရာ လူတစ်ယောက်နှင့် လားတစ်ကောင် အဆွဲခံရပြီးနောက်မှတော့ ဘယ်သူမှ မအိပ်ဝံ့ကြတော့ပေ။

ညဦးပိုင်းအချိန်မတိုင်မီမှာပင် ပတ်ဝန်းကျင်တစ်ဝိုက်မှာ မြူနှင်းများ ဝေ့ဆိုင်းလာသည်။ အမှောင်ရိပ်များ ဖုံးလွှမ်းစ ပြုလာသည်။ အမှောင်ရိပ်များ ဖုံးလွှမ်းစ ပြုလာသည်။

"ကျွန်တော် သတိထားပြီး သေသေချာချာ ကြည့်နေတာဗျ၊ စောစောကလေးတင် ဟိုဂူပေါက်ဝတွေက ပွင့်နေသေးတယ်၊ အခုတော့ ပိတ်သွားပြီ"

"ဘယ်ဂူပေါက်တွေလဲ"

ထိုလူက မနီးမဝေးမှာရှိသော ဂူပေါက်ဝအချို့ကို လက်



www.burmeseclassic.com

www.burmeseclassic.com

ညှိုးထိုးပြလေသည်။

ထိုဂူပေါက်ဝများမှာ သူတို့ စခန်းချနေသောနေရာနှင့် မဝေးလှသောကြောင့် ကောင်းစွာမြင်နိုင်လေသည်။

မြူနှင်းများ ကျနေသော်လည်း သဲသဲကွဲကွဲ မြင်ရသေးသည်။ ထိုသူပြောသကဲ့သို့ပင် ဂူပေါက်ဝအချို့မှာ အတွင်းဘက်မှ တစ်စုံတစ်ခုဖြင့် ပိတ်ထားသကဲ့သို့ ပိတ်နေလေသည်။

"အထဲကတစ်ခုခုများ ဆို့နေလို့လား၊ ဒါမှမဟုတ် မှောင်နေလို့ မျက်စိမှားနေတာလား"

"မဟုတ်ဘူး ဆရာကြီး၊ ဒီဂူပေါက်တွေရဲ့အမည်က နေ့မြင်ညပျောက် မိစ္ဆာဂူပေါက်လို့ ခေါ်ကြတယ်၊ ဒီလိုပဲ. . . နေ့ဘက်မှာ ဂူပေါက်ဝတွေကို မြင်ရပေမယ့် ညအချိန်ရောက်တဲ့အခါ ဂူပေါက်ဝတွေက သူ့အလိုလို ပိတ်သွားတတ်ကြတယ်"

ဟု သက္ကက ပြောပြသည်။

"ဘယ်လိုကြောင့် ဖြစ်တာလဲ"

"ကျွန်တော်တို့လည်း ဒီအကြောင်းတွေတော့ မသိပါဘူး၊ ဒါပေမယ့် ကြောက်စရာကောင်းတာတော့ အမှန်ပါပဲ"

နာရသန်က စိတ်မကျေနပ်သဖြင့် အနီးမှာ အဆင်သင့်ချထားသော လက်နှိပ်မီးကို ယူ၍ လှမ်းထိုးကြည့်လိုက်သည်။ သို့သော် ကြားထဲမှာ မြူနှင်းများ ရှိနေသဖြင့် လက်နှိပ်မီးရောင်က ဂူပေါက်ဝအထိ မရောက်နိုင်ပေ။

"အဖြေသိရအောင် သေနတ်နဲ့ ပစ်ကြည့်ရင် မကောင်းဘူးလား"





"ဖြစ်ပါ့မလား ဆရာကြီး. . . တော်ကြာ"

"ဖြစ်ပါတယ်. . . တကယ်လို့ အတွင်းမှာရှိနေတာ သတ္တဝါတစ်ကောင်ကောင်ဆိုရင်တော့ အဖြေပေါ်မှာပဲ"

ဟုပြောဆိုကာ ပိတ်နေသော ဂူပေါက်ဝတစ်ခုကို သေနတ်ဖြင့် ချိန်ကာ ပစ်ထည့်လိုက်လေသည်။

"ဒိုင်း. . ."

တိတ်ဆိတ်နေသောအချိန်မို့ သေနတ်သံက ကျယ်လောင်စွာ ပေါ်ထွက်လာသည်။

တောင်နံရံများမှ ပဲ့တင်သံများ ထွက်လာသည်။ အနီးပတ်ဝန်းကျင်မှာ အိပ်တန်းတက်နေကြသော တောတိရစ္ဆာန်များ အလန့်တကြား ထွက်ပြေးကြသည်။ သေနတ်သံနှင့် မရှေးမနှောင်းမှာ ငှက်အော်သံများ ဆူဆူညံညံ ပေါ်ထွက်လာကြလေသည်။

မရှေးမနှောင်းမှာပင် မြေကြီးများ သိမ့်သိမ့်တုန်သွားသည်ကို သိလိုက်ကြသည်။

အတန်ကြာတော့ အခြေအနေအားလုံး မူလအတိုင်း ပြန်ငြိမ်ကျသွားလေသည်။

ထို့နောက် ဂူပေါက်ဝများအနီးသို့ သွားပြီး လက်နှိပ်မီးဖြင့် ထိုးကြည့်လိုက်သောအခါ ဂူပေါက်ဝများ ပြန်ပွင့်နေသည်ကို တွေ့မြင်ကြရလေသည်။

ထိုအခြေအနေကို မြင်တော့ အားလုံး အံ့သြသွားကြလေသည်။


www.burmeseclassic.com

www.burmeseclassic.com

"ငါပြောတယ် မဟုတ်လား၊ သေနတ်ကိုတော့ အားလုံး ကြောက်ကြပါတယ်၊ သေနတ်နဲ့ပစ်ရင် မခံနိုင်ကြပါဘူး"

ဟု နာရသန်က ဂုဏ်ယူဝင့်ကြွားသော အမူအရာမျိုးဖြင့် ပြောနေလေသည်။

နောက်မှ ပါလာသူများကတော့ ဘာမှမပြောကြပေ။

အဘယ်ကြောင့်ဆိုသော် . . .

ဒေသခံများ ဖြစ်သောကြောင့် မိစ္ဆာဂူပေါက်များက သူတို့ကို တစ်စုံတစ်ခု တုံ့ပြန်လာမည်ကို စိုးရိမ်ကြောက်လန့်နေကြသောကြောင့်ပင်ဖြစ်သည်။

ဤသို့ဖြင့် ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ ၎င်းတို့ ကြောက်လန့်နေသကဲ့သို့ မမျှော်လင့်သော အန္တရာယ်များက ရောက်လာလေတော့သည်။

အမှောင်ရိပ် ဖုံးနေသော သစ်တောများအတွင်းမှ ပစ်လိုက်သော မြားတံများက သူတို့ရှိရာသို့ ရောက်လာပြီး အချို့ကို ထိမှန်သဖြင့် လဲကျသွားကြလေသည်။

"ရန်သူတွေဟေ့ . . . အကာအကွယ်ယူပြီး ပြန်ပစ်ကြပေတော့"

ဟု ပြောပြီး ကျောက်တုံးများ နောက်သို့ အကာအကွယ်ယူကာ ရန်သူများကို သေနတ်ဖြင့်သော်လည်းကောင်း၊ မြားများဖြင့်သော်လည်းကောင်း ပြန်လည်ပစ်ခတ်ကြလေတော့သည်။

အမှောင်ရိပ်ထဲမှာရှိနေသော ရန်သူများကလည်း ရှေ့ထွက်မလာဘဲ အမှောင်ရိပ်ထဲမှသာ မြားဖြင့် ပစ်ခတ်နေသော





ကြောင့် နာရသန်တို့မှာ ဘယ်နေရာကို ပစ်ရမှန်းမသိဘဲ ရမ်းပစ်နေကြရသည်။

အတော်ကြာတော့မှ ရန်သူများ ပြန်ဆုတ်သွားကြလေသည်။

သို့သော်လည်း နေရာမှ မထွက်ဝံ့ဘဲ မိုးလင်းသည်အထိ ထိုနေရာမှာပင် နေကြရသည်။

အလင်းရောင်ရလာတော့မှ ညကမြားဖြင့်ခြောင်းပစ်သော နေရာများသို့သွားကြည့်သောအခါ ဘာမှမတွေ့ရတော့ပေ။ သူတို့အဖွဲ့မှာလည်း လူလေးငါးယောက်သာကျန်ခဲ့ပြီး အချို့မှာ ဒဏ်ရာပြင်းထန်စွာ ရနေသောကြောင့် လူစုပြီးမှ တစ်ကျော့ပြန်လာရန် တိုင်ပင်ပြီး နောက်ကြောင်းပြန်လှည့်သွားကြလေတော့သည်။


www.burmeseclassic.com

www.burmeseclassic.com




# အခန်း(၁၃)



## နေမြင့်ညမျှော်ဂူမှ ထူးဆန်းသောလူ

တစ်နေ့သ၌ နီမောင်တို့နေသော မန်စေရွာအတွင်းသို့ အမျိုးသမီးတစ်ယောက် ဝင်ရောက်လာသည်။

သူမသည် အနက်ရောင်အဝတ်အစားများကို ဝတ်ဆင်ထားပြီး ဦးခေါင်းပေါ်မှာ ပုဝါတစ်စ သိုင်းချည်ထားသည်။ ပြီးမှ ခမောက်တစ်လုံးကို မျက်နှာတစ်ဝက်လောက်အထိ ခပ်စိုက်စိုက် ဆောင်းထားလေသည်။

သူမသည် မန်စေရွာသို့ ရောက်သောအခါ နီမောင်



www.burmeseclassic.com

www.burmeseclassic.com



နေသောနေရာသို့ မေးပြီး သွားလေသည်။

ထိုနေအိမ်သို့ ရောက်သောအခါ နီမောင်နှင့် အဆင်သင့် တွေ့ရလေသည်။

နီမောင်မှာ အိမ်ပေါက်ဝ ရောက်လာသော အမျိုးသမီးက မျက်နှာတစ်ဝက် ကွယ်နေလောက်သည်အထိ ခမောက်ဆောင်းထားသောကြောင့် မည်သူမည်ဝါမှန်း မသိရသေးဘဲ ရှိနေရာ ခမောက်ကို ဖယ်လိုက်တော့မှ သူမမျက်နှာကို တွေ့မြင်ရလေသည်။

"ဟင်. . . သရဖီပါလား"

သရဖီက အိမ်ပေါ် တက်ပြီး ကွပ်ပျစ်ပေါ်မှာ ဝင်ထိုင်လေသည်။

"ဘယ်ကိုသွားမလို့လဲ"

"နင့်ဆီပဲ လာခဲ့တာပဲ၊ နင်တို့ရွာမှာ ဆေးဆရာ မရှိဘူးလား"

"ရှိတယ်. . . ဦးဗန်ကောင်းဆိုတာ ဆေးဆရာတစ်ယောက်ပဲ"

"ငါ သူ့ကို ခေါ်သွားချင်တယ်၊ နင်ပါ လိုက်ခဲ့ပေးပါ"

"ဘယ်သူဘာဖြစ်လို့လဲဟင်"

"နောက်တော့ သိရမှာပေါ့၊ အခုလောလောဆယ်တော့ ငါပြောတဲ့အကူအညီပဲ ပေးပါ"

"အေးလေ. . . နင်က ငါ့ကို အကူအညီပေးခဲ့ဖူးတော့ ငါကလည်း အကူအညီ ပြန်ပေးပါ့မယ်၊ ဆရာကြီးဆီ သွားကြရ





မယ်"

ဟု ပြောပြီး နှစ်ယောက်သား ဦးဗန်ကောင်း နေသောနေရာသို့ သွားကြရာ ဆေးကြိတ်နေသော ဦးဗန်ကောင်းကို အခန့်သင့်ပင် တွေ့ကြရသည်။

"အော်. . . နီမောင်ပါလား၊ အော်. . . သူက ဂူးဘားရွာက မိန်းကလေး မဟုတ်လား"

"ဟုတ်ပါတယ်. . . သူက ဆေးဆရာ လာပင့်တာမို့ အဘဆီ ခေါ်လာခဲ့တာပါ"

"ဂူးဘားရွာကို လိုက်ခဲ့ရမှာလား"

"မဟုတ်ပါဘူး. . . ကျွန်မနောက်ကိုပဲ လိုက်ခဲ့ရမှာပါ၊ လူနာက တစ်နေရာမှာ ရှိပါတယ်"

ထိုသို့ပြောသောအခါ ဦးဗန်ကောင်းက ခေတ္တစဉ်းစားပြီးနောက် ခေါင်းညိတ်ပြသည်။

"လိုက်ခဲ့ပါ့မယ်၊ နီမောင်. . . မင်းပါ လိုက်ခဲ့မယ် မဟုတ်လား"

"လိုက်ခဲ့ပါ့မယ် အဘ"

ဦးဗန်ကောင်းက ဆေးလွယ်အိတ်အတွင်းသို့ လိုအပ်သော ဆေးပစ္စည်းများ ထည့်ပြီးနောက် နီမောင်တို့နှင့်အတူ လိုက်လာခဲ့လေသည်။

သရဖီက သူတို့နှစ်ယောက်ကို လမ်းပြခေါ်သွားလေသည်။ သူမ ခေါ်သွားသောနေရာမှာ ဂူးဘားရွာ မဟုတ်ပါချေ။ မြင်ညပျောက် မိဿဂူပေါက်များ ရှိသော တောနက်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ပင်ဖြစ်သည်။

နီမောင်တို့မှာ သရဖီ၏အပြုအမူကို နားမလည်သောကြောင့် အံ့ဩနေကြသော်လည်း ဘာမှတော့ ထပ်မမေးကြပေ။

ထိုဂူပေါက်များ ရှိသောနေရာ ရောက်သောအခါ သရဖီက အခြေအနေကြည့်ပြီး ဂူပေါက်ဝတစ်ခုအတွင်းသို့ ခေါ်သွားလေသည်။

"ကျွန်မနောက်ကသာ လိုက်ခဲ့ကြပါ"

သူမက နီမောင်တို့နှစ်ယောက်ကို ဂူကြီးအတွင်းမှာရှိသော လှိုဏ်ဂူကနေရာများမှအတွင်းသို့ ခေါ်သွားလေသည်။

တစ်နေရာရောက်သောအခါ ကျောက်သေတ္တာကြီးတစ်လုံးနှင့် အစီအရီ တင်ထားသော အရိုးစုများကို တွေ့ကြရသည်။

ထိုအရာများကို မြင်သောအခါ နီမောင်တို့နှစ်ယောက်မှာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။ သရဖီကတော့ ဘာကိုမှ ဂရုမထားဘဲ ရှေ့မှ တစိုက်စိုက်နှင့်သွားလေရာ တစ်နေရာရောက်သောအခါ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် လှုပ်ရှားနေသော ကြောက်မက်ဖွယ်ရာများကို လှမ်းမြင်ရသည်။

ထိုနေရာရောက်တော့ သရဖီက အသံမထွက်စေရန်အချက်ပြပြီး မနီးမဝေးမှ ဖြတ်ကျော်သွားရာ နောက်မှ လိုက်သွားကြသည်။

အတော်ဝေးဝေးရောက်တော့မှ နီမောင်က ဦးဇန်





ကောင်းအနီးသို့ ကပ်မေးလိုက်သည်။

"စောစောက တွေ့ခဲ့ရတာ ဘယ်လိုသတ္တဝါကြီးတွေလဲ အဘ"

"ပြဒါးစုန်းတွေပါ. . . သူတို့က ပုံသဏ္ဌာန်အမျိုးမျိုးပြောင်းလဲနိုင်သလို ညအချိန်ဆိုရင် သက်ရှိသတ္တဝါတွေလိုပဲ တစ်နေရာကတစ်နေရာ သွားနိုင်တယ်၊ နွယ်ရှင်တွေနဲ့ တူတဲ့လက်တံရှည်တွေနဲ့ လူနဲ့တိရစ္ဆာန်တွေကို ဖမ်းယူစားသောက်နိုင်ကြတယ်"

"အတော် ကြောက်စရာကောင်းပါလား"

"ဒါပေမယ့် သူတို့က အပူနဲ့အလင်းရောင်ကိုတော့ကြောက်ပါတယ်၊ အပူရှိန် ရှိတဲ့နေရာ၊ အလင်းရောင် ရှိတဲ့နေရာတွေကို မလာကြဘူး၊ ညဘက် မှောင်ပြီး အေးတဲ့အချိန်မျိုးမှာ အပြင်ထွက်လာပြီး နေရာအနှံ့ သွားလာတတ်ကြတယ်၊ ပုံသဏ္ဌာန်အမျိုးမျိုးလည်း ပြောင်းလဲနိုင်တယ်"

"ဘယ်လိုပုံသဏ္ဌာန်မျိုးတွေလဲ အဘ"

"လူ၊ ဘီလူး၊ နဂါး၊ သရဲ၊ သဘက် စတဲ့ ကြောက်စရာကောင်းတဲ့ပုံသဏ္ဌာန်တွေ ပြောင်းလဲပြီး အသက်ရှိတဲ့လူနဲ့တိရစ္ဆာန်တွေကို ဖမ်းယူသွားပြီး စားသောက်လေ့ရှိကြတယ်၊

သူတို့ရဲ့လက်တံရှည်တွေက အတော်ဝေးဝေးမှာ ရှိတဲ့လူနှင့်တိရစ္ဆာန်တွေကို ဖမ်းယူနိုင်ကြတယ်"

ဟု ပြောပြလေသည်။

ထိုသို့ပြောတော့မှ နီမောင်မှာ စောစောက ထိုနေရာမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြတ်လျှောက်လာသည်ကို တွေးပြီး စိုးရိမ်မိသလို ခံစားရလေသည်။

ဤသို့ဖြင့် ဂူအတွင်းမှာ အတန်ကြာအောင် သွားမိပြီးသောအခါ ဂူပေါက်ဝတစ်ခုသို့ ရောက်သွားကြလေသည်။

"ကျွန်မအနောက်က လိုက်ခဲ့ကြပါ"

ဟုပြောပြီး အတွင်းသို့ဝင်သွားကြရာ အနည်းငယ် သွားမိသောအခါ အတန်အသင့်ကျယ်သော အခန်းတစ်ခုအတွင်းသို့ ရောက်သွားကြသည်။

ထိုအခန်းထဲမှာတော့ ဒဏ်ရာရနေသော လူနှစ်ယောက်ကို တွေ့ရလေသည်။

"သူတို့ကို ဆေးကုပေးပါ"

ဟု သရဖီက ပြောသဖြင့် ဦးဇန်ကောင်းက လူနာများကို စစ်ဆေးကြည့်သည်။

နီမောင်ကလည်း အနားမှ အကူအညီပေးရလေသည်။

တစ်ယောက်မှာ မြားချက်ထိထားသော ဒဏ်ရာဖြစ်ပြီး ကျန်တစ်ယောက်က လက်မောင်းမှာ သေနတ်ကျည်ဆန် ရှပ်မှန်ထားခြင်းဖြစ်သည်။

ဦးဇန်ကောင်းက ထွေထွေထူးထူး မေးမြန်းနေခြင်း မပြုတော့ပေ။ ဒဏ်ရာရနေသူများကို ဆေးတိုက်ခြင်း၊ ဒဏ်ရာများကို ဆေးကြောသုတ်သင်၍ ဆေးထည့်၊ ပတ်တီးစည်းပေးခြင်းများ ပြုရသည်။

ထိုနေရာမှာတော့ အဆိပ်ဖြေဆေး၊ အနာကျက်စေရန်





မန်းဆေးနှင့် ဒဏ်ရာကြောင့် အဖျားဝင်နေခြင်းများကို သက်သာစေရန် ကုသပေးရသည်။

သူတို့သည် ဂူအတွင်းမှာပင် လျှို့ဝှက်စွာ မီးမွှေးပြီး ဝါးဆစ်ပိုင်းများဖြင့် ရေနွေးဆူအောင်တည်၍ ရေနွေးဖြင့် ဆေးတိုက်သောအခါမှ ခဏချင်းပင် သက်သာခွင့် ရသွားကြသည်။

"လူနာက ဒီနှစ်ယောက်ပဲလား မိန်းကလေး"

"ဟိုဘက်မှာ တစ်ယောက်ရှိပါသေးတယ် ဆရာကြီး"

ထိုသို့ပြောပြီး နောက်တစ်နေရာသို့ ခေါ်သွားပြန်သဖြင့် လိုက်သွားကြရပြန်လေသည်။

နောက်အခန်းတစ်ခုအတွင်းမှာတော့ နောက်ထပ် ဒဏ်ရာရနေသော သူတစ်ယောက်ကို တွေ့ရပြန်သည်။

အနားရောက်တော့မှ ဒဏ်ရာရနေသူမှာ အခြားသူမဟုတ်ဘဲ ဒီပက ဖြစ်နေသည်ကို တွေ့ရသဖြင့် အံ့ဩသွားမိလေသည်။

"ဟင်. . . ဒီပက. . မင်းဘယ်လိုဖြစ်တာလဲ"

ဒီပက,က ပြုံးပြီး သူ့ကိုယ်ပေါ်မှ ဒဏ်ရာကို ပြလေသည်။ ၎င်းကိုယ်ပေါ်မှ ဒဏ်ရာမှာမနည်းလှပေ။ သေနတ်ကျည်ဆန် ထိမှန်ထားသည့် ဒဏ်ရာပင်ဖြစ်သည်။

"သေနတ်ကျည်ဆန် ထိထားတဲ့ဒဏ်ရာပါလား၊ မင်းကို ဘယ်သူပစ်သွားတာလဲ"

"ငါ နောက်တော့ ပြောပြပါ့မယ်ကွာ"

ဟု လေသံတိုးတိုးဖြင့်သာ ပြန်ပြောနိုင်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇန်ကောင်းက ဒဏ်ရာရထားသောနေရာကို အသေအချာစစ်ဆေးကြည့်ပြီး နီမောင်ကို တိုးတိုးပြောပြလေသည်။

"သူ့ဒဏ်ရာက အတော်ကလေး များတယ်၊ ကျည်ဆန်က သူ့ကိုယ်ထဲမှာပဲ ရှိသေးတယ်၊ ခွဲထုတ်ပစ်မှ အသက်ပြန်ရှင်နိုင်မယ်"

ထိုအခါ ဒီပက,က ပြောသည်။

"ကျွန်တော့်ကို အသက်ရှင်အောင် လုပ်ပေးပါ ဆရာကြီး၊ ကျန်တာတော့ ဆရာကြီး သဘောကျပဲ လုပ်ပါ"

ဟု ခွင့်ပေးသဖြင့် ၎င်းကိုယ်ထဲမှာ ဝင်နေသောကျည်ဆန်ကို ခွဲထုတ်ရန် ပြင်ရလေတော့သည်။

နီမောင်ကလည်း ဦးဇန်ကောင်းကို ဝိုင်းကူပေးရသည်။ ထိုနေရာမှာပင် မီးဖိုရှ် ရေနွေးရအောင်ကျိုပြီး ဆေးပင်ဆေးမြစ်များကို ပြုတ်သည်။ ဓါးသွားများကို မီးကင်သည်။

ပြီးသောအခါမှ ဒီပကကိုယ်မှ ဒဏ်ရာရထားသောနေရာကို စိတ်ရှည်လက်ရှည်ဖြင့် ခွဲကာ ကျည်ဆန်ထုတ်သည်။

ပြီးတော့မှ ဆေးရည်ထည့်ပေးခြင်း၊ ဒဏ်ရာကို ပြန်ချုပ်ပေးခြင်း၊ အပေါ်မှ ပတ်တီးစည်းပေးခြင်းများ ပြုလုပ်ပေးသည်။

အားလုံးကိစ္စပြီးသောအခါ ဒီပကကို ဆေးရည်တစ်ခွက် တိုက်လိုက်သောအခါ မကြာမီ အိပ်ပျော်သွားလေတော့သည်။

"ဆရာကြီးတို့ ပြန်ကြတော့မလား"

သရဖီက မေးသည်။

"ချက်ချင်းပြန်လို့တော့ မဖြစ်သေးဘူး၊ သူတို့အခြေအနေကို စောင့်ကြည့်ရဦးမယ်"





ဦးဇန်ကောင်းစကား ကြားသောအခါ သရဖီမှာ များစွာအားရှိသွားလေသည်။

"အခုလို လာပြီးအကူအညီပေးတာ ကျေးဇူးအများကြီးတင်ပါတယ် ဆရာကြီး"

"ငါတို့ကို ကျေးဇူးတင်တာ ဘာကြောင့် ဒီနေရာမှာလာပြီး လျှို့ဝှက်လုပ်နေရတယ်ဆိုတာ ပြောပြပါလား"

ဦးဇန်ကောင်းစကားကြောင့် သရဖီက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ကျွန်မအဖွား ဒေါ်မင်းဇာဆိုတာ ဂူဘားရွာက လူတွေထင်နေသလို ကဝေပညာတတ်တဲ့သူတစ်ယောက် မဟုတ်ပါဘူး၊ နန်းတွင်းမှာ ဆေးကုပေးရတဲ့ ပညာရှင်တစ်ယောက်ပါ"

ထိုစကားကြောင့် ဦးဇန်ကောင်းပင် အံ့ဩသွားလေသည်။

"ဒါဖြင့် ဒီနေရာကို သူ့ကို ခေါ်ပြီး ဆေးကုလို့ မရဘူးလား"

"အဖွားလာရင် ကျန်တဲ့လူတွေက ရိပ်မိကြမှာမို့ မလာဘဲ ဆရာကြီးတို့ဆီကို လာပြီး အကူအညီတောင်းရတာပါ"

"ဒါကတော့ အရေးရှိလာမှတော့ အကူအညီပေးရမှာပေါ့၊ ကျုပ်တို့ကိုသာ မင်းတို့အကြောင်းလေးတွေ ပြောပြပေးပါ"

ထိုအခါ သရဖီက သူမတို့နှင့်ပတ်သက်သော အကြောင်းအရာများကို ပြောပြလေရာ နှစ်ယောက်စလုံး များစွာ



www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသွားကြလေသည်။

"ဒါဖြင့် အခု ဒဏ်ရာရထားတဲ့လူတွေက သရဖီတို့လူတွေပေါ့ . . . ဟုတ်လား"

"ဟုတ်ပါတယ် . . ဟိုတစ်ညက ရန်သူတွေနဲ့ တိုက်ခိုက်ကြရင်း ဒဏ်ရာရသွားကြတာပါ"

"ဒီပက,ကရော အတူတူပဲလားဟင်"

သရဖီက ခေါင်းညိတ်ပြသည်။

"သူ့ကို ဘာဖြစ်လို့ တစ်နေရာမှာ သီးခြားထားရတာလဲဟင်"

"တခြားအကြောင်းရှိလို့ပါ"

နီမောင်က သူမအနေဖြင့် ဒီပကအကြောင်းကို ပြည့်ပြည့်စုံစုံ ဆက်မပြောချင်ဟန် ရှိနေသောကြောင့် ဆက်မမေးတော့ဘဲ အခြားအကြောင်းကိုသာ မေးလိုက်သည်။

"ငါ နင်တို့အိမ်မှာ ညအိပ်တုန်းက ခြံဝန်းထဲမှာ တွေ့ရတဲ့ မည်းမည်းသဏ္ဌာန်တွေကရော ဘာတွေလဲဟင်"

"နင်က တစ္ဆေသရဲတွေလို့ ထင်နေလို့လား"

"ဟုတ်တယ်"

"သူတို့က တစ္ဆေသရဲတွေ မဟုတ်ကြပါဘူး၊ ငါတို့အ တူ ပါလာတဲ့ အဖွား အားကိုးရတဲ့လူတွေပါ"

"ဘာကြောင့် မျက်နှာပေါ်မှာ အဝတ်မည်းတွေ ခြုံထားရတာလဲဟင်"

"သူတို့မျက်နှာတွေမှာ ဒဏ်ရာဒဏ်ချက်တွေ ရှိနေတာ





ကတစ်ကြောင်း၊ နောက်ပြီး သူတို့ကို အင်္ဂလိပ်ဘက်က လူတွေတွေ့ရင် မှတ်မိမှာစိုးလို့ပါ"

"ဒါဖြင့် သူတို့ကို တစ္ဆေသရဲတွေလိုလို လုပ်ထားတာကရော ဘယ်လိုအကြောင်းကြောင့်လဲ၊

ခြံဝန်းထဲမှာ တစ္ဆေသရဲ ရှိနေတဲ့ ပုံသဏ္ဌာန်မျိုး ဘာကြောင့် ဖန်တီးထားတာလဲ"

"ဒါမှ တခြားလူတွေ ကြောက်ပြီး မလာဝံ့လာအောင် တမင်လုပ်ထားတာပါ"

ဟု ရှင်းပြလေသည်။

"ဒီဂူထဲမှာ ဒေါ်မင်းဇာ ဝှက်ထားတဲ့ရတနာသေတ္တာ ရှိနေတယ်ပေါ့နော်"

ဦးပန်ကောင်းက ဝင်မေးလိုက်သည်။

"ဟုတ်ကဲ့ . . ရှိပါတယ်၊ ဒါပေမယ့် အခုတော့ သူတို့တတွေက ဒီနေရာကို ခြေရာခံမိသွားပြီဆိုတော့ တစ်နေရာကို ရွှေ့ပြောင်းထားမှ စိတ်ချရတော့မယ်၊ ဒါလည်း နီမောင်နဲ့ ဆရာကြီးတို့ကိုပဲ အကူအညီတောင်းရမှာပါပဲ"

"ဒီပစ္စည်းတွေက ကျုပ်တို့ပိုင်တဲ့ ရတနာတွေပဲ၊ တိုင်းတပါးသားတွေလက်ထဲတော့ အပါခံလို့ ဘယ်ဖြစ်ပါ့မလဲ၊ အသက်နဲ့လဲပြီး ကာကွယ်တန် ကာကွယ်ရမှာပဲ"

ဦးပန်ကောင်းစကား ကြားသောအခါ သရဖီမှာ များစွာ အားရှိသွားဟန် တူလေသည်။

ထို့နောက်မှာတော့ ဦးပန်ကောင်းက လူနာများရှိရာသို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ခေါက်ပြန်သွားစဉ် နီမောင်နှင့်သရဖီတို့က အစားအသောက်များရရှိရန် ပြင်ကြရသည်။

သရဖီက လုပ်ကိုင်နေသည်ကို နီမောင်က အနားမှ ကူညီပေးရခြင်းဖြစ်သည်။

ထိုသို့နှစ်ယောက်တည်း ရှိနေသောအခါ နီမောင်က သူ့ရင်ထဲမှာ သိချင်နေသောအချက်ကို မေးလိုက်သည်။

"ဒီပက,က နင်တို့နဲ့ အတူတူ လာခဲ့တာပေါ့နော်"

"ဟုတ်ပါတယ်"

သရဖီမျက်နှာပေါ်မှာ အပြုံးရိပ်ကလေးတစ်ချက် သမ်းသွားလေသည်။

နီမောင်က ထိုသို့မေးလာသောကြောင့် ကျေနပ်သွားဟန်လည်း ရှိသည်။

"သူက နင်တို့နဲ့အတူ ဘာကြောင့် မနေတာလဲဟင်"

"ဘာဖြစ်လို့ နေရမှာလဲ၊ အတူတူလာကြတယ်ဆိုပေမယ့် ဘာမှတော်စပ်တာမှ မဟုတ်ကြတာ"

"ငါက နင်တို့ချင်းရင်းနှီးကြတယ်လို့ ထင်လို့မေးတာပါ"

"နင်က ဘယ်လိုများ ထင်နေလို့လဲ"

"ထင်တော့ မထင်ပါဘူး၊ ဒါပေမယ့်. . ."

"ပြောလေ. . . ဒါပေမယ့် ဘာဖြစ်သလဲ"

"ဟို. . ဒီပက,က စိတ်သဘောကောင်းတဲ့ လူတော်တစ်ယောက်လို့ ထင်မိလို့ပါ"

သရဖီက ရယ်လိုက်သည်။





ပြီးမှ နီမောင်ကို ကြည့်ပြီး မေးသည်။

"နင်က ဘာကိုကြည့်ပြီး ပြောတာလဲ၊ နောက်ပြီး နင့်စိတ်ထဲမှာ သူနဲ့ငါ့ကို တစ်မျိုးထင်နေတယ် မဟုတ်လား"

ထိုသို့မေးသောအခါ ဘယ်လိုပြန်ဖြေရမှန်း မသိအောင် မျက်နှာပူသွားလေသည်။

"မ. . မဟုတ်ပါဘူး"

"နီမောင်ရယ်. . . နင့်စိတ်ထဲမှာ ဒီပကနဲ့ငါ့ကို တစ်မျိုးထင်နေတယ်ဆိုတာ ငါသိပါတယ် နင်ထင်သလိုလည်း မဟုတ်ပါဘူး၊ ဒါထက် မေးရဦးမယ်၊ နင်က ဒီပကနဲ့ ဘယ်လိုတွေ့ကြတာလဲ၊ သူ့အကြောင်းကိုရော ဘယ်လောက်သိသလဲဟင်"

ဟု မေးသောအခါ နီမောင်က ဒီပကနှင့် တွေ့ဆုံရသောအကြောင်းများကို ပြောပြလိုက်သည်။

"ဒါဖြင့် ပထမ တွေ့တော့ သူက နင့်ကို တောက္ကဲပေါင်တစ်ဖက် ပေးလိုက်တယ်၊ နောက်တစ်ခါကျတော့ နင့်ဆီက ဝက်ဝံပေါင်တစ်ဖက် လာတောင်းသွားတာပဲ သိတာပေါ့"

"ဟုတ်တယ်"

"သူ တောက္ကဲကို ဘယ်လို ရအောင်ဖမ်းသလဲဆိုတာတော့ နင်သိသလား"

"ဟင့်အင်း. . . မသိဘူး"

"နင့်ကို ဝက်ဝံက တိုက်ခိုက်နေတဲ့အချိန်မှာ ဝက်ဝံကို နောက်ကနေ ချောက်ထဲ ရိုက်ချလိုက်တဲ့သူကိုရော နင်သိသလား"



www.burmeseclassic.com

www.burmeseclassic.com



တအံ့တသြဖြင့် ခေါင်းခါပြလိုက်သည်။

"ဒါဖြင့် ငါမေးမယ်၊ နေ့မြင်ညပျောက် မိစ္ဆာဂူပေါက်လို့ ဘာဖြစ်လို့ နာမည်ကြီးနေတာကိုတော့ နင်သိမှာပေါ့"

"သိပါတယ်. . . ဒီဂူပေါက်ဝတွေက နေ့အချိန်မှာ မြင် ရပြီး ညအချိန်ရောက်ရင် တစ်ခါတစ်ရံ ပိတ်နေတတ်လို့ပါ"

"အဲဒါ ဘယ်သူ့လက်ချက်လို့ နင်ထင်သလဲဟင်"

"မိစ္ဆာတွေ လုပ်တာလားဟင်"

"မဟုတ်ပါဘူး. . . အဲဒါ ဒီပက လုပ်တာပါ"

နီမောင်က မျက်လုံးပြူးသွားလေသည်။

"ဒီလောက် ဂူပေါက်ဝတွေ အများကြီးရှိတာ သူက တစ် ယောက်တည်းနဲ့ ဘယ်လိုပိတ်တာလဲဟင်"

"နင်က ဒီပကို လူတစ်ယောက်လို့များ ထင်နေလို့လား"

"ဒါဖြင့် ဘာလဲဟင်"

"ဒီပက,က လူမဟုတ်ပါဘူး၊ လူယောင်ဖန်ဆင်းနိုင်တဲ့ သိုက်စောင့်မြွေကြီးတစ်ကောင်ပါ"

"ဟင်. . . ."

များစွာအံ့သြသွားလေသည်။

နီမောင်က မျက်လုံးအပြူးသားဖြင့် သရဖီကို ကြည့်နေ တော့ သူမက ဆက်ပြောပြသည်။

"ဟုတ်ပါတယ်. . . ဒီပက,က ဒီနေရာမှာ အမြဲနေတဲ့ သိုက်စောင့်မြွေကြီးတစ်ကောင်ပါ။ ငါတို့နဲ့ အတူတူ ပါလာတဲ့ မဟုတ်ပါဘူး၊ သူက ငါတို့အတွက် အမြဲအကူအညီပေးခဲ့ပါတယ်





နင့်ကိုလည်း သူ အကူအညီပေးခဲ့တယ်လေ"

"ဘယ်လိုအကူအညီပေးတာလဲဟင်"

"တောကျွဲကို မြွေဘဝနဲ့ ရအောင်ဖမ်းပြီး နင့်ကို လက် ဆောင်ပေးလိုက်တယ်၊ နင့်ကို ဝက်ဝံကြီး ရန်မူနေတုန်းကလည်း မြွေဘဝနဲ့ အမြီးနဲ့ရိုက်ချလို့ ဝက်ဝံကြီး ချောက်ထဲ ကျသွားခဲ့တာ"

ထိုသို့ပြောတော့မှ အဖြစ်အပျက်များကို တစ်ခုချင်း ပြန်စဉ်းစားကြည့်လေသည်။

တောကျွဲအသေကို တွေ့ရစဉ်က တောကျွဲလည်ပင်းမှာ ကြီးမားသော အစွယ်ရာနှစ်ပေါက်နှင့် ဇက်ကျိုးနေသည်ကို တွေ့ ခဲ့ရသည်။

ဝက်ဝံကြီး ပြုတ်ကျသွားစဉ်ကလည်း နောက်ဘက်မှ ရိုက်ချလိုက်သောအသံကြီးကို အတိုင်းသား ကြားလိုက်ရသည်။

ထိုအချက်များကြောင့် သရဖီ ပြောနေသည်မှာ ဖြစ်နိုင် စရာ ရှိပေသည်။

"သူက သေနတ်ဒဏ်ရာ ဘယ်လိုရသွားတာလဲဟင်"

"ဟိုတစ်နေ့က သူ့ကိုယ်လုံးကြီးနဲ့ ဂူပေါက်ဝတွေကို ပိတ်ထားတယ်လေ၊ ညအချိန်ရောက်ရင် လူတွေ အနားမကပ် ဝံ့အောင် ဂူပေါက်ဝတွေကို သူ့ကိုယ်လုံးနဲ့ ပိတ်ထားလေ့ရှိတယ်၊ အဲဒီအချိန်မှာ ဟိုလူတွေက သေနတ်နဲ့ ပစ်လိုက်လို့ သူ့ကိုယ် ပေါ်မှာ ဒဏ်ရာရသွားတာပဲ"

ဟု ရှင်းပြလေတော့မှ အားလုံးရှင်းသွားလေတော့ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် အခု ငါတို့က ဘယ်လိုအကူအညီပေးရမှာလဲ"

"ငါတို့နဲ့ တိုက်တဲ့လူတွေက သူတို့ရွာကို ပြန်သွားကြတယ်၊ ဒီတစ်ခါ ပြန်လာရင် လူတွေရော လက်နက်တွေပါ ပါလာကြလိမ့်မယ်၊ ငါတို့မှာ ရှိတဲ့လူတွေနဲ့တော့ တားဆီးလို့ နိုင်မှာမဟုတ်ဘူး၊ အဲဒါကို နင်တို့ဝင်ပြီး အကူအညီပေးရင်တော့ ပိုကောင်းမယ်လို့ ထင်တယ်"

"စိတ်မပူပါနဲ့. . . မတရားတဲ့ကိစ္စကိုတော့ ငါတို့ ဝင်ပြီး အကူအညီပေးပါ့မယ်၊ ဒီတော့ ငါ ရွာပြန်ပြီး လက်နက်တွေ ယူဖို့နဲ့ အကူအညီပေးမယ့်သူတွေ ပြန်ခေါ်ရင် ကောင်းမယ်"

ဟုပြောရင်း သရဖီကလည်း ထိုအစီအစဉ်ကို သဘောတူလေသည်။







## အခန်း (၁၄)

## အချစ်ဖြင့် တွေ့ရသောချစ်သူ

တစ်ညတွင် ဂူးဘားရွာမှာရှိသော ဒေါ်မင်းဇာနေအိမ်သို့ အဝတ်မည်းကြီးများ ခြုံ၍ ရုပ်ဖျက်ထားသော လူသုံးယောက်တို့ ရောက်လာကြသည်။

၎င်းတို့သည် တစ်ကိုယ်လုံး အဝတ်မည်းကြီးများ ဝတ်ဆင်ထားကြရုံမကဘဲ ဦးခေါင်းမှာလည်း ခမောက်များ ဆောင်းထားကြလေသည်။

သူတို့သည် ခြံပေါက်ဝ ရောက်သောအခါ အဆောင့်ကို

www.burmeseclassic.com



အကျိုးအကြောင်း ပြောပြကာ အတွင်းသို့ ဝင်သွားကြသည်။

အိမ်ကြီးရှိရာသို့ ရောက်သောအခါ ဒေါ်မင်းဇာက အိမ်ပေါ်မှ အောက်သို့ ဆင်းလာသည်။

"ဘယ်သူတွေလဲ"

"ကျွန်တော့်နာမည် နီမောင်ပါ၊ နေ့မြင်ညပျောက်က လာခဲ့တာပါ"

ဟု ပြောပြရာ မှတ်မိသွားဟန်ဖြင့် ခေါင်းညိတ်ပြသည်။

"သရဖိန့် တွေ့ပြီးပြီမဟုတ်လား"

"ဟုတ်ကဲ့. . . တွေ့ပြီးပါပြီ"

"လူနာတွေရဲ့အခြေအနေကော ကောင်းသွားပြီလား"

"အသက်အန္တရာယ် မရှိတော့ပါဘူး၊ ဆေးကုပေးထားလို့ သက်သာနေကြပါပြီ"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

"ကျွန်တော့်တုန်းကလည်း အဖွားတို့က အကူအညီပေးခဲ့တာပဲ၊ အခုလို အကူအညီပေးခွင့်ရတာကိုပဲ ကျွန်တော်တို့ ဝမ်းသာနေကြတာပါ"

"မင်းက ငါထင်ထားတာထက်တောင်မှ ပိုပြီးတော်နေပါသေးလား၊ အခု အခြေအနေ ဘယ်လိုရှိသလဲ"

"သူတို့ နောက်တစ်ခေါက် ရောက်မလာခင် ကြိုတင်ပြင်ဆင်မှုတွေ လုပ်နေကြပါတယ်"

"ကောင်းတယ်. . . အခုဆိုရင် မင်းတို့လည်း ငါတို့အကြောင်းတွေကို သိတန်သလောက် သိပြီးရောပေါ့၊ ဒီရတနာတွေ





က ငါတို့အရှင်သခင်တွေရဲ့ပစ္စည်းတွေ ဖြစ်လေတော့ မသမာတဲ့ သူတွေလက်ထဲကို အပ်မခံနိုင်ဘူး၊ ဒါကြောင့် တတ်နိုင်သမျှ ကာကွယ်စောင့်ရှောက်ပေးကြရမယ်"

"အခု မန်စေရွာက ယုံကြည်စိတ်ချရတဲ့ လူအချို့တော့ လွှတ်လိုက်ပါပြီ၊ ဒီရွာကနေ နောက်ထပ် လူနဲ့လက်နက်တွေ ထပ်ရမလားလို့ လာတာပါ"

"ရနိုင်ပါတယ်. . . ရွာလယ်မှာ ရှိတဲ့ ဆာတေးဆီကို သွားလိုက်ပါ၊ သူ အားလုံးစီစဉ်ပေးပါလိမ့်မယ်"

ထိုစကားကြောင့် နီမောင်မှာ အံ့သြသွားလေသည်။

"မင်း အံ့သြသွားသလား၊ ဆာတေးက ငါတို့ ယုံကြည်အားကိုးရတဲ့ လူတစ်ယောက်ပါပဲ၊ သူ့ဆီရောက်ရင် မဟူရာဆိုတဲ့ စကားဝှက်ကိုပြောပြီး ငါလွှတ်လိုက်တယ်လို့ ပြောပြလိုက်ပါ"

ဟု မှာလိုက်သဖြင့် သုံးယောက်သား ဒေါ်မင်းဇာကို နှုတ်ဆက်ပြီးနောက် ရွာထဲသို့ ပြန်ထွက်ခဲ့ကြလေသည်။ ညဦးနက်ပိုင်းအချိန် ရောက်နေပြီဖြစ်သောကြောင့် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေသည်။ နှင်းမှုန်များ တဖွဲဖွဲ ကျနေပြီး အအေးဓာတ်ကလည်း များနေသည်။

ဒီလို ရာသီဥတုဆိုးပြီး မှောင်မိုက်သောအချိန်မျိုးတွင် တော်ရုံအရေးကြီးသော အကြောင်းကိစ္စ မရှိဘဲနှင့်တော့ အပြင်သို့ မသွားလာကြပေ။

သုံးယောက်သား နှင်းမှုန်များကြားမှ ခပ်သုတ်သုတ် သွားကြရာ သူဌေးဆာတေး ခြံဝန်းရှေ့သို့ ရောက်သွားကြလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ သူတို့ ခြံဝန်းပေါက်ဝရောက်တော့ အတွင်းမှ စူးစူးဝါးဝါး ခွေးဟောင်သံများ ပေါ်ထွက်လာပြီး အိမ်အောက်မှ လူတစ်ယောက် ထွက်လာပြီး မေးသည်။

"အချိန်မတော်ကြီးမှ ဘယ်သူတွေလဲ"

"မဟူရာပါ"

ထိုစကားကြားသောအခါ အနားရောက်အောင် လျှောက်လာပြီး ထပ်မေးသည်။

"ဘယ်သူလွှတ်လိုက်တာလဲ"

"ဒေါ်မင်းဇာ"

ထိုအခါမှ ခြံတံခါးကို ဖွင့်ပေးပြီး အတွင်းသို့ ခေါ်သွားလေသည်။ အတွင်းဘက်မှာတော့ လေကွယ်မိုးကွယ်ရှိပြီး မီးဖိုတစ်ခု ဖိုထားသောကြောင့် အနွေးဓာတ်ရနေသဖြင့် အတန်အသင့် သက်သာရာ ရသွားလေသည်။ မီးဖိုနံဘေးရောက်တော့မှ ဦးခေါင်းပေါ်မှ နှင်းများ တင်နေသော ခမောက်များကို ချွတ်ပြီး ခါချရသည်။

မကြာခင်မှာ သူတို့ရှိရာသို့ သူဌေးဆာတေး ရောက်လာသည်။ မီးပုံနံဘေးမှာ ထိုင်နေသည့် နီမောင်ကို မြင်သောအခါ အံ့ဩသွားဟန်ရှိလေသည်။

"အလို့. . . မင်းပါလား"

နီမောင်က ခေါင်းညိတ်ပြပြီးနောက် အခြေအနေနှင့် လာရင်းကိစ္စကို ပြောပြလိုက်သည်။

"ဒါထက် မင်းတို့က ဒီအဖွဲ့ထဲကို ဘယ်လိုရောက်လာ





တာလဲ"

ဟု တအံ့တဩ မေးသည်။

"ကျွန်တော်က ဒီပကရဲ့သူငယ်ချင်းပါ"

"ဟင်. . ."

ဒီပကဆိုသောအမည်ကို ကြားသောအခါမှ ဆာတေးမှာ ပိုပြီးအံ့ဩသွားဟန်ရှိသည်။

"ဒီ. . ဒီပကနဲ့ မိတ်ဆွေတွေ ဟုတ်လား"

"ဟုတ်ပါတယ်. . . အခု သူ ဒဏ်ရာရထားလို့ ကျွန်တော်တို့ ဆေးကုပေးနေရပါတယ်"

ထိုသို့ပြောတော့မှ ယုံကြည်စိတ်ချသွားဟန်ရှိသည်။

"ဟိုက အခြေအနေတွေကို ငါသိတန်သလောက် သိရပြီးပါပြီ"

"ဘယ်လိုသိတာလဲ"

"သဏ္ဍန်နဲ့ငါ့လူတွေ ထည့်ပေးလိုက်တယ်၊ ဟိုမှာ တိုက်ပွဲဖြစ်တော့ သူတို့က ဒီကိုပြန်ပြေးလာကြတယ်၊ ဒါကြောင့် သိတန်သလောက် သိရတာပါ၊ ဒါကြောင့် ဒီမှာ လက်နက်နဲ့လူတွေ စုတန်သလောက် စုထားပြီးပါပြီ"

ထိုစကားကြောင့် နီမောင်စိတ်ထဲမှာ ဝမ်းသာသွားမိလေသည်။

"ဒါဖြင့် ဘယ်တော့ ခရီးထွက်ရင် ရမလဲ"

"ချက်ချင်းတော့ မရသေးဘူး၊ မိုးလင်းတာနဲ့ စီစဉ်စရာရှိတာ စီစဉ်ပြီး မနက်ဖြန်ညဆိုရင် ခရီးထွက်ရင် ရနိုင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဒါဖြင့် ကျွန်တော်တို့က ဘယ်နေရာက စောင့်ရမလဲ”

“ဒီမှာပဲစောင့်တာ ပိုကောင်းတယ်၊ ဟိုနောက်မှာ နွားစာထည့်ထားတဲ့ တဲတွေရှိတယ်၊ အဲဒီမှာ ပုန်းနေတာ ပိုကောင်းတယ်၊ အခုအချိန်မှာ ငါတို့ကိစ္စတွေကို ဘယ်သူမှ မသိတာ ပိုကောင်းတယ်၊ မင်းတို့ကိုလည်း လူတွေ့ခံလို့ မကောင်းဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီပတ်ဝန်းကျင်မှာ သူတို့လူတွေ မရှိဘူးလို့ မပြောနိုင်ဘူး”

ဟု ပြောပြသည်။

“အဲဒီနေရာကရော စိတ်ချရပါ့မလား”

“စိတ်ချရပါတယ်. . . တကယ်လို့ အရေးအကြောင်းပေါ်လာရင် အနောက်ဘက် တောထဲကို ထွက်သွားလို့ရတယ်၊ မင်းတို့ စားသောက်ဖို့အတွက် ငါ့သမီး ဟေမာကို စီစဉ်ခိုင်းပေးပါ့မယ်၊ မင်း သူနဲ့တွေ့ချင်တဲ့ဆန္ဒရော ရှိသေးတယ် မဟုတ်လား”

ဟုမေးရာ နီမောင်မှာ မည်သို့ပြန်ပြောရမှန်း မသိအောင် ဖြစ်သွားလေတော့သည်။

ထို့နောက်မှာတော့ ဆာတေးကိုယ်တိုင် နီမောင်တို့ နားခိုရမည့်နေရာသို့ လိုက်ပို့ပေးသည်။

ထိုနေရာမှာ တောစပ်မှာ ဆောက်ထားသော တဲများဖြစ်ပြီး အတွင်းမှာ နွားစာအတွက် သိုလှောင်ထားသည့် မြက်ခြောက်နှင့် ပြောင်းရိုးခြောက်များ ရှိသည်။ ထိုနေရာမှာ လုံခြုံမှုရှိပြီး အနွေးဓာတ်လည်း ရနေသည်။ ဆာတေးက သူတို့ကို ပို့ပေးပြီး ခပ်သုတ်သုတ် ပြန်ထွက်သွားလေသည်။





ထိုအခါ နီမောင်က စိတ်ချလက်ချ မနေဘဲ ပတ်ဝန်းကျင်ကို လိုက်ကြည့်လေသည်။

ထိုနေရာမှာ ဆာတေးတို့ နေသောအိမ်နှင့် အတော်ကလေးဝေးပြီး အလယ်မှာ မြေကွက်လပ် ရှိသည်။

အနောက်ဘက်မှာတော့ နွားခြံများရှိပြီး အနောက်ဘက်မှာတော့ သစ်တောကြီးများ ရှိလေသည်။

“ဒီလူကြီးက စိတ်ချရပါ့မလား နီမောင်”

စောထီးက မေးသည်။

“ဟုတ်တယ် နီမောင်၊ ဒီလူကြီးက မင်းကို အမြဲတမ်းဒုက္ခပေးနေတာဆိုတော့ ဒီတစ်ခါလည်း အကောက်ကြံလိုက်ရင်ခက်မယ်၊ စိတ်ချလက်ချ နေလို့တော့ မဖြစ်ဘူးကွ”

ငမဲအောင်ကပါ ပြောသဖြင့် နီမောင်က ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

“သတိဝီရိယနဲ့ နေပြီး စောင့်ကြည့်နေရင်တော့ မမှားဘူးပေါ့”

“ဟုတ်တယ်. . အခြေအနေမဟန်ရင်တော့ အနောက်ဘက်တောထဲ ဝင်ပြီး ခြေရာဖျောက်သွားကြတာပေါ့ကွာ”

ဟု အချင်းချင်း ပြောဆိုတိုင်ပင်နေကြလေသည်။

အတန်ကြာတော့ နှင်းမှုန်ထဲမှ ဖြတ်ပြီး သူတို့ရှိရာဘက်သို့ လာနေလေသည်။ သူ့လက်ထဲမှာလည်း တစ်စုံတစ်ခုကို ယူလာသည်။

အပေါက်ဝ ရောက်တော့မှ ဦးခေါင်းပေါ်မှာ ခြုံလာ



www.burmeseclassic.com

www.burmeseclassic.com



သော ပုဝါကိုဖယ်ပြီး အသံပြုသည်။

"နီမောင်. . . နီမောင်"

"ဟင်. . . ဟေမာပါလား"

"ဒီမှာ အဖေက နင်တို့စားသောက်ဖို့ အစားအသောက်တွေ ပို့ခိုင်းလို့ ငါလာပို့ပေးတာ"

ဟုပြော၍ အတွင်းဝင်လာပြီး သူမ ယူလာသော အစားအသောက်တို့ကို ပေးသည်။

ဖန်ခါးရေပူပူ၊ ကောက်ညှင်းပေါင်းနှင့် အသားခြောက်များဝင်ဖြစ်သည်။

"အခုလို လာပို့ပေးတာ ကျေးဇူးတင်ပါတယ်ဟာ"

"ငါလည်း နင့်ကို အခုလို ပြန်တွေ့ရတာ သိပ်ဝမ်းသာတာပဲ၊ အဖေက ငါ့အိပ်နေတာကို လာနှိုးပြီး ပြောတာ၊ ယုံတောင်မယုံဘူး"

ထိုသို့ပြောနေစဉ် စောထီးနှင့် ငမဲအောင်က. .

"မင်းတို့အတွက် အစားအသောက်က ဒီလောက်အရေးကြီးမယ် မထင်ဘူး၊ ဒီတော့ ဟိုနောက်ဖက်မှာ သွားပြောကြပါလား၊ ငါတို့တော့ ဗိုက်ဆာနေလို့ စားတော့မယ်"

ဟု ပြောသဖြင့် နီမောင်နှင့် ဟေမာတို့က အနောက်ဘက်သို့ ထွက်လာကြသည်။

ထိုနေရာမှာ မြက်ခြောက်များ ပုံထားသဖြင့် အနွေးဓာတ် ရနေလေသည်။

"နီမောင်. . . နင် ငါ့ကို စိတ်နာနေတယ် မဟုတ်လား





ဘင်"

"ငါက နင့်အပေါ်မှာ ဘာကြောင့် စိတ်နာရမှာလဲ"

"ဟိုတလောက အဖေလုပ်ခဲ့တာတွေကို ငါတောင်းပန်ပါတယ်၊ အဲဒီတုန်းကဆိုရင် နင် တစ်ခုခု ဖြစ်သွားမှာကို စိုးရိမ်သောက ရောက်လိုက်ရတာ မပြောပါနဲ့တော့၊ အခုမှပဲ. . ."

"နင်က ငါ့အတွက် ဘာကြောင့် စိုးရိမ်သောက ရောက်တာလဲ ပြောပါဦး"

"အို. . . ဒါကတော့ ဘယ်သိမှာလဲ၊ ကိုယ့်ဘာသာ စဉ်းစားကြည့်ပါလား"

ထိုအခါ နီမောင်က ပြုံးပြီး သူမလက်ကလေးတစ်ဖက်ကို ဆုပ်ကိုင်ထားလိုက်သည်။

"ငါ နင့်ရဲ့အဖေအပေါ်မှာ ဘယ်လိုမှ သဘောမထားဘူး၊ သူ့သမီးအပေါ် မေတ္တာရှိနေမှန်းသိလို့ စမ်းသပ်ကြည့်တယ်လို့ သဘောထားပါတယ်"

"အောင်မာ. . . ဘာမှလည်း မဖြစ်သေးဘဲနဲ့ ပိုင်စိုးပိုင်နင်း ပြောနေတယ်"

"ဘာမှ မဖြစ်သေးကြပေမယ့် ငါချစ်နေတာကိုတော့ သိနေတယ် မဟုတ်လား"

"မပြောဘဲနဲ့ ဘယ်လိုသိမှာလဲ"

"ဒီလိုဆိုရင်လည်း ပြောလက်စနဲ့ပဲ တစ်လက်စတည်း ပြောလိုက်ပါမယ်၊ ငါ နင့်အပေါ်မှာ ချစ်နေတာ ကြာပါပြီ၊ ငါ့ချစ်တို့ လက်ခံပေးဖို့ ခွင့်ပန်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကရော တကယ်ပြောနေတဲ့စကားလား"

"ရင်ထဲမှာ အမြဲတမ်း သိမ်းထားတဲ့စကားပါ"

"ဒီလိုသိရပြီဆိုတော့လည်း ငါ့ဘက်က စဉ်းစားပေးရ
ပေါ့"

"ဟင်. . . အခုမှ စဉ်းစားတဲ့အဆင့်ပဲ ရှိသေးသလာ

"အခုပြော အခုချက်ချင်း အဖြေပေးလို့ ဖြစ်မှာလ
ဒီလိုပဲ မိန်းကလေးတို့ ထုံးစံအတိုင်းတော့ စဉ်းစားရဦးမှာပေ

ဟု ပြောရာ နီမောင်မှာ မချင့်မရဲ ဖြစ်သွားသောကြေ
ကိုင်ထားသောလက်ကို ဆွဲလိုက်ရာ ဟေမာကိုယ်ကလေး
ယိုင်ကျလာသည်။

ထိုအခါ နီမောင်က ဖက်ပြီး ရင်ခွင်ထဲမှာ ထည့်ထ
လိုက်သည်။

"အို. . . ဘယ်လိုလုပ်တာလဲ"

"နင် စဉ်းစားရင်လည်း ရင်ခွင်ထဲမှာပဲ အေးအေးဆေ
ဆေး စဉ်းစားပေတော့"

"ဒါမျိုးကျတော့ လက်ကလည်း သွက်လိုက်တာ၊ ဒီ
ဘာမှတောင် မပြောရသေးဘဲနဲ့"

"ယောက္ခမလောင်းကတောင်မှ မင်း သူနဲ့ တွေ့
တယ် မဟုတ်လားဆိုပြီး အိပ်ယာက နှိုးလွှတ်လိုက်မှတော့
ထက်သေချာတာ ဘာများရှိသေးလို့လဲ"

နီမောင်စကားကြားသောအခါ ဟေမာက မျက်စေ
တစ်ချက်ထိုးပြီး ပြုံးနေလေသည်။





ယခုတော့ မမျှော်လင့်ဘဲ ချစ်သူကို ချစ်ခွင့်ရလိုက်သော
နီမောင့်အတွက်ကတော့ ရှေးကဖြစ်ပျက်ခဲ့သော အရာအားလုံး
ကို မေ့ကာ ပျော်နေတော့သည်။

နောက်တစ်နေ့ နံနက်ပိုင်းအချိန်မှာတော့ ဆာတေး
တစ်ယောက် အလုပ်ရှုပ်နေလေသည်။

ထိုအချိန်မှာပင် သက္ကတို့ ရောက်လာကြသည်။

သူ့နောက်မှာ လူလေးယောက်ပါလာပြီး မြင်းများဖြင့်
ရောက်လာကြခြင်းဖြစ်သည်။

"ဩော်. . . သက္ကတို့ပါလား၊ အရင်တစ်ခေါက်က ခရီး
ထွက်သွားကြတာ အဆင်ပြေရဲ့လား"

သက္ကက မြင်းပေါ်မှ ဆင်းလာပြီး ကွပ်ပျစ်ပေါ်မှာ ဝင်
ထိုင်ပြီး ပြောသည်။

"ခင်ဗျားထည့်ပေးလိုက်တဲ့လူတွေက အတော့်ကို အား
ကိုးရတယ်"

"ဘာ်ဖြစ်လို့လဲ"

"အရေးအကြောင်းလည်း ပေါ်ရော ဘယ်ပျောက်ကုန်
မှန်း မသိတော့ဘူး၊ အားလုံး ကြက်ပျောက်ငှက်ပျောက်
ပျောက်သွားကြတယ်"

ဟု မကျေမနပ်ဖြင့် ပြောလေသည်။

"အခုရော ဘယ်လိုကိစ္စရှိလို့ လာကြတာလဲ"

"ကျွန်တော်တို့ ဒီတစ်ခေါက် ခရီးထွက်ရင် လူနဲ့လက်
နက်တွေ လိုချင်တယ်. . . အကူအညီပေးပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူဌေးဆာတေးက အတန်ကြာအောင် စဉ်းစားပြီး
အကြံထုတ်နေလေသည်။

ပြီးမှာ. . .

"လူကတော့ သိပ်မရှိဘူး၊ ဒါပေမယ့် မင်းတို့ လိုရင်တော့
ရသလောက် စုပေးလိုက်ပါ့မယ်"

"ကောင်းပါပြီ. . ကျွန်တော်တို့ အောင်မြင်ရင် ခင်ဗျာ
အတွက်လည်း မနစ်နာရအောင် ပေးပါ့မယ်"

သူဌေးဆာတေးက ဘာမှ ပြန်မပြောပေ။

ထို့နောက်မှာတော့ သက္ကက မည်သည့်နေ့ရက်တွ
လာခဲ့မည်ဖြစ်ကြောင်း ပြောကာ ပြန်သွားကြလေတော့သည်

သက္ကတို့ရောက်လာကတည်းက အနောက်ဘက်
လှမ်းမြင်နေရသော နီမောင်တို့မှာလည်း ယခုမှာပင် သက်ပြင်း
နိုင်ကြတော့သည်။

အဆင်သင့် ပြင်ထားသော လက်နက်များကိုလည်း ပြ
ချထားလိုက်ကြသည်။

ထိုအချိန်မှာပင် သူတို့ရှိရာသို့ သူဌေးဆာတေး ရော
လာပြီးနောက် ပြုလုပ်မည့် အစီအစဉ်များအား အသေးစိ
ပြောပြကာ တိုင်ပင်ဆွေးနွေးကြလေသည်။









# အခန်း (၁၅)

# လောဘသားတို့၏ နောက်ဆုံးလမ်းများ

ထိုအဖြစ်အပျက်များဖြစ်ပြီး နောက်တစ်ပတ်ခန့် ကြာသော် မိစ္ဆာဂူပေါက်ဝများ ရှိသောနေရာသို့ နာရသန်နှင့် သက္ကတို့ ခေါင်းဆောင်သော လူတစ်စု ရောက်လာကြသည်။

အတော်များများမှာ ကုလားလူမျိုးများ ဖြစ်ကြပြီး သက္က ခေါ်လာသော လူအချို့လည်း ပါလာသည်။

ထို့ပြင် သူဌေးဆာတေး ထည့်ပေးလိုက်သည့်လူများ လည်း ပါလာသည်။

www.burmeseclassic.com

ဒီတစ်ကြိမ်မှာတော့ လူအင်အား များသည့်အပြင် လက်နက်များလည်း အတော်စုံသည်။ သူတို့သည် ယခင်တစ်ခေါက်ရောက်ခဲ့ပြီးဖြစ်သောကြောင့် ထိုနေရာရောက်အောင် အခက်အခဲမရှိ ရောက်အောင်လာနိုင်ကြသည်။

ဂူပေါက်ဝနှင့် နီးသောအခါ ယခင်တစ်ပတ်က ဂူအတွင်းဝင်ပြီး စခန်းချရာ၌ အန္တရာယ်များနှင့် တွေ့ရသောကြောင့် ယခုတစ်ပတ်မှာတော့ ဂူပေါက်ဝများနှင့် မနီးမဝေးနေရာမှာ စခန်းချကြသည်။

လေကွယ်သော ကျောက်နံ့ယံနံဘေးမှာ မီးပုံကြီးများ ဖိုထားကြသည်။

မီးပုံကြီးများရှိလျှင် အလင်းရောင်နှင့် အနွေးဓာတ်များရသည့်အပြင် အလင်းရောင်ကြောက်သော မိစ္ဆာများလည်း အနားသို့ မလာဝံ့ကြသဖြင့် ထိုကဲ့သို့ မီးပုံကြီးများ နှစ်ဖိုသုံးဖို ဖိုထားကြခြင်းဖြစ်သည်။

ယခင်တစ်ပတ် လာရောက်စဉ်က အန္တရာယ်များနှင့် တွေ့ရသဖြင့် ဒီတစ်ပတ်တော့ မည်သူမျှ မအိပ်ဝံ့ဘဲ စကားပြောရင်းဖြင့် ထိုင်စောင့်ကြသည်။

"ကျွန်တော်တို့ ဘယ်လိုလုပ်ကြမလဲ ဆရာကြီး"

"မနက်လင်းတော့မှ ဂူထဲ ဝင်ကြမယ်လေ၊ ဒီတစ်ပတ်ကတော့ လူတွေကလည်းများ၊ လက်နက်တွေကလည်း တောင့်တော့ ပူစရာမရှိပါဘူး"

"ဒါပေမယ့် အရင်တစ်ပတ်ကလို လက်တံရှည်ကြီးတွေနဲ့





လာဆွဲတဲ့ မိစ္ဆာကောင်တွေနဲ့ အမှောင်ထဲမှာ လာတိုက်ကြတဲ့ မည်းမည်းလူတွေကိုတော့ သတိထားကြရမယ်"

"ဒီတစ်ခါတော့ လာဝံ့ကြတော့မယ် မထင်ပါဘူး၊ ဒီတစ်ခါ ငါခေါ်လာတဲ့လူတွေက လက်ရွေးစင်တွေချည်းပဲ"

ထိုကဲ့သို့ပြောသောအခါ သက္ကမှာ အားရှိသွားလေသည်။

"ဒီတစ်ခါတော့ ကျွန်တော်တို့ အကြံအစည် အောင်မြင်နိုင်ပါလိမ့်မယ်"

"အောင်မြင်မှာပါ. . . ဒီဂူထဲမှာ ရတနာပစ္စည်းတွေ ရှိနေတယ်ဆိုတာ သိနေမှပဲ"

"ဒါပေမယ့် အရင်တစ်ပတ်က ကျွန်တော်တို့ကို ဝင်တိုက်တာ ဘယ်သူတွေလဲ မသိဘူး၊ ရတနာပစ္စည်းတွေနဲ့ ပတ်သက်တဲ့လူတွေများလား မသိဘူး"

"မဖြစ်နိုင်ပါဘူး. . . ငါတို့နဲ့ တိုက်ခိုက်ခဲ့တဲ့လူတွေက ရှိတော့မယ် မထင်ပါဘူး၊ ရှိရင်လည်း ဒီတစ်ခါ လာရင်တော့ တစ်ယောက်မကျန် အသေသတ်ပစ်ရုံပဲ ရှိတာပေါ့"

ဟု ပြောဆိုနေကြသည်။

အချိန်ကလည်း တဖြည်းဖြည်းနှင့် ညဥ့်နက်ပိုင်းအချိန်သို့ ရောက်လာချေပြီ။ ပတ်ဝန်းကျင်တစ်ခုလုံးမှာ နှင်းကျသံများမှလွဲပြီး အခြားအသံများ တိတ်ဆိတ်ငြိမ်သက်နေသည်။

၎င်းတို့တစ်ဖွဲ့လုံးမှာ လက်ဖက်ရည်ခါးခါး သောက်သူသောက်၊ အရက်သောက်သူသောက်နှင့် တစ်ယောက်မှ မအိပ်



www.burmeseclassic.com

www.burmeseclassic.com



ကြဘဲ စကားပြောရင်း စောင့်ကြလေသည်။ ညဉ့်နက်ပိုင်းအချိန် ရောက်သောအခါ မိစ္ဆာဂူပေါက်များအတွင်းမှ ရွှေ့လျားလာသော အသံအချို့ကို ကြားလာရသည်။

ယခင်တစ်ခေါက်လာစဉ်က ထိုကဲ့သို့သောအသံများ ကြားရပြီးနောက်တွင် လက်တံရှည်ကြီးများ၏ လာရောက်ဆွဲယူသွားခြင်းကြောင့် လူတစ်ယောက်နှင့် လားတစ်ကောင် ပါသွားသည်ကို သတိရကြသဖြင့် အသံကြားရာဘက်သို့ ဂရုစိုက်ပြီး ကြည့်နေကြသည်။

သို့တိုင်အောင် အတန်ကြာသည်အထိ ဂူအတွင်းမှ မည်သည့်သတ္တဝါမှ ထွက်မလာပေ။

ထိုသတ္တဝါများမှာ မီးနှင့် အလင်းရောင်ကို ကြောက်ကြလေရာ မီးပုံကြီးများ ဖိုထားသဖြင့် အပြင်သို့ ထွက်မလာကြခြင်းလည်း ဖြစ်ပေမည်။

ထိုအခိုက်မှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုက ပေါ်လာတော့သည်။

မီးပုံကြီးများကိုလည်း တောင်နံယံ နံဘေးမှာပင် ဖိုထားခြင်းဖြစ်ရာ အပေါ်မှ ရေများကျလာပြီးနောက် မီးပုံများ တစ်ပုံပြီး တစ်ပုံ မီးငြိမ်းသွားတော့သည်။

"ဝုန်း . . . ဝုန်း . . . ဝုန်း"

"ဟာ . . . ဘယ်က ရေတွေ ကျလာတာလဲဟ"

"မီဖိုတွေ မီးငြိမ်းကုန်ပြီ . . . ဘယ်လိုလုပ်ကြမလဲ"

မီးငြိမ်းသွားသဖြင့် ပတ်ဝန်းကျင်မှာ မှောင်သွားလေ





တော့သည်။

ထိုနှင့် မရှေးမနှောင်းမှာပင် ဂူပေါက်ဝများထဲမှ လက်တံရှည်ကြီးများ ထွက်လာပြီး အမှောင်ထဲမှ လူများကို လာရောက်ဆွဲလေတော့သည်။

သေမင်းတမန် ပြဒါးစုန်းများ ထွက်လာကြပြီ။

"လက်တံရှည်တွေ ထွက်လာပြီတော့ . . သတိထားကြ"

"မီးရောင်ရအောင် မြန်မြန်လုပ်ကြ ဒီမီးတောင်တွေက အလင်းရောင် ကြောက်တယ်"

ထိုသို့ပြောနေရင်းမှာပင် လက်တံရှည်များက ဆွဲယူသွားသောကြောင့် တစ်ယောက်နှစ်ယောက် ပါသွားသေးပြီ အချို့ကလည်း ဘာမှန်းမသိသဖြင့် ဓားဖြင့် ခုတ်သူတခုတ် သေနတ်ဖြင့် ပစ်သူကပစ်နှင့် ဆူညံနေတော့သည်။

ထိုအခြေအနေမှာပင် မီးရောင်ရအောင် ကြိုးစားသူက ကြိုးစားကြရာ အတန်ကြာတော့ မီးတောက်များ ရလာလေသည်။

အလင်းရောင် ရလာသည်နှင့် လက်တံရှည်ကြီးများက ဂူပေါက်အတွင်းသို့ လျှောခနဲ လျှောခနဲ ပြန်ဝင်သွားကြလေရာ ခဏကြာတော့ အပြင်မှာ ဘာမှမတွေ့ရတော့ပေ။ သို့သော်လည်း သူတို့လူ နှစ်ယောက်သုံးယောက်ကတော့ ပါသွားပြန်လေသည်။

"ဘယ်လိုသတ္တဝါကြီးတွေလဲ . . သေနတ်နဲ့ပစ်လည်း မရ၊ ဓားနဲ့ ခုတ်လို့လည်း မပြတ်နဲ့ . . ကြောက်စရာကောင်းလိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ”

“ဟုတ်ပါရဲ့. . . မားနဲ့ခုတ်လို့ ပြတ်သွားရင်လည်း ချက်ချင်းပဲ ပြန်ဆက်ကြတယ်”

“ဒီကောင်ကြီးတွေက အလင်းရောင်တော့ အတော်ကြောက်တယ်၊ အလင်းရောင်ရှိရင် မလာဝံ့ကြဘူး၊ ဒါထက် စောစောက အပေါ်က ရေတွေက ကျလာတာတော့ အတော်ထူးဆန်းတယ်၊ တစ်ယောက်ယောက်များ လောင်းချလိုက်တာများလား”

“ဒီလိုတော့ ဟုတ်မယ် မထင်ပါဘူး”

“ဒါဖြင့် ဒီရေတွေက ဘယ်က ကျလာတာလဲ”

“ရေခဲတွေ အရည်ပျော်ကျလာတာ ဖြစ်မှာပေါ့”

ထိုစကားမှာ ဖြစ်နိုင်ခြေ ရှိသောကြောင့် ထိုအကြောင်းကို ထပ်မပြောကြတော့ပေ။

မီးပုံများကို မပြတ်ထည့်ထားပြီး ဂရုတစိုက် နေကြသဖြင့် နောက်ထပ်တော့ ဘာမှ ထူးထူးခြားခြား မတွေ့ကြရပေ။

နောက်တစ်နေ့ အလင်းရောင် ရသောအခါ လက်နက်များကို အဆင်သင့် ပြင်ဆင်ကြပြီးနောက် ဂူအတွင်းသို့ ဝင်ရန် ပြင်ကြလေသည်။

“အရင်တစ်ခေါက်ရောက်တုန်းက ညဘက်မှာ ဂူပေါက်ဝပိတ်နေလို့ ငါ သေနတ်နဲ့ ပစ်လိုက်သေးတယ်၊ ဒီတစ်ခေါက်ရောက်တော့ ပိတ်တာမတွေ့ရတော့ဘူး”

ဟု နာရသန်က ပြောသည်။





ထို့နောက်မှာတော့ နာရသန်နှင့် သက္ကတို့က ဦးဆောင်ပြီး ဂူပေါက်ဝတစ်ခုမှ အတွင်းသို့ ဝင်ကြလေသည်။ ဂူပေါက်ဝများမှာ အပြင်ဘက်၌သာ များနေသော်လည်း အတွင်းပိုင်းရောက်သောအခါ တစ်နေရာမဟုတ် တစ်နေရာ၌ သွားဆုံနေတတ်လေသည်။

သို့ကြောင့် ယခင်တစ်ကြိမ် တွေ့ခဲ့ရသော ပြဒါးစုန်းများရှိသောနေရာဘက်မှ ရှောင်ပြီး အတွင်းသို့ ဝင်ကြလေသည်။

ဂူကြီးတစ်ခုလုံးမှာ တိတ်ဆိတ်ငြိမ်သက်နေသည်။ အပေါ်ဘက်မှာရှိသော ဂူပေါက်ဝများမှ အလင်းရောင်များ တစွန်းတစ ကျနေသောကြောင့် အတန်အသင့် မြင်နိုင်သော အခြေအနေ ရှိသည်။

အပေါ်ဘက်မှ ထိုးကျနေသော အလင်းရောင်များက ဆလိုက်မီးရောင်ကဲ့သို့ ထိုးကျနေကြလေသည်။ အားလုံး လက်နက်များကို အသင့်ကိုင်ပြီး သတိဖြင့်ဝင်ခဲ့ရာ အတွင်းသို့ ရောက်ခဲ့ကြသည်။

ထိုအချိန်တွင် သူတို့အနောက်ဘက်မှ ရွေ့လျားသွားသောအသံကြီးကို ကြားရသည်။

မြေပေါ်မှာရှိသော ကျောက်တုံးကျောက်ခဲများအပေါ်မှ ပွတ်တိုက်ရွေ့လျားသွားသည့် အသံမျိုးဖြစ်သည်။ အသံကြားရာသို့ ကြည့်ပြန်တော့လည်း ဘာမှမတွေ့ရပေ။ တစ်နေရာရောက်တော့ ကျောက်သေတ္တာကြီးကို တွေ့ရသည်။ ထိုနေရာတစ်ဝိုက်မှာလည်း ကျောက်နံရံနှင့် ကျောက်စင်များပေါ်မှာ တင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော အရိုးစုများကို တွေ့ကြရလေသည်။

ထိုကျောက်သေတ္တာကြီးမှာ ယခင်တစ်ကြိမ် တွေ့ခဲ့သော ကျောက်သေတ္တာကြီးပင်ဖြစ်သောကြောင့် ဖွင့်မကြည့်ကြတော့ပေ။

ယခင်တစ်ခေါက် ရောက်ခဲ့စဉ်က ထိုကျောက်သေတ္တာကြီးအနီးတွင် ဓားလှံလက်နက်များကို တွေ့ခဲ့ရသော်လည်း ယခုမရှိတော့ပေ။

"အံ့ရင်တစ်ခေါက် ဝင်လာတုန်းက ဒီနေရာမှာ ဓားလှံတွေကို တွေ့ခဲ့ရတယ်၊ အခု မရှိတော့ဘူး"

သဏ္ဍာက် ဇဝေဇဝါဖြင့် ပြောသည်။

သို့သော်လည်း ထိုအကြောင်းကို မတွေးနိုင်တော့ဘဲ ထိုနေရာမှ ရှေ့သို့ဆက်တက်လာကြလေသည်။ အတွင်းပိုင်းရောက်သောအခါ ကျောက်တုံးကျောက်ခဲများ အစီအရီ ရှိနေသည့်နေရာတစ်ခုသို့ ရောက်ခဲ့ကြသည်။

"ရှေ့မှာ ဂူပေါက်ဝတစ်ခု ရှိတယ်၊ အဲဒီဂူထဲမှာ ငါတို့ရှာနေတဲ့ ရတနာတွေ ရှိမှာသေချာတယ်"

ဟုပြောပြီး ကျဉ်းမြောင်းသောလမ်းအတိုင်း အပေါ်သို့တက်လာကြသည်။

ဂူပေါက်ဝ ရှိသောနေရာမှာ အပေါ်ပိုင်းမှာ ရှိသောကြောင့် လမ်းက အပေါ်သို့ တဖြည်းဖြည်း မြင့်တက်သွားလေသည်။

ထို့ပြင် ဘေးတစ်ဖက်တစ်ချက်တွင် ကျောက်နံရံများ





ရှိပြီး လူတစ်ယောက်နှစ်ယောက် သွားသာရုံ လမ်းကျဉ်းသောနေရာ ရောက်လာသောကြောင့် သတိဖြင့် တက်သွားကြလေသည်။

လမ်းတစ်ဝက်လောက်ရောက်တော့ မမျှော်လင့်သောအန္တရာယ်က ဆီးကြိုနေတော့သည်။

အပေါ်မှ ကျောက်လုံးကြီးများ လိမ့်ကျလာရာ နာရသန်တို့အဖွဲ့မှာ မရှောင်သာ မတိမ်းသာ ဖြစ်ကြရသည်။

"ကျောက်တုံးကြီးတွေ ကျလာပြီ၊ နောက်ပြန်ဆုတ်ကြနောက်ပြန်ဆုတ်ကြ"

ဟုအော်ပြီး လာလမ်းအတိုင်း ပြန်ပြေးကြသည်။ သို့သော်လည်း ရှေ့မှာရောက်နေသူအချို့မှာတော့ ကျောက်တုံးကြီးများအောက် ရောက်သွားကြသည်။

ထိုကဲ့သို့ လူများကို ကြိတ်မိသောကြောင့် လိမ့်ကျလာသော ကျောက်တုံးကြီးက တစ်ဝက်မှာတင် ရပ်တန့်သွားလေသည်။

သို့ကြောင့် နောက်မှာ ရှိနေသူများ အသက်ချမ်းသာရာရသွားပြီး နောက်သို့ ပြန်ပြေးနိုင်ကြသည်။ ကျောက်တုံးကျောက်ဆောင်များ ရှိသောနေရာ ပြန်ရောက်တော့မှ ကျောက်တုံးများနောက်မှ ထွက်လာသော မြားတံများဖြင့် တွေ့ရပြန်တော့သည်။

ထိုသို့တိုက်ခိုက်ခံရသောအခါ သေနတ်များဖြင့် ပစ်ခတ်တိုက်ခိုက်ကြသည်။

ထိုအခိုက်မှာပင် သူဌေးဆာတေး ထည့်ပေးလိုက်သော



www.burmeseclassic.com

www.burmeseclassic.com



လူများက ရှောင်ပြေးသွားကြလေသည်။

သူတို့ပစ်လိုက်သော သေနတ်ကျည်ဆန်များက ကျောက်တုံးများကိုသာ ထိမှန်သော်လည်း ကျောက်တုံးများနောက်မှ ထွက်လာသော မြားတံများကတော့ နာရသန်နှင့် ပါလာသူများကို ထိမှန်လေရာ တစ်ယောက်ပြီးတစ်ယောက် လဲကျသွားတော့သည်။

ထို့နောက်မှာတော့ ကျောက်တုံးများနောက်မှာ ပုန်းနေသူများထွက်လာပြီး ဝင်ရောက်တိုက်ခိုက်ကြလေသည်။

၎င်းတို့မှာ မျက်နှာများကို အဝတ်စည်းထားသောကြောင့် မည်သူမည်ဝါမှန်းတော့ မသိရပေ။ အနီးကပ် တိုက်ခိုက်ကြရာ သေနတ်များဖြင့် တိုက်ခိုက်ရသည်မှာ မထိရောက်ဘဲ ရှိနေသည်။

ထိုအခိုက်မှာပင် နာရသန်က လက်ပစ်ဗုံးဖြင့် ပစ်ရန် ပြင်လိုက်စဉ် တစ်နေရာကထွက်လာသော မြားချက်ထိပြီး လက်ပစ်ဗုံးက အောက်သို့ကျသွားတော့သည်။ ထိုအခြေအနေကြောင့် ဝင်ရောက်တိုက်ခိုက်သူများက ကျောက်တုံးများအနောက်သို့ ခုန်ဝင်သွားကြလေသည်။

ထိုအခိုက်မှာပင် လက်ပစ်ဗုံးက ပေါက်ကွဲလေရာ အခြေအနေမကောင်းမှန်းသိသည်နှင့် သက္ကနှင့် နာရသန်တို့က နောက်ကြောင်းပြန်လှည့်ပြေးကြရာ တစ်နေရာစီ ဖြစ်သွားလေသည်။

သက္ကမှာ ပြေးရင်းလွှားရင်းနှင့် တစ်နေရာ ရောက်တော့ လမ်းမှာပိတ်ရပ်နေသော လူတစ်ယောက်နှင့် တွေ့ရသည်။





မျက်နှာပေါ်မှ အဝတ်ကို ဖယ်လိုက်သောအခါမှ နီမောင်မှန်း သိရလေသည်။

နီမောင်လက်ထဲမှာ လေးနှင့်မြားကို အဆင်သင့် ကိုင်ထားလေသည်။

"အော်. . မင်းကို. . . ."

သက္ကက ပါလာသော လေးနှင့်မြားကို ပြင်ပြီး ပစ်သည်။ မြားတံက မျက်နှာဆီသို့ လာရာ နီမောင်က အသာငုံ့ပေးလိုက်ရာ ဦးခေါင်းမှာ စည်းထားသောပုဝါကို ဖောက်ထွက်သွားသည်။

ပြီးသည်နှင့် နီမောင်က ပစ်သည်။

ဒီတစ်ကြိမ်တော့ ပစ်မှတ်က မလွဲတော့ပေ။

မြားတံက သက္ကရင်ဝကို ဖောက်ထွက်သွားရာ တအိအိ လဲကျလေတော့သည်။

ထိုအချိန်တွင် နာရသန်က ဂူပေါက်ဝ ရောက်အောင် ပြေးလေသည်။

အပေါက်ဝရောက်တော့မှ အပြင်ထွက်စရာ အပေါက်ဝ ရှာမတွေ့ဘဲ ဖြစ်နေတော့သည်။

ဂူပေါက်ဝအားလုံး ပိတ်နေတော့သည်။ အဘယ်ကြောင့်ဆိုသော် ကြီးမားသော မြွေကြီးတစ်ကောင်က အလျားလိုက် အနေအထားဖြင့် ဂူပေါက်ဝများကို ပိတ်ထားသောကြောင့် ဖြစ်ပေသည်။

နာရသန်က ကြောက်လန့်တကြားဖြင့် ဂူပေါက်ဝ ပိတ်နေသောမြွေကြီးကို သေနတ်ဖြင့်ပစ်ရန် ပြင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခိုက်မှာပင် သူ့ခေါင်းပေါ်မှ မိုးထားသောမြွေကြီးက နာရသန်ကို ဆွဲယူသွားလေတော့သည်။

"အား. . . ."

ယခုတော့ လောဘသားတို့အတွက် နောက်ဆုံး အခြေအနေသို့ ရောက်သွားခဲ့ကြလေသည်။

ဂူအတွင်းပိုင်းမှာ ကျန်ခဲ့သော နာရသန်နှင့် သတ္တတို့ခေါ်လာသူများမှာလည်း ဂူအတွင်းမှ ထွက်လာသောလူများတိုက်ခိုက်မှုကြောင့် သေဆုံးသွားခဲ့ကြလေပြီ။ ယခုတော့ စောစောက ငရဲပွက်သံအလား ဆူညံနေသော ဂူအတွင်းမှာ မူလအတိုင်း ပြန်လည်ငြိမ်သက်သွားခဲ့ချေပြီ။

အရာအားလုံးသည် ပြီးဆုံးသွားခဲ့လေပြီတည်း။







# အခန်း(၁၆)



# နံ့သာမြိုင်အလွမ်း

ရန်သူများကို ရှင်းလင်းပြီးသောအခါ သရဖီက နီမောင်၊ ဦးပန်ကောင်း၊ စောထီး၊ ငမဲအောင်၊ ဖိုးပန်းခတို့အပြင် ယုံကြည်စိတ်ချရသောလူအချို့ကိုခေါ်ပြီး ဤသို့ပြောသည်။

"ပထမပွဲတုန်းကလည်း ကျွန်မတို့ရန်သူတွေကို အနိုင်ရခဲ့တယ်၊ အခု ဒီပွဲမှာလည်း ရန်သူတွေကို သုတ်သင်နိုင်ခဲ့တယ်၊ ရတနာတွေဟာ ကျွန်မတို့အရှင်သခင်တွေ ပိုင်တဲ့ပစ္စည်းတွေဆိုတော့ တိုင်းတစ်ပါးသားတွေရဲ့လက်ထဲကို ဘယ်နည်းနဲ့မှ အပါ



www.burmeseclassic.com

www.burmeseclassic.com



မခံနိုင်ပါဘူး၊ အသက်နဲ့လဲပြီး ကာကွယ်စောင့်ရှောက်ရမှာပါပဲ”

“မှန်ပါတယ် မိန်ကလေး”

“အခု ဒီဂူထဲမှာ ရတနာပစ္စည်းတွေရှိမှန်း သူတို့သိသွားကြပြီဆိုတော့ လက်ရှိထားတဲ့နေရာမှာ ထားလို့တော့ မဖြစ်တော့ဘူး”

“ဘယ်နေရာမှာ ရွှေ့ထားမလဲ”

“ဒီဂူထဲမှာပဲ လုံခြုံစိတ်ချရတဲ့နေရာတွေ အများကြီးရှိပါတယ်၊ တစ်နေရာမှာ ရွှေ့ထားရင် ပိုပြီးစိတ်ချရပါမယ်၊ နောက်ပြီး ဒီပက,ကိုလည်း တခြားမှာ ရွှေ့ပြီးနေခိုင်းမှ သူ့အတွက် အန္တရာယ်ကင်းမယ်”

“မှန်ပါတယ်”

ထို့နောက်မှာတော့ သရဖီကပင် ဦးဆောင်ပြီး လျှို့ဝှက်သော ဂူပေါက်တစ်ခုသို့ ခေါ်သွားလေသည်။

ထိုဂူပေါက်ရှိသောနေရာမှ နာရသန်တို့ တက်လာသည့် ကျောက်လမ်းထိပ်၌ ရှိသောဂူပင်ဖြစ်၏။

ထိုဂူအတွင်း ရောက်သောအခါ ရေညှိများ ဒုတက်နေသော ကျောက်နံရံတစ်ခုမှ အမှတ်အသား ပြုထားသောနေရာသို့သွားပြီး အပေါ်မှ ရေညှိများကို ဖယ်လိုက်သည့်အခါ ပိတ်ထားသော ကျောက်ပြားတစ်ချပ်ကို တွေ့ရသည်။ ထိုကျောက်ပြားကို ဖွင့်လိုက်သောအခါ အတွင်း၌ သေတ္တာနှစ်လုံးရှိသည်။

သရဖီက သူ့လူများကို ထိုသေတ္တာနှစ်လုံးကို အပြင်သို့ ထုတ်ခိုင်းသည်။





သေတ္တာများမှာ ကြေးနီဖြင့် ပြုလုပ်ထားပြီး အနံနှစ်ပေ စောက်တစ်ပေ၊ အလျားနှစ်ပေကျော်ခန့် ရှိသည်၊ သေတ္တာအဖုံးများ ဖွင့်လိုက်သောအခါ အတွင်း၌ နန်းစဉ်ရတနာများကို တွေ့ကြရလေသည်။

နီမောင်တို့မှာ တစ်သက်နှင့်တစ်ကိုယ် ထိုမျှလောက်များပြားလှသော ရတနာများကို မမြင်ဖူး မတွေ့ဖူးသောကြောင့် အံ့ဩသွားကြလေသည်။

ထို့နောက်မှာတော့ ထိုရတနာသေတ္တာနှစ်လုံးကို သယ်ယူပြီး ဂူအတွင်းပိုင်းသို့ ဝင်ခဲ့ကြသည်။

ဂူအတွင်းပိုင်းသို့ သွားသောလမ်းများမှာ အတော်ပင် ရှုပ်လျှားလေရာ လမ်းမသိဘဲနှင့် သွားပါက မျက်စိလည်ပြီး အပြင်သို့ ပြန်ထွက်နိုင်ရန် မလွယ်လှပေ။

ထို့ပြင် လမ်းများကလည်း အတော်ပင် ရှည်သည်။ တစ်နေရာရောက်တော့ သရဖီက ရပ်လိုက်ပြီး မေးသည်။

“ကျွန်မတို့ အခု ဘယ်နေရာ ရောက်နေပြီလို့ ထင်သလဲ”

“ဘယ်နေရာလဲ မိန်းကလေး”

“ဒါ ဆရာကြီးတို့ နေတဲ့ မန်စေရွာရဲ့အောက်တည့်တည့် နေရာကို ရောက်နေတာပါ”

ထိုစကားကြားသောအခါ အားလုံး အံ့ဩသွားကြလေသည်။

နီမောင်က တစ်စုံတစ်ခုကို သတိရသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ငါတို့ရွာမှာ မြေကို တွင်းဖောက်ရင် အမှောင်တွင်းသို့ ကျရောက်မည်၊ ဘေးအန္တရာယ်ဆိုးများ ရောက်လိမ့်မည်ဆိုပြီး တဘောင်စကားလိုလို ရှိတယ်၊ နောက်ပြီး မန်စေရွာမှာ တွင်းနက်နက် မတူးရတာတို့၊ မြေပေါ်မှာ မီးပုံကြီး မထားရတာတို့၊ မြေကျင်းတွေထဲကို စူးချွန်တွေနဲ့ မထိုးရဘူးဆိုတာတွေက ဘာကြောင့်လဲဟင်"

နီမောင်က မေးသောအခါ သရဖီက ရှင်းပြသည်။

"ရွာရဲ့အောက်မှာ လိုဏ်ခေါင်းတွေ ရှိတယ်၊ တချို့နေရာတွေက မြေပြင်နဲ့ အတော်နီးတယ်၊ အဲဒီလိုဏ်ခေါင်းတွေထဲမှာ ရတနာတွေကို စောင့်ပေးနေတဲ့ ဒီပကလို့ ခေါ်တဲ့ မြွေကြီးက တစ်ခါတစ်လေ ရောက်နေတတ်တယ်"

"ဟင် . . ."

"သူရောက်နေတဲ့အခါ တွင်းနက်နက် တူးမိရင်ပဲဖြစ်ဖြစ်၊ စူးချွန်တွေနဲ့ ထိုးမိရင်ပဲဖြစ်ဖြစ် သူ့ကိုယ်ကို ထိုးမိတတ်တယ်၊ မြေပေါ်မှာ မီးဖိုထားရင်လည်း မီးအပူရှိန်ကြောင့် မြေကြီးက ပူလာရင် သူက မခံနိုင်တော့လို့ လူးလိုက်ရင် မြေတွေပြိုပြီး ရွာပျက်မှာစိုးလို့ တားမြစ်ထားတာပါ"

သည်တော့မှ မန်စေရွာမှာ မည်သည့်အချိန်က ပေါ်ပေါက်နေမှန်း မသိသော ကန့်သတ်ချက်များအကြောင်းကို သိကြရလေတော့သည်။

ထို့နောက်မှာတော့ ၎င်းတို့ယူဆောင်လာသော ရတနာသေတ္တာနှစ်လုံးကို လုံခြုံစိတ်ချရသော နေရာတစ်နေရာတွင် မြှုပ်





နှံလိုက်ကြလေသည်။

ကိစ္စပြီးသောအခါမှ ဂူအတွင်းမှ ပြန်ထွက်လာရာ အပေါက်ဝ ရောက်သောအခါ ဒီပကနှင့် တွေ့ရသည်။

"မင်းနေကောင်းသွားပြီ မဟုတ်လား"

"အေး . . . ကောင်းသွားပါပြီ၊ ငါ့ကို ဆေးကုပေးတဲ့အတွက် မင်းတို့ကို ကျေးဇူးတင်ပါတယ်ကွာ"

"ရပါတယ်ကွာ . . . ကျေးဇူးတင်ဖို့ မလိုပါဘူး၊ မင်းရဲ့ကျေးဇူးတွေလည်း ငါ့အပေါ်မှာ အများကြီး ရှိခဲ့တာပဲ၊ ငါ့အသက်ကို ဝက်ဝံရန်က ကယ်ပေးခဲ့သလို မင်းကို အခုလို ပြန်ပြီး အကူအညီပေးရတာပဲ ငါကျေနပ်ပါတယ်"

"မင်းနဲ့ငါနဲ့က မိတ်ဆွေတွေ ဖြစ်နေကြမှပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က အကူအညီပေးရမှာပေါ့၊ နောက်လည်း မင်းမှာ အကြောင်းကိစ္စရှိလို့ အကူအညီလိုရင် ငါ့ဆီသာ လာခဲ့ပါ၊ ဂူပေါက်ဝကနေ "ဒီပက" ဆိုပြီး ငါ့နာမည်ခေါ်လိုက်ရင် ငါထွက်လာခဲ့ပါ့မယ်"

ဟု ပြောဆိုနှုတ်ဆက်လေသည်။

ထို့နောက်မှာတော့ နေ့မြင်ညပျောက် မိစ္ဆာဂူပေါက်ဝများ ရှိသောနေရာမှ ထွက်လာခဲ့ကြလေသည်။

အပြင်သို့ ရောက်သောအခါ ဦးဗန်ကောင်း၊ စောထီး၊ မဲအောင်အပါအဝင် သူတို့ကို လိုက်ပြီးအကူအညီပေးကြသော ရွာသားများက မန်စေရွာဘက်သို့ ပြန်သွားကြလေတော့သည်။

နီမောင်ကတော့ သရဖီတို့နှင့်အတူ ဂူးဘားရွာဘက်သို့



www.burmeseclassic.com

www.burmeseclassic.com



လိုက်သွားလေသည်။

သရဖီကို စောင့်ရှောက်ပေးနေသော ဖိုးပန်းခနှင့် ကျန်လူများက ရှေ့မှ သွားနှင့်ကြပြီး နီမောင်နှင့်သရဖီတို့က နောက်မှ လိုက်လာကြသည်။

"ငါတို့အတွက် အသက်လောက် အရေးကြီးတဲ့ကိစ္စတွေကို ဝင်ပြီး အကူအညီပေးတဲ့အတွက် နင်အပါအဝင် အားလုံးကို ကျေးဇူးတင်ပါတယ် နီမောင်ရယ်"

ဟု သရဖီက ပြောသည်။

"ဒီလောက် ကျေးဇူးတင်ဖို့ မလိုပါဘူး သရဖီရယ်၊ ငါ့မှာ အရေးကြုံတုန်းကလည်း နင်တို့က ဝင်ပြီးအကူအညီပေးခဲ့တာပဲ၊ အခုလိုကိစ္စမျိုးကို ဝင်ပြီးအကူအညီပေးခဲ့ရလို့ ငါက ဝမ်းသာနေမိတယ်"

ထိုစကားကြားသောအခါ သရဖီက ပြုံးလိုက်သည်။

"ဒါထက် နင်တို့နှစ်ယောက်ရော အဆင်ပြေသွားကြပြီလား"

သရဖီ ဘာကိုမေးမှန်း ရိပ်မိသောကြောင့် ခေါင်းညိတ်ပြလိုက်ရာ သူမက အားနည်းစွာ ပြုံးလိုက်လေသည်။

"နင်တို့ အခုလို အဆင်ပြေသွားတာ ငါဝမ်းသာပါတယ် နီမောင်ရယ်"

စကားတပြောပြောနှင့် လျှောက်လာကြရာ မကြာမီ ဂူးဘားရွာနှင့် မနီးမဝေးနေရာသို့ ရောက်လာကြသည်။ အချိန်မှာ ညနေပိုင်းအချိန်ရောက်နေပြီမို့ အနောက်ဘက်တွင် ရှိသော





တောင်တန်းကြီးများပေါ်မှာ ဆည်းဆာရောင်များ တောက်နေကြသည်။

သို့သော် ပတ်ဝန်းကျင်မှာ မြူနှင်းများ ဝေ့ဆိုင်းနေသောကြောင့် အလင်းရောင်များက ဖျော့တော့လျက်ရှိသည်။ သရဖီတို့နေသောနေရာမှာ ရွာအနောက်ဘက်တွင်ရှိပြီး ဟေမာတို့နေသောနေရာက အရှေ့ဘက်မှာ ရှိသည်။ သူတို့ရောက်နေသောနေရာက ရွာအလယ်နေရာလောက်တွင်ဖြစ်သည်။

ထိုလမ်းဆုံရောက်တော့ နှစ်ယောက်သား မတိုင်ပင်ရပါဘဲ ငြိုင်တူလို ရပ်လိုက်သည်။

ပြီးလျှင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြလေသည်။

စကားမဆိုသာသော်လည်း တစ်ယောက်ရင်ထဲမှ ခံစားချက်ကို တစ်ယောက်က နားလည်နေသည်။

ထိုနေရာသည် သူတို့နှစ်ယောက် လမ်းခွဲကြရမည့် နံ့သာမြိုင်လမ်းခွဲဆိုက မမှားပေ။

"နင်သွားတော့လေ"

သရဖီက ဆို့နင့်သောအသံဖြင့် ပြောလိုက်သည်။

နီမောင်က ခေါင်းညိတ်ပြလိုက်ရင်း. . .

"ငါသွားတော့မယ်"

ဟု နှုတ်ဆက်လိုက်သည်။

ထို့နောက်. . .

ရီဝေသောအကြည့်ဖြင့် သရဖီကို ကြည့်လိုက်ပြီး ထိုနေ



www.burmeseclassic.com

www.burmeseclassic.com



ရာမှ ထွက်လာခဲ့သည်။

အနည်းငယ် ဝေးသောနေရာရောက်မှ လှည့်ကြည့်လိုက်တော့ မူလနေရာမှာပင် ရပ်နေသော သရဖီ၏ပုံရိပ်ကို ဝိုးတဝါး လှမ်းမြင်ရသေးသည်။

"ငါ့ကို ခွင့်လွှတ်ပါတော့ သရဖီရယ်၊ တကယ်တော့ ဒီလို လမ်းခွဲနေရာမျိုးမှာ ငါ နင့်ကို နှုတ်မဆက်ချင်ပါဘူး၊ ဒါပေမယ့် ငါတို့ရဲ့ဘဝကံကြမ္မာက ဒီလောက်နဲ့ပဲ တစ်ခန်းရပ်ရတော့မှာမို့ ငါ့ကို ခွင့်လွှတ်ပေးပါတော့ နှံ့သာမြိုင်လမ်းခွဲက ကျန်ရစ်ခဲ့သူရယ်"

ဟု တိုးတိုးလေး ရေရွတ်ရင်း ဟေမာတို့နေအိမ် ရှိရာဘက်သို့ ထွက်လာခဲ့လေတော့သည်။


ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နှံ့သာမြိုင်အလွမ်း) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတု သုခိအတ္တာနံ ပရိဟာရန္တု။

ပြီး

စာပြီးချိန်။ ။(၂၀၁၁)ခုနှစ်၊ ဒီဇင်ဘာလ(၁၁)ရက်၊ တနင်္ဂနွေနေ့၊ နေ့လည်(၂)နာရီ

☺ အောင်မြင်စာပေ ☺



www.burmeseclassic.com